Information ▪ Communication ▪ Technology ▪ Lifestyle

# Digital life

Technology Journal

volume : 02 issue : 11

21 July 2013

» မိုဘိုင်းလ်ဖုန်းမှ မက်ဆေ့ချ်ပို့ရုံနှင့် အင်တာနက်လျှောက်နိုင် [Page - 2]

» နောက်ထပ်ချထားပေးမည့် တန်ဖိုးနည်း ဖုန်းကတ်မှာ GSM ဖြစ် [Page - 2]

» Telenor ၏ ဖုန်းပြောခမှာ တစ်မိနစ် (၂၅)ကျပ်ဟု ဆို [Page - 5]




## အကောင်းဆုံးဖုန်းကင်မရာနဲ့ NOKIA

[Page - 31]

တစ်ချိန်က ပြည်တွင်းမိုဘိုင်းလ်လောကမှာ သရဖူဆောင်းခဲ့တဲ့ NOKIAဟာ လတ်ရှိ အချိန်မှာတော့ မီးခဲပြာဖုံးဖြစ်နေပါတယ်။ ဒါပေမယ့် ကောင်းမွန်ခိုင်ခံ့တဲ့ကိုယ်ထည်အရည်အသွေး ပြတ်သားတိကျတဲ့ ကင်မရာတို့နဲ့အတူ Lumia 1020ကို ထုတ်လုပ်ပြီး ဈေးကွက်ကို တစ်ကျော့ပြန်ကိုင်လှုပ်ဖို့ ကြိုးပမ်းလာပါပြီ။ ကုမ္ပဏီရဲ့ အဆိုအရ ပုံမှာပြထားတဲ့ မှန်ဘီလူးတွေအားလုံးပေါင်းမှ ရနိုင်မယ့် Zoomအနေအထားကို Lumia 1020က ဆောင်ကြဉ်းပေးနိုင်တယ်လို့ သိရပါတယ်။

TOTAL TECHNOLOGY ENGINEERING CO., LTD

Panasonic ORIGINAL 1 YEAR WARRANTY

Authorized Panasonic Distributor in Myanmar

TELECOMMUNICATION SYSTEM
CCTV & DVR SYSTEM
SERVICING & MAINTENANCE
PA SYSTEM & CONFERENCE MIC SYSTEM
FIRE ALARM SYSTEM NOTIFIER by Honeywell
ACCESS CONTROL SYSTEM

SHOWROOM & SERVICE CENTER YANGON: No.76,Damaryone Street,Sanchaung Tsp,Yangon/ Tel : 01-524969, 01- 682053, 09 - 5174322,09 - 5091551,09-5504551,09-43123501 sales-tteng@myanmar.com.mm,tt.eng.mm@gmail.com,ttes@myanmar.com.mm,www.ttengineeringmm.com

BRANCH OFFICE NAYPYITAW: Pa/155,Thapyay Kone Market,Zabu Thiri Township,Tel : 067 - 432195

Panasonic OA & COMMUNICATION AUTHORIZED DISTRIBUTOR

# LOCAL NEWS

## SIM CARD တန်ဖိုးနည်း GSM Simcard များ ရောင်းချသွားမည်




မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၂၀၁၃ ခုနှစ် ဇူလိုင် ၂၅ ရက်နေ့တွင် တန်ဖိုးနည်း GSM Simcard များကို အများပြည်သူထံသို့ ထပ်မံရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးမှတစ်ဆင့် သိရှိရသည်။

လက်ရှိကာလတွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း MEC TEL အမှတ်တံဆိပ် ငွေကျပ် (၁၅၀၀) တန် တန်ဖိုးနည်း Simcard အရေအတွက် (၁) သိန်းဝန်းကျင်နီးပါး ရောင်းချပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ တန်ဖိုးနည်း Simcard များကို သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသများအလိုက် ခွဲတမ်းစနစ်ဖြင့်ရောင်းချပေးခဲ့ခြင်းကြောင့် ပြင်ပပေါက်ဈေးမြင့်မားစွာဖြင့် ရောင်းချခဲ့ခြင်းများရှိကြောင်း မိုဘိုင်းလ်ဈေးကွက်အတွင်းကတစ်ဆင့် ကြားသိရသည်။

"အရင်တုန်းကရောင်းချခဲ့တဲ့ တန်ဖိုးနည်း Simcard တွေဆိုရင် အနည်းဆုံးငွေကျပ်လေးသောင်းဝန်းကျင်ကနေစပြီး တစ်သိန်းခွဲအထိ ရန်ကုန်မှာပြင်ပဈေးပေါက်သလို မန္တလေးမှာဆိုရင် အနည်းဆုံးငွေကျပ် နှစ်သိန်းအထိ နံပါတ်ပေါ်မူတည်ပြီး ပြင်ပပေါက်ဈေးရှိခဲ့ပါတယ်။ အခု GSM Simcard တွေ ထပ်မံချထားပေးသလို ဈေးကလည်း သက်သာမယ်ဆိုရင် အပြင်ပေါက်ဈေးကတော့ အရင် Simcard တွေထက် ဈေးမြင့်မယ်လို့ထင်ပါတယ်" ဟု ကျောင်းဆရာတစ်ဦးဖြစ်သူ ဦးဝဏ္ဏကျော်က ပြောကြားခဲ့သည်။

ယခုထပ်မံရောင်းချသွားမည့် တန်ဖိုးနည်း Simcard များအနေဖြင့် GSM Simcard အရေအတွက် စုစုပေါင်း နှစ်သိန်းနှင့် CDMA 800MHz Simcard အရေအတွက် စုစုပေါင်း တစ်သိန်းခွဲကို သက်ဆိုင်ရာနေရာဒေသအလိုက် မဲနှိုက်စနစ်ဖြင့်အကန့်အသတ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတ၏ညွှန်ကြားချက်များအရ တန်ဖိုးနည်း မိုဘိုင်းလ်ဖုန်း Simcard များကို ငွေကျပ် ၁,၅၀၀ (ဖုန်းပြောဆိုခ ၃၀၀ ကျပ်အပါအဝင်) ဖြင့် ၂၀၁၃ ခုနှစ် ဧပြီ (၂၄) ရက်က စတင်ရောင်းချပေးခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အာဆီယံဒေသအတွင်း အဆင့် (၁၀) နေရာတွင် ရပ်တည်လျက်ရှိပြီး ရာခိုင်နှုန်းအားဖြင့် နိုင်ငံ၏လူဦးရေ ၇. ၀၈ ရာခိုင်နှုန်းကျော်သာ မိုဘိုင်းလ်ဖုန်းသုံးစွဲနိုင်သည်။ ဆက်သွယ်ရေးကဏ္ဍမြှင့်တင်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တယ်လီဖုန်းသုံးစွဲသူသိပ်သည်းဆ ၂၂. ၈ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တယ်လီဖုန်းသုံးစွဲသူသိပ်သည်းဆ ၅၀ ရာခိုင်နှုန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တယ်လီဖုန်းသုံးစွဲသူသိပ်သည်းဆ ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ တိုးလာစေရန် စီမံကိန်းရေးဆွဲထားပြီးဖြစ်သည်။

**အောင်ရဲကျော်**

## မိုဘိုင်းလ်ဖုန်းမှတစ်ဆင့် အင်တာနက် လျှောက်ထားနိုင်

မိုဘိုင်းလ်ဖုန်းမှတစ်ဆင့် အင်တာနက်အသုံးပြုလိုသူများအနေဖြင့် ၂၀၁၃ ခုနှစ်၊ ဩဂုတ် (၁) ရက်မှစတင်၍ သက်ဆိုင်ရာဆက်သွယ်ရေးရုံးများသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားစရာမလိုပဲ မိုဘိုင်းလ်ဖုန်းမှတစ်ဆင့် တိုက်ရိုက်လျှောက်ထားနိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်စိုးကပြောကြားခဲ့သည်။ လက်ရှိကာလတွင် မိုဘိုင်းလ်ဖုန်းမှတစ်ဆင့် အင်တာနက် အသုံးပြုလိုသူများအနေဖြင့် သက်ဆိုင်ရာဆက်သွယ်ရေးရုံးများတွင် စာရွက်စာတမ်းအပြည့်အစုံဖြင့် ဝန်ဆောင်ခငွေကျပ် (၁၀၀၀၀) ပေးသွင်း၍ လျှောက်ထားနိုင်သော်လည်း အချိန်ကုန်ဆုံးခြင်းနှင့်တကွ လူပင်ပန်းခြင်းများဖြစ်ပေါ်လျက်ရှိသောကြောင့် လူအများစုအနေဖြင့် အဆင်မပြေမှုများရှိကြောင်း သိရသည်။

မိုဘိုင်းလ်ဖုန်းမှတစ်ဆင့် အင်တာနက်လျှောက်ထားရာတွင် ကနဦးလျှောက်ထားမှုအတွက် ယခင်အင်တာနက်လျှောက်ထားစဉ်ပေးဆောင်ရမည့် ငွေကျပ်(၁၀၀၀၀)ကို မိုဘိုင်းလ်ဖုန်းအတွင်းရှိ ကြိုတင်ငွေဖြည့်ကတ်ထဲမှ တစ်ဆင့် ပေးသွင်းရမည်ဖြစ်သည်။ ထို့ကြောင့် မိုဘိုင်းလ်ဖုန်းမှတစ်ဆင့် အင်တာနက်လျှောက်ထားလိုသူများ အနေဖြင့် ငွေဖြည့်ကတ်ထဲတွင် ငွေကျပ် (၁၀၀၀၀) ထားရှိရမည်ဖြစ်သည်။ Message ပို့ပြီး အင်တာနက်လျှောက်ထားနိုင်ပြီဖြစ်ကာ အဆိုပါ message ကို လျှောက်ထားလိုသူများအနေဖြင့် message နံပါတ် ၁၃၃ ကို နှိပ်နှိပ်လျှောက်ထားရမည်ဖြစ်သည်။

အဆိုပါ message ပို့ လျှောက်ထားပြီး စက္ကန့်အနည်းငယ်အတွင်း အင်တာနက်လျှောက်ထားမှုအတွက် လက်ခံရရှိကြောင်းကို "You have ordered data service successfully" ပါ ဆိုသည့် message ကို ပြန်လည်ပို့ပေးမည်ဖြစ်သည်။

**အောင်ရဲကျော်**



# TOSHIBA

**Leading Innovation**

**Toshiba recommends Windows 8.**

***Satellite* U840t**

***Satellite* P840t**

***Satellite* U920t**



Aesthetically Stunning Design · NVIDIA® GeForce® GT 630M Graphics with Optimus Technology (est 2GB VRAM) · Harman Kardon® Stereo Speakers with SRS® Premium Sound™ 3D · Extended Battery Life · Unrivalled Entertainment Features · 10-Point Multi-Touch Panel

10-Point Multi-Touch Panel · Backlit LED Tile Keyboard · Ultra-long Battery Life · SRS® Premium Sound™ 3D · Aluminium Chassis

Unique Convertible Design · Adaptive Tablet Technology · Corning® Gorilla® Glass · New and Improved SSD · Near-Field Communication · 10-Point Multi-Touch Panel

# *Satellite* SERIES

## WITH TOUCHSCREEN TECHNOLOGY

| SPECIFICATIONS | SATELLITE P840t | SATELLITE U840t | SATELLITE U920t |
|---|---|---|---|
| CPU Technology | Intel® Core™ i5-3317U (1.7GHz, up to 2.6GHz, 3M Cache) | Intel® Core™ i5-3337U (1.8GHz, up to 2.7GHz, 3M Cache) | Intel® Core™ i5-3317U (1.7GHz, up to 2.6GHz, 3M Cache) |
| Operating System | Windows 8 | Windows 8 | Windows 8 |
| System Memory | 4096MB DDR3 1600MHz SDRAM expandable to 16384MB | 4096MB DDR3 1600MHz SDRAM | 4096MB DDR3 1600MHz SDRAM |
| Hard Disk | 750GB (SATA) with 3D HDD Motion Sensor | 500GB (SATA) +32GB SSD (integrated) with shock absorbers HDD | 128GB Solid State Drive |
| Display | 14.0" WXGA HD Clear SuperView LED Backlight TFT display (16:9), resolution 1,366 x 768 | 14.0" WXGA HD Clear SuperView LED Backlight TFT display (16:9), resolution 1,366 x 768 | 12.5" WXGA HD Clear SuperView LED Backlight TFT IPS display (16:9) with 5-point touch, resolution 1,366 x 768 |
| Graphics | NVIDIA® GeForce® GT630M with Optimus Technology | Intel® HD Graphics 4000 | Intel® HD Graphics 4000 |

Authorized Distributor

**ROYAL SMART TRADING CO., LTD.** Tel: 01-249909, 240110

**TOSHIBA PARTNER SHOPS:** • **Asia Tech** Tel: 01- 392951, 392952 • **Citicom** Tel: 01-374544, 01-240620 • **Eastern** Tel: 01-377259, 01-398224 • **GAT** Tel: 01-376745, 09-73172588 • **ICE** Tel: 01-215353, 01-214808 • **INNWA** Tel: 01-391511, 01-385183 • **KSW** Tel: 01-398037 • **Life Mark** Tel: 01-391690, 01-391691 • **Media Link** Tel: 01- 386940 • **Technoland** Tel: 09-73024327, 09-73024328 • **Unique** Tel: 01-398436, 09-73171212

ToshibaNotebookPC ToshibaNotebook pc.toshiba-asia.com

**Powered by Intel® Core™ i5 Processor**

TOSHIBA eco style

© 2013 Toshiba Singapore Pte Ltd, Digital Products and Services Division (South and Southeast Asia Regional Headquarters). Ultrabook, Celeron, Celeron Inside, Core Inside, Intel, Intel Logo, Intel Atom, Intel Atom Inside, Intel Core, Intel Inside, Intel Inside Logo, Intel vPro, Itanium, Itanium Inside, Pentium, Pentium Inside, vPro Inside, Xeon, Xeon Phi, and Xeon Inside are trademarks of Intel Corporation in the U.S. and/or other countries. Microsoft, Windows, Windows Vista, Windows 7, Windows 8 and OneNote are either registered trademarks or trademarks of Microsoft Corporation in the United States and other countries. All other products and names mentioned are the property of their respective owners. Availability and configurations may vary by region. While Toshiba has made every effort at the time of the press announcement to ensure the accuracy of the information provided herein, product specifications, configurations, warranty, pricing, system/component/options availability are all subject to change without prior notice. Toshiba will not be liable for editorial, pictorial, and typographical errors. For online warranty registration, please visit www.pc.toshiba-asia.com/registeronline. RCB No. 197401688Z

intel inside CORE i5

INSPIRED BY ELEGANCE. DESIGNED BY TECHNOLOGY

designedbytechnology.com

# LOCAL NEWS

## MOBILE OPERATOR Telenor Myanmar ၏ အမှုဆောင်စီမံခန့်ခွဲမှုအဖွဲ့ စတင်ဖွဲ့စည်း



နော်ဝေးနိုင်ငံအခြေစိုက် Telenor Group သည် Mr. Petter Furberg ကို Telenor myanmar ၏ အမှုဆောင်အရာရှိချုပ် (CEO) အဖြစ် ၂၀၁၃ ခုနှစ် ဇူလိုင်(၁၂)ရက်နေ့တွင် ခန့်အပ်ထားရှိကြောင်း Telenor Group က သတင်းထုတ်ပြန်ခဲ့သည်။

လက်ရှိအချိန်တွင် Mr. Petter Furberg သည် Telenor Group ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်ထားရှိသောdtacကုမ္ပဏီတွင် ဘဏ္ဍာရေးအရာရှိချုပ် အဖြစ်တာဝန်ယူထားရှိသည်။ အဆိုပါ dtac သည် ထိုင်းနိုင်ငံ၏ ဒုတိယအကြီးဆုံး မိုဘိုင်းလ်အော်ပရေတာတစ်ခု ဖြစ်သည်။ ထို့အပြင် Telenor Group သည် မြန်မာတစ်နိုင်ငံလုံးအတွက် အကျိုးအမြတ်ဖြစ်ထွန်းစေမည့် ခေတ်မီတယ်လီဖုန်းဆက်သွယ်ရေး ကွန်ရက်နှင့်တကွ သက်ဆိုင်ရာဝန်ဆောင်မှုများကို လျင်မြန်စွာစတင်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

"မြန်မာနိုင်ငံမှာ လုပ်ငန်းအသစ်ကို အောင်မြင်စွာစတင်နိုင်ဖို့အတွက် ခေါင်းဆောင်ကောင်းတွေကို Telenor ရဲ့ အတွေ့အကြုံအရှိဆုံးနဲ့အရည်အချင်းပြည့်ဝတဲ့ အမှုဆောင်အဖွဲ့ဝင်တွေကနေ Mr. Petter Furberg ကို ရွေးချယ်ခဲ့တာပါ။ သူ့ရဲ့ (၁၀)နှစ်ကျော်အာရှလုပ်ငန်း အတွေ့အကြုံအပါအဝင် Telenor Group မှာလုပ်ခဲ့တဲ့ အောင်မြင်မှုတွေက သက်သေပါ။ ဒါကလည်း လုပ်ငန်းကျွမ်းကျင်မှုတွေကြောင့် အောင်မြင်ရခြင်းဖြစ်ပြီး ယခုလိုမျိုး Mr. Petter Furberg ကို ဦးဆောင်ဖို့တာဝန်ပေးရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုအောင်မြင်စေရန် အထောက်အကူပြုနိုင်မယ့် ဆက်သွယ်ရေးလုပ်ငန်းတွေကို တည်ဆောက်ရာမှာ Telenor Group ရဲ့အတွေ့အကြုံများနဲ့ အဆန်းသစ်ဆုံးနည်းပညာတွေကို အသုံးပြုပြီး ကူညီဆောင်ရွက်သွားဖို့အတွက် ယခုလိုမျိုးအမှုဆောင်အဖွဲ့ကိုဖွဲ့စည်းထားရှိခြင်းဖြစ်ပါတယ်" ဟု Telenor Group ၏ အာရှဒေသဆိုင်ရာအကြီးအကဲနှင့် ဒုတိယအမှုဆောင်ဥက္ကဋ္ဌ Mr.Sigve Brekke က ပြောကြားခဲ့သည်။

ထို့အပြင် Telenor Myanmar ၏ အမှုဆောင်ချုပ် (CEO) ဖြစ်သူ Mr.Petter Furberg က " Telenor Group ရဲ့ အဓိကအခြေခံ စည်းမျဉ်းထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ "ပြည်သူ့ဝပိုမြူ" လုပ်ငန်းသဘောထားကို အခြေခံပြီးတော့ Telenor Group က လုပ်ကိုင်သွားမှာပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အနေနဲ့လူတွေရဲ့အရည်အချင်း၊ ကုမ္ပဏီပေါ်အလေးထားမှုနဲ့ ယုံကြည်ချက်တွေဟာကျွန်တော်တို့ရဲ့ Telenor Group အောင်မြင်မှုအခြေခံတွေပဲလို့ ယုံကြည်ထားရှိလို့ပါ။ဒီလိုအချက်အလက်တွေဟာ ကျွန်တော်တို့လုပ်ငန်း လုပ်ကိုင်တဲ့ ဈေးကွက်တိုင်းမှာ ကိုင်သုံးခဲ့တာတွေပါ။ မြန်မာနိုင်ငံမှာလည်း ဒီလိုပဲလုပ်ကိုင်သွားမှာပါ။ ဒါဟာ မြန်မာပြည်မှာ ရှိတဲ့ဝန်ထမ်းတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်နှီးမြှုပ်နှံချက်တစ်ခု ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

Mr. Petter Furberg သည် လွန်ခဲ့သော(၁၄)နှစ်ကာလကစတင်ပြီး Telenor Group တွင် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး အကြီးတန်းစီမံခန့်ခွဲမှု တာဝန်များထမ်းဆောင်ခဲ့သည်။ ထို့အပြင်ထိုင်းနိုင်ငံ ဒုတိယအကြီးဆုံး မိုဘိုင်းလ်အော်ပရေတာတစ်ခုဖြစ်သော dtac တွင် ဘဏ္ဍာရေးအရာရှိချုပ်၊ကုန်ပစ္စည်းတိုးတက်ဖွံ့ဖြိုးမှု၊ ရောင်းချရေးနှင့် ဈေးကွက်ရှာဖွေရေးတို့အတွက် ကြီးကြပ်ကွပ်ကဲရသော ဈေးကွက်ရှာဖွေချဲ့ထွင်ရေး အရာရှိချုပ်တာဝန်များတွင်ပါဝင်လုပ်ဆောင်ခဲ့ကြောင်းသိရှိရသည်။

Telenor Myanmar အမှုဆောင်စီမံခန့်ခွဲမှု အဖွဲ့၏ အခြားအဖွဲ့ဝင်များ ခန့်အပ်ထားခြင်းအား မြန်မာနိုင်ငံအစိုးရ၏ အတည်ပြုမှုကိုစောင့် ဆိုင်းလျက်ရှိသည်။ Telenor Group အမှုဆောင်စီမံခန့်ခွဲမှု အဖွဲ့အနေဖြင့် Mrs.Tipayarat Kaewsringarm ကို Chief People Officer အဖြစ်လည်းကောင်း၊ Mr. lars Erik Tellmannကိုဘဏ္ဍာရေးအရာရှိချုပ်အဖြစ်လည်းကောင်း Mr. Sharad Mehrotra ကို ဈေးကွက်ရှာဖွေချဲ့ထွင်ရေးအရာရှိချုပ်အဖြစ်လည်းကောင်း၊ Mr. Gunner Bertelsen ကို ကုမ္ပဏီ လုပ်ငန်းများဆိုင်ရာ အရာရှိချုပ်အဖြစ်လည်းကောင်းအသီးသီးခန့်အပ်ထားရှိသည်။

Telenor Group နှင့် ပတ်သက်၍အသေးစိတ်သိရှိလိုပါက www.telenor.com တွင်ဝင်ရောက်ကြည့်ရှုနိုင်သည်။

ဖြိုးသူ



# LOCAL NEWS

## MOBILE OPERATOR — တစ်မိနစ်(၂၅)ကျပ်ဖြင့် Telenor က ဝန်ဆောင်မှုပေးမည်




နော်ဝေးနိုင်ငံတွင် နှစ်ပေါင်း ၁၅၀ နီးပါး နည်းပညာကဏ္ဍတွင် လုပ်ကိုင်ခဲ့ပြီး အာရှဒေသတွင် ၁၆ နိုင်ငံနီးပါး လုပ်ကိုင်ခဲ့ပြီးသော Telenor Group အနေဖြင့် မြန်မာနိုင်ငံအတွင်း အော်ပရေတာလိုင်စင် ရရှိပြီးပါက ရှစ်လအတွင်း မိုဘိုင်းလ်ကွန်ရက်ကို အများပြည်သူများအသုံးပြုနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း Telenor Myanmar က သတင်းထုတ်ပြန်ထားသည်။

Telenor Myanmar အနေဖြင့် မိုဘိုင်းလ်ကွန်ရက်အတွက် 2G နှင့် 3G များကို တစ်ပြိုင်နက်ထား၍ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ တစ်နှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး မိုဘိုင်းလ်ကွန်ရက်လွှမ်းခြုံသွားရန် ပြင်ဆင်ထားရှိကြောင်း၊ ငါးနှစ်တာကာလအတွင်း အသံပိုင်းဆိုင်ရာ voice နှင့် သတင်းအချက်အလက်ဒေတာများ မိုဘိုင်းလ်ကွန်ရက်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Telenor Myanmar ၏ CEO Mr.Petter Furberg က ရှင်းလင်းပြောကြားထားခဲ့သည်။

Telenor Myanmar အနေဖြင့် simcard ရောင်းချသွားမည့် နေရာဌာနစုစုပေါင်း ခုနစ်သောင်းနှင့် ငွေဖြည့်ကတ်များရောင်းချသွားမည့်နေရာဌာန ကိုးသိန်းမှ ဆယ်သိန်းဝန်းကျင်ကို မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော်ထားရှိသွားမည် ဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ လူတိုင်းအင်တာနက်အသုံးပြုနိုင်ဖို့ ပြင်ပအော်ပရေတာ အင်တာနက်လိုင်းကောင်းအောင် အဓိကထားပြီး ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ပြည်တွင်း developerတွေကိုလည်း နိုင်ငံတကာဈေးကွက်ရောက်တဲ့အထိ အောင်မြင်မှုတွေ ရရှိသွားနိုင်ရန် Telenor Myanmar က ရည်မှန်းထားပါတယ်" ဟု Mr.Petter Furberg က ထပ်မံပြောကြားသွားခဲ့သည်။

ထို့အပြင် Telenor Group အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် နောက်ဆုံးဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းလိုင်စင် ရရှိမှသာလျှင် Telenor Group ၏ မိုဘိုင်းလ်ကွန်ရက်ကို အကောင်အထည်ဖော်နိုင်ပြီး Simcard များကို ချထားပေးသွားမည်ဖြစ်ကြောင်း 3G Network ကို စီးပွားရေးဖွံ့ဖြိုးသောဒေသများတွင် ချထားပေးသွားမည်ဖြစ်ပြီး 2G Network ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ချသွားပေးမည်ဖြစ်ကြောင်း Mr. Petter Furberg က ရှင်းလင်းပြောကြားခဲ့သည်။

Telenor Group ၏ Simcard များအနေဖြင့် အသံပိုင်းဆိုင်ရာဝန်ဆောင်မှု voice နှင့် သတင်းအချက်အလက်ပိုင်းဆိုင်ရာဝန်ဆောင်မှု data အတွက် အကောင်းဆုံးဖော်ဆောင်သွားမည်ဖြစ်ပြီး တစ်မိနစ်လျှင် ငွေကျပ် ၂၅ ကျပ်နှုန်း သတ်မှတ်ထားရှိမည်ဖြစ်သည်။ ထို့ပြင် အဆိုပါ simcard များအသုံးပြုသူများအနေဖြင့် အင်တာနက်ဝန်ဆောင်မှုကိုပါ ရရှိသွားမည်ဖြစ်ကြောင်း Telenor Myanmar က သတင်းထုတ်ပြန်ထားရှိသည်။ Telenor Myanmar နှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက www.facebook.com/telenormyanmar တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ ***အောင်ရဲကျော်***

## ပင်မအော်ပရေတာနှစ်ဦး ဝန်ကြီးဌာန အောက်တွင်မရှိစေရန် အဓိကထားဆွေးနွေး

ပြည်တွင်းဆက်သွယ်ရေးကဏ္ဍအတွက် အရေးပါသော ဆက်သွယ်ရေးဥပဒေမူကြမ်းကို လွှတ်တော်သို့ တင်ပြထားသည်။ အဆိုပါဆက်သွယ်ရေးဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုထားရှိပြီး လာမည့်လွှတ်တော်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သည်။ အဆိုပါ ဆက်သွယ်ရေးဥပဒေမူကြမ်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးရန် ဆန္ဒရှိသူများက ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၁၂ ရက်နေ့မှ စတင်ကာ ဇူလိုင်၁၅ရက်နေ့အထိ နေ့စဉ် ၁၃နာရီမှ ၁၈နာရီအတွင်း နေပြည်တော်လွှတ်တော်ဝင်းအတွင်းရှိ ဥပဒေမူကြမ်းကော်မတီရေးရာအဆောင်၊ အမှတ်(I-2)သို့ လာရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ အဆိုပါဆွေးနွေးပွဲကို မြန်မာပြည်တွင်းရှိ နည်းပညာအသိုင်းအဝိုင်းက တတ်သိပညာရှင်များအပြင် Redlink, Elite, MIDO တို့က တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ဦးခွန်ဦး၊ ဦးဇော်မင်းဦး အစရှိသောပညာရှင်များတက်ရောက် ဆွေးနွေးခဲ့ကြသည်။

"ကျွန်တော်တို့အဓိကထားပြီး ပြောဆိုဆွေးနွေးခဲ့တဲ့အချက်ကတော့ အခုကျွန်တော်တို့ဆီမှာ မိုဘိုင်းလ်ဆက်သွယ်ရေးအတွက် အော်ပရေတာလိုင်စင်ရရှိထားပြီး ပြည်ပကုမ္ပဏီ ၂ ခုဖြစ်တဲ့ နော်ဝေးနိုင်ငံအခြေစိုက် Telenor Group နဲ့ ကာတာနိုင်ငံအခြေစိုက် Ooredoo (Q tel) တို့ကို ဝန်ကြီးဌာနလက်အောက်မှာမထားရှိဘဲ မိုဘိုင်းလ်ဆက်သွယ်ရေးကွန်ရက်အတွက် လုပ်ဆောင်နိုင်ရန် အဓိကထားပြီး ပြောဆိုဆွေးနွေးခဲ့ပါတယ်" ဟု ဦးခွန်ဦးက ပြောကြားခဲ့သည်။

ထို့အပြင် ဆက်သွယ်ရေးပစ္စည်းများအနေဖြင့် လျှပ်စစ်အသုံးပြုလူသုံးကုန်ပစ္စည်းများကို လိုင်စင်လျှောက်ထားမှုနှင့်ပတ်သက်၍ "Consumer သုံး လျှပ်စစ်ပစ္စည်းတွေနဲ့ပတ်သက်ပြီး Type Register တစ်ခါပြုလုပ်ထားရုံနဲ့ အဲဒီပစ္စည်းကို တစ်ခြားသူတွေ ဘယ်သူတွေမဆို တင်သွင်းခွင့်ရအောင် လုပ်ပေးမယ်ဆိုတဲ့အချက်နဲ့ပတ်သက်ပြီးထည့်သွင်းဆွေးနွေးခဲ့ပါတယ်"ဟု ဦးဇော်မင်းဦးက ပြောကြားခဲ့သည်။

***အောင်ရဲကျော်***



# LOCAL NEWS

WEBSITE LAUNCH

## စီးပွားရေးလုပ်ငန်းများအသုံးပြုနိုင်မည့် website အသစ် စတင်ထူထောင်




မိမိသွားလိုရာနေရာများ၊ အစားအသောက်များ၊ shopping center များ ခရီးသွားဝန်ဆောင်မှုများနှင့် ဟိုတယ်များအပြင် အခြားအခြားသော နေရာဒေသများနှင့် လုပ်ငန်းအကြောင်းအရာများကို အလွယ်တကူကြည့်ရှုနိုင်ရန် Golden Place Website ကို စတင်ထူထောင်ခဲ့ပြီးကြောင်း သိရှိရသည်။

အဆိုပါ website သည် ဇူလိုင် (၉) ရက်နေ့တွင် စတင်ဖွင့်လှစ်ထားပြီး website အတွင်းသို့ အလွယ်တကူကြည့်ရှုနိုင်ပြီး အကြံဉာဏ်ကောင်းများပေးပို့နိုင်ကြောင်း သိရသည်။ website အတွင်းသို့ ဝင်ရောက်ကြည့်ရှုရာတွင် လွယ်ကူစေရန်အတွက် နေထိုင်ရာ ဟိုတယ်များအကြောင်း၊ စားသောက်ဆိုင်များ၊ မြို့ကြီးများနှင့် ဈေးဝယ်ထွက်ချင်လိုသူများအတွက် အဆင်ပြေစွာဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။ Golden Place Website ကို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ပြီး Account အသစ်ဖွင့်ခြင်းကို အခြား website များထက် လွယ်ကူလျင်မြန်စွာဖန်တီးထားကြောင်း သိရပြီး facebook, google, e-mail တို့ဖြင့်လည်း အလွယ်တကူဝင်ရောက်အသုံးပြုနိုင်ကြောင်းသိရသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းများနှင့် customer များအကြား လွယ်ကူလျင်မြန်စွာဆက်သွယ်ပေးနိုင်ပြီး စီးပွားရေးလုပ်ငန်းများကို website များတွင်သာမက Golden Place ၏ facebook စာမျက်နှာများပေါ်တွင် တစ်ဆင့်ကြော်ငြာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် website အသုံးပြုသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိလုပ်ငန်း၏ ကြော်ငြာ၊ ဝန်ဆောင်မှုအကြောင်းများကို customer အသစ်များထံသို့ ရောက်ရှိနိုင်ခြင်း၊ Online Business Profile ရရှိနိုင်ခြင်းအပြင် customer များ၏ အကြံပြုချက်များကို အချိန်နှင့်တစ်ပြေးညီဖြေကြားပေးနိုင်ပြီး product အသစ်မိတ်ဆက်ပွဲများ၊ Promotion ပွဲများနှင့် အခြားအခြားသော events များကိုလည်း ကြော်ငြာနိုင်ကြောင်းသိရသည်။

Website သုံးစွဲသူများအတွက် ရှာဖွေလိုသောစီးပွားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုနှင့်သွားရောက်လည်ပတ်လိုသောနေရာများသို့ လွယ်ကူစွာရှာဖွေနိုင်ပြီး စီးပွားရေးလုပ်ငန်းများဖြင့် တိုက်ရိုက်ဆက်သွယ်နိုင်ကြောင်းသိရသည်။ ထို့ပြင် သုံးစွဲသူများ၏ သွားရောက်လိုသောနေရာများသို့ မြေပုံမှလမ်းကြောင်းရှာဖွေကြည့်ရှုနိုင်ကြောင်း သိရသည်။ ထို့ပြင် website အသုံးပြုလိုသော စီးပွားရေးလုပ်ငန်းရှင်များနှင့် သုံးစွဲလိုသူများအနေဖြင့် www.goldenplace.com.mm သို့ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ၀၉-၇၃၂၃၆၇၆၀၊ ၀၉-၄၂၅၀၃၃၆၉၅ သို့ တိုက်ရိုက်ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

*ဖြိုးသူ*

## Editorial

ပြီးခဲ့သောလပိုင်းမှစတင်ပြီး မီဒီယာလောကအတွင်း လှိုင်းထန်နေသည်ဟု ယူဆမိသည်။ ဤသို့ဆို၍ သတင်းနှင့်မီဒီယာလောက ၌ ယခင်ကတည်းကငြိမ်ဝပ်ပိပြားနေသည်ဟု မထင်စေချင်ပေ။ ကန့်သတ်ချုပ်ချယ်မှုများကြားမှ ထုတ်ဝေဖြန့်ချိခဲ့ကြရစဉ်ကတည်းက အာဏာပိုင်များနှင့် မီဒီယာအကြား၊ မီဒီယာနှင့် မီဒီယာအကြား ထိပ်တိုက်တွေ့မှုများ၊ ပဋိပက္ခများ ရှိခဲ့ကြဖူးသည်။ ယခု အတန်အသင့် လွတ်လပ်ပွင့်လင်းလာသောခေတ်တွင်လည်း ပဋိပက္ခဖြစ်စရာ ရပ်ဝန်း (Area of Conflict) ပိုမိုကျယ်ပြန့်လာခြင်းသာ အဖတ်တင်သည်။ နဂိုရှိနှင့်ပြီး အာဏာပိုင်နှင့် မီဒီယာလွန်ဆွဲပွဲတွင် ဆေးပညာလောက၊ အနုပညာလောကနှင့် စီးပွားရေးလောကမှ ပုဂ္ဂိုလ်များပါ ပါဝင်လာသည်။ အချို့ပုဂ္ဂိုလ်များက သတင်းမီဒီယာလောကတွင် လူဆိုးလူညစ်၊ လူဖျင်းလူညံ့များ ပေါများနေ၍ သုတ်သင်ရှင်းလင်းရေး (purge) လုပ်သင့်ကြောင်း၊ စတုတ္ထမဏ္ဍိုင်သန့်စင်မှ နိုင်ငံတိုးတက်မည်ဖြစ်ကြောင်း ထောက်ပြဝေဖန်ကြသည်။

မီဒီယာသမားများအဖြစ် ရပ်တည်ရသည်မှာ ခက်ခဲလှသည်။ အထူးသဖြင့် အပတ်စဉ်ထုတ်၊ နေ့စဉ်ထုတ် သတင်းစာစောင်များတွင် တာဝန်ထမ်းသူဖြစ်က သာ၍ပင် ခက်ခဲနိုင်သည်။ နေ့စဉ်နှင့်အမျှ သတင်းရှာလိုက်၊ ရေးလိုက်၊ စာမျက်နှာဖွဲ့လိုက်နှင့် အချိန်တွေကုန်မှန်းမသိ ကုန်ကြရသည်။ သတင်းမီဒီယာသမားတွင် ရုံးတက်ချိန်သာရှိမည်၊ ရုံးဆင်းချိန်ဟူ၍ အတိအကျမရှိပေ။ ကိုယ့်အလုပ်ခွဲတမ်းကိုယ့်စာမျက်နှာ၊ ကိုယ့်အပိုင်းပြီးမှ အိမ်ပြန်ကြရသည်။ ညနေ ၅ နာရီပြီးရမည့်အလုပ် ည ၉ နာရီမှပြီးလျှင်လည်း ထိုအချိန်အထိနေရမည်မှာ မီဒီယာသမားတို့၏ တာဝန်ပင်ဖြစ်သည်။ အများပြည်သူရုံး ပိတ်ရက်တွင်လည်း မနားရပေ။ တာဝန်ဝတ္တရားအပြည့်အသိပ်ကို ကြိတ်မှိတ်ထမ်းဆောင်ကြရရှာသည်။ ဤသို့ဤနှယ် ပင်ပန်းစွာဖြင့် တာဝန်ထမ်းဆောင်နေကြရသူများမှာ မလိုမုန်းတီးသူများက "လေးချောင်းထောက်" ဟုခေါ်သော သတင်းမီဒီယာလောကသားများပင်။ ထို့ကြောင့် လူမှုရေးလည်းပျောက်၊ အခွင့်အရေးလည်းဆုံးရှုံးခံပြီး ကျရာတာဝန်ထမ်းဆောင်နေကြရသူများကို "ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးမပုပ်စေချင်သူများ" သည် ကျွန်တော်တို့ သတင်းမီဒီယာ လောကသားများကိုယ်တိုင်မှတစ်ပါး အခြားသူဖြစ်ရန်မရှိနိုင် တော့ပြီတကား။

*အယ်ဒီတာချုပ်*



# LOCAL NEWS

PRODUCT LAUNCH

## ကမ္ဘာ့အပါးလွှာဆုံး LG အမှတ်တံဆိပ် Full HD LED Panel စတင်မိတ်ဆက်



LCD Panel များကို ထုတ်လုပ်လျက်ရှိသောကမ္ဘာ့အကြီးဆုံးကုမ္ပဏီတစ်ခုဖြစ်သော LG အနေဖြင့် စမတ်ဖုန်းများအတွက် ကမ္ဘာ့အပါးလွှာဆုံး Full HD LED Panel ကို ပွဲထုတ်မိတ်ဆက်ပြသခဲ့ကြောင်းသိရှိရသည်။

LG အမှတ်တံဆိပ် ကမ္ဘာ့အပါးလွှာဆုံး Full HD LCD Panel ၏ အရွယ်အစားမှာ ၅. ၂ လက်မရှိပြီး အထူပမာဏအနေဖြင့် ၂. ၂ မီလီမီတာသာထူကြောင်းသိရှိရသည်။ အဆိုပါ LG အမှတ်တံဆိပ် Full HD LCD Panel အသုံးပြုခြင်းဖြင့် Smartphone များကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။

Bezel အနေဖြင့် ၂. ၃မီလီမီတာပမာဏသာရှိခြင်းကြောင့် အဆိုပါ Full HD LCD Panel သစ်သည် မိုဘိုးလ်ထုတ်ကုန်များအတွက်အပါးလွှာဆုံးနှင့် bezel အကျဉ်းဆုံး Panel ဖြစ်လာမည်ဖြစ်သည်။ပေါ့ပါးသည့် ဒီဇိုင်းပုံစံဖြင့် ထုတ်လုပ်ထားသောကြောင့် အဆိုပါ Full HD LCD Panel အသုံးပြုထားသော ပစ္စည်းများအနေဖြင့်ကိုင်တွယ်အသုံးပြုရာတွင် ပေါ့ပါးမှုရှိသည့်အပြင် အသုံးပြုသူများအနေဖြင့် သက်သောင့်သက်သာအသုံးပြုနိုင်မည်ဖြစ်ကြောင်း LG ကထုတ်ပြန်ထားရှိသည်။ "ယနေ့မိတ်ဆက်ခဲ့တဲ့ကမ္ဘာ့အပါးလွှာဆုံး Full HD LCD Panel ဟာ စွမ်းဆောင်ရည်မြင့်စမတ်ဖုန်းတွေ အတွက်တော့ ရင်ခုန် စိတ်လှုပ်ရှားဖွယ်တိုးတက်မှုတစ်ရပ်ဖြစ်ပါတယ်" ဟု LG Display ၏ အိုင်တီ နှင့် မိုဘိုင်းလ်ဖွံ့ဖြိုးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ Dr- Byeong Koo Kim က ပြောကြားခဲ့သည်။

လက်ရှိအိမ်သုံးလျှပ်စစ်ပစ္စည်းဈေးကွက်တွင် LG အနေဖြင့် ကမ္ဘာ့ထိပ်တန်းဦးဆောင်သူကုမ္ပဏီတစ်ခုအဖြစ်အောင်မြင်မှုများစွာပိုင်ဆိုင်ထားရှိသည်။ ထို့အပြင် မိုဘိုင်းလ် နည်းပညာဈေးကွက်နှင့် အခြားလျှပ်စစ်ဆိုင်ရာဈေးကွက်တွင်လည်းကမ္ဘာ့ထိပ်တန်းကုမ္ပဏီတစ်ခုအဖြစ်ဦးဆောင်နေပြီး ဝန်ထမ်းပေါင်း (၈၄၀၀၀)နှင့်တကွ ကမ္ဘာ့နေရာအနှံ့အပြားတွင်စက်ရုံလုပ်ငန်းပေါင်းများစွာလည်းပတ်လျက်ရှိသည်။

အိမ်တွင်းဖျော်ဖြေရေးဆိုင်ရာလုပ်ငန်း၊ မိုဘိုင်းလ်ဆက်သွယ်ရေးလုပ်ငန်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ Air-Con လုပ်ငန်းနှင့်တကွ စီးပွားရေးဆိုင်ရာ ကိစ္စများတွင် LG ကုမ္ပဏီ အနေဖြင့်ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။ ထို့အပြင် TV Panel ထုတ်လုပ်ခြင်း၊ အသံနှင့်ဗီဒီယိုပိုင်းဆိုင်ရာပစ္စည်းများထုတ်လုပ်ခြင်း၊ မိုဘိုင်းလ်နည်းပညာဆိုင်ရာကုန်ပစ္စည်းများထုတ်လုပ်ခြင်း နှင့် အိမ်သုံးနည်းပညာပစ္စည်းများထုတ်လုပ်ခြင်းတို့အတွက် LG ကုမ္ပဏီအနေဖြင့် ကမ္ဘာ့ထိပ် တန်းကုမ္ပဏီတစ်ခုအဖြစ် ဦးဆောင်လျက်ရှိသည်။ LG ကုမ္ပဏီနှင့်ပတ်သက်၍ www.lge.com တွင်ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

## HTC One ကို အထူးအစီအစဉ်ဖြင့် ရောင်းချ

မြန်မာနိုင်ငံ၏တရားဝင်ကိုယ်စားလှယ်များဖြစ်ကြသော KMD Computer Group, e- city နှင့် စံ မြန်မာတို့က smart phone အသစ် HTC One branded handset မိတ်ဆက်ပွဲကိုအနုပညာရှင်များစွာဖြင့် Juction Square တွင် ဇူလိုင်(၁၆)ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ HTC One သည် အလူမီနီယံသတ္တုပြည့်ကိုယ်ထည်နှင့် HTC Blinkfeed, HTC Zoe, နှင့် HTC Boom sound စသောနည်းပညာများပါဝင်ကြောင်းသိရသည်။ အဆိုပါ New HTC one ၏ အချက်အချာကျသောဆန်းသစ်မှုတစ်ခုမှာ HTC Blinkfeed ဖြစ်ကြောင်းသိရှိရသည်။ အဆိုပါ Blinkfeed သည် မိမိစိတ်တိုင်းကျရွေးချယ်ထားသည့် အကြောင်းအရာအမျိုးမျိုးမှကိုယ်ပိုင် Home- screen တစ်ခုအဖြစ်ပြောင်းလဲပြုလုပ်နိုင်ကြောင်းသိရသည်။

ထို့အပြင် HTC Zoe ပါဝင်သော HTC Ultra pixel camera ဖြင့် Three- seconds Snippet နှင့်ထင်ရှားပြတ်သားသည့် hi-res ပုံရိပ်များကို ဖန်တီးပေးနိုင်ပြီး အထူးလုပ်ဆောင်ချက်စွမ်းရည်များ မလိုဘဲဗီဒီယိုဟိုက်လိုက်သည့် စက္ကန့် ၃၀စာ ရုပ်ရှင်အဖြစ်အလိုအလျောက်ဖန် တီးနိုင်သည့်အပြင် လူမှုဆိုင်ရာ network, email စသောဝန်ဆောင် မှုများပေါ် သို့လည်း အလွယ်တကူ Sharing ပြုလုပ်နိုင်ကြောင်းသိ ရှိသည်။

ထို့နောက် HTC Boom sound ၏ အသံစွမ်းရည်နှင့် ရှေ့စပီကာနှစ်လုံးနှင့် Full HD Display ပါဝင်သည့်အတွက် အသံထွက်ကြည်လင်ပြတ်သားကောင်းမွန်ကြောင်းသိရှိရပြီးအနုပညာရှင်ပေါင်းများစွာနှင့်အတူ HTC ၏ဧည့်သည်တော်များ၊ စာနယ်ဇင်းများနှင့် အတူစည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး HTC One handset များအား ပထမဦးစွာဝယ်ယူအားပေးခဲ့ကြသော customer များကို အထူးလျှော့ဈေးများဖြင့်ရောင်းချပေးခဲ့ကြောင်းသိရသည်။





# အီးဘိဇနက်ဂုရုကြီး MICHAEL DELL

● ဦးသောင်းဝင်း (ပန်းချယ်ရီ)

အမေရိကန်နိုင်ငံမှာ ချမ်းသာကြွယ်ဝသလောက် ဩဇာအာဏာလည်းရှိသလို ပရဟိတလုပ်ငန်းတွေမှာလည်း အလှူအတန်းရက်ရောတဲ့ Michael Dell ကို အီးဘိဇနက်ဂုရုကြီးတစ်ပါးအဖြစ် အသိအမှတ်ပြုကြရတယ်။ အမေရိကန်နိုင်ငံ၊ တက္ကဆက်ပြည်နယ်၊ ဟတ်စတာန်မြို့မှာ ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလက ဖွားမြင်ခဲ့တာကြောင့် အခုဆိုရင် ၄၈ နှစ်အရွယ်ရှိပြီလို့ ပြောရမှာဖြစ်တယ်။

၁၅ နှစ်သားအရွယ်မှာ ပန်းသီးကွန်ပျူတာလေးတစ်လုံး ဝယ်သုံးရင်း ကွန်ပျူတာကိုဘယ်လိုအသုံးချနိုင်မလဲဆိုတာ သိခဲ့တဲ့လူတစ်ငယ်လေးတစ်ဦးက မကြာခင်နှစ်ပိုင်းအတွင်းမှာ ပီစီကွန်ပျူတာတွေကို တပ်ဆင်တည်ဆောက်ပြီး ဝယ်ယူလိုသူတွေထံ တိုက်ရိုက်ရောင်းချတဲ့လုပ်ငန်းကို လုပ်ကိုင်ခဲ့တယ်။ ကွန်ပျူတာအစိတ်အပိုင်းတစ်စုံတစ်ရာမျှ မထုတ်လုပ်ပေမယ့် အကြီးအကျယ်ထုတ်လုပ်ရာမှာ ဈေးနှုန်းသက်သာစေပြီး ဒီလိုင်းလုလုနဲ့ပြုလုပ်ကာ ခိုင်မာတဲ့ customer support ကို ပေးနိုင်တဲ့အတွက် Dell အမှတ်တံဆိပ်နဲ့ထုတ်လုပ်တဲ့ ကွန်ပျူတာတွေအပေါ် လူကြိုက်များခဲ့တယ်။ ဒီခေတ်ဒီအချိန်တွေမှာ အော်ဒါမှာကြားတဲ့သူကိုသာရောင်းတဲ့စနစ်ကို ပထမဆုံးလုပ်ကိုင်နိုင်ခဲ့တဲ့အတွက် ပီစီကွန်ပျူတာတော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲပေးခဲ့သူအဖြစ် လူသိများခဲ့ပြန်တယ်။

အော်စတင်မှာရှိတဲ့ တက္ကဆက်တက္ကသိုလ်ကျောင်းသားဘဝကတည်းက Michael Dell က ကွန်ပျူတာတွေတပ်ဆင်ထုတ်လုပ်တဲ့ PCs Limited ကို တည်ထောင်ခဲ့တယ်။ စီးပွားရေးလုပ်ငန်းအတွက် စိတ်ကူးကောင်းများ ကျောင်းသားအရွယ်ထဲကရှိနေတာဖြစ်တယ်။ Michael Dell ရဲ့ သမိုင်းကြောင်းကိုရေးသားကြရာမှာ ၁၂ နှစ်သားအရွယ်မှာ တံဆိပ်ခေါင်းအရောင်းအဝယ်လုပ်ငန်းလုပ်ရင်း ဒေါ်လာ ၂၀၀၀ ပိုင်ဆိုင်ရာက အရောင်းအဝယ်လုပ်ငန်းအပေါ် စိတ်ဝင်စားခဲ့တာလို့ ပါရှိတယ်။ ၁၈ နှစ်သားအရွယ်ရောက်တဲ့အခါ ပီစီကွန်ပျူတာတွေရောင်းချဖို့အထိ လုပ်ကိုင်ခဲ့တယ်။

၁၉၈၅ ခုနှစ်မှာ ကိုယ်ပိုင်ဒီဇိုင်းနဲ့ Turbo PC ဆိုတာကို တပ်ဆင်ထုတ်လုပ်ပြီး ၇၉၅ ဒေါ်လာနဲ့ ရောင်းချခဲ့ရာကနေ PCs Limited ကုမ္ပဏီပေါ် ထွန်းလာတယ်လို့လည်း ပြောနိုင်ပါတယ်။ National Computer မဂ္ဂဇင်းကနေ ဝယ်ယူအသုံးပြုလိုသူတွေကို အရောက်ပို့ရောင်းချပေးမယ်လို့ ကြော်ငြာထည့်ရင်း ဈေးကွက်ဖောက်ယူတယ်။ ပထမဆုံးတစ်နှစ်လည်ပတ်လုပ်ကိုင်မှုအတွက် ရရှိခဲ့တဲ့ဝင်ငွေက ဒေါ်လာငွေ ၇၃ သန်းကျော်ရှိခဲ့တယ်။

၁၉၈၈ ခုနှစ်မှာ Dell Computer Croporation ဆိုတဲ့ အမည်ကို ပြောင်းယူပြီး ကမ္ဘာနဲ့အဝှမ်း ဈေးကွက်ဖြန့်ကျက်တဲ့အဆင့်ကို တက်ယူသွားတယ်။ ၁၉၉၂ ခုနှစ်ရောက်တဲ့အခါ Fortune မဂ္ဂဇင်းကြီးက Dell ကုမ္ပဏီကြီးကို ကမ္ဘာပေါ်ကအကြီးဆုံးကုမ္ပဏီကြီး များစာရင်းတွင် ဖော်ပြပေးခဲ့သလို အသက်အရွယ်အားဖြင့် အငယ်ဆုံးစီအီးအိုတစ်ဦးအဖြစ် ချီးကျူးရေးသားမှုများရှိခဲ့ တယ်။ Dell ကုမ္ပဏီရဲ့ အကြီးထွားဆုံးကာလကိုပြောရမယ် ဆိုရင် ၁၉၉၇ ခုနှစ်ကနေ ၂၀၀၄ ခုနှစ်အထိလို့ ပြောရ မှာဖြစ်တယ်။ ကမ္ဘာ့နံပါတ်တစ် brand အနေနဲ့ ၂၀၀၁ ခုနှစ်အထိ ရပ်တည်မှုရခဲ့တယ်။ ၁၉၉၆ ခုနှစ်မှာ website ကနေ ကွန်ပျူတာရောင်းချတဲ့ကုမ္ပဏီအဖြစ် ကွန်ပျူတာ လောကသားတိုင်း သိရှိသွားတယ်။ ၂၀၀၂ ခုနှစ်ရောက်တဲ့အခါ လက်ကိုင်ကွန်ပျူတာလေးတွေ ဒီဂျစ်တယ်အော်ဒီယိုပလေယာလေးတွေနဲ့ ပရင်တာတွေကိုပါ Dell အမှတ်တံဆိပ်နဲ့ ထုတ်လုပ်တဲ့အပြင် တီဗွီတို့ မော်နီတာတို့ပါ စမ်းသပ်ထုတ်လုပ်ယူခဲ့တယ်။

Michael Dell အနေနဲ့ Dell ကုမ္ပဏီမှာ ၂၀၀၄ ခုနှစ်အထိသာ စီအီးအို လုပ်ခဲ့ပြီး နာယကနေရာကို တာဝန်ယူခဲ့တယ်။ စီအိုအိုအနေနဲ့ လုပ်ကိုင်လာခဲ့တဲ့ Kevin Rollins ကို စီအီးအိုတာဝန်ဆက်ပေးလိုက်တယ်။ ဒါပေမယ့် နောက်ဆုံးတော့ လုပ်ငန်းကိစ္စ အရေးအခင်းတွေကြောင့် Michael Dell က နာယကနေရာရော၊ စီအီးအိုနေရာအတွက်ပါ ဆက်လက်တာဝန်ယူခဲ့တယ်။ Dell ကုမ္ပဏီ ကြီးကို ပြန်ကြည့်ရင်လည်း ဒက်စ် တော့ပ်၊ နုတ်ဘုတ်၊ နက်ဘုတ်၊ ဆာဗာ၊ ပရင်တာ၊ စကင်နာ၊ စမတ်ဖုန်းနဲ့ သိုမှီး ကိရိယာများအပါအဝင် ဟာ့ဒ်ဝဲလ် ထုတ် လုပ်ရေးကုမ္ပဏီကြီးအနေနဲ့ ရပ်တည်လျက်ရှိ သလို ကွန်ပျူတာ ဆော့ဖ်ဝဲလ်များကိုလည်း ထုတ်လုပ် နေပါသေးတယ်။ အိုင်တီလုပ်ငန်းတွေအတွက် အကြံပေးအကျိုး ဆောင်လုပ်ငန်းတွေနဲ့ အိုင်တီဆားဗစ်တွေကိုလည်း တာဝန်ယူလုပ် ကိုင်ပေးလျက်ရှိတယ်။

Michael Dell အနေနဲ့ ကွန်ပျူတာထုတ်လုပ်ရောင်းချမှု လုပ်ကိုင်ရာမှာ ယှဉ်ပြိုင်ဘက်များထက် ဝယ်ယူအသုံးပြုသူများ ကိစ္စကိုသာ အလေးပေးစဉ်းစားတဲ့နည်းပညာကို အသုံးပြုခဲ့တယ်။ တစ်နည်းပြောရရင် ပြိုင်ဘက်ကုမ္ပဏီများရဲ့ ထုတ်ကုန်တွေကိုအစဉ်တစိုက်လေ့လာပြီး တီထွင်ထုတ်လုပ်တဲ့ပုံစံအစား ဝယ်ယူအသုံးပြုသူတွေနဲ့တိုက်ရိုက်မှာကြားမှုအပေါ် လေ့လာတဲ့နည်းဗျူဟာကို Michael Dellက တစိုက်မတ်မတ်လုပ်ကိုင်ခဲ့တာဖြစ်တယ်။

စာမျက်နှာ(၃၄)သို့ ➤



No;(130) Seikkanthar St(Lower block), Kyauktada Tsp,Yangon. Ph: 01-392952~3, 374110


# DIGITAL GUIDE

## Office 2013 တွင် Start Screen အား disable ပြုလုပ်ခြင်း





MS Office 2013 ထဲက application တွေကို စဖွင့်လိုက်ရင် Start Screen ကို အရင်ဆုံးမြင်ရမှာပါ။ Start Screen မှာ document အမျိုးမျိုးအတွက် template ပုံစံတွေပါဝင်ပြီး အသုံးပြုသူအချို့အတွက် အဆင်ပြေပေမယ့် အချို့အတွက်ကတော့ မလိုအပ်ဘဲအဆင့်တစ်ခုပိုနေသလို ဖြစ်နေပါတယ်။ Start Screen ကို တစ်ဆင့်ကျော်နေရတာ မနှစ်သက်သူတွေအတွက် Registry Editor Disable ပြုလုပ်ပုံကို ဖော်ပြပေးပါတယ်။


- Windows Key နဲ့ R Key ကို တွဲနှိပ်ပြီး run box ဖွင့်ပါ။ ပြီးရင် "regedit" လို့ ရိုက်ထည့်ပြီး Registry Editor ကို ဖွင့်ပါ။





- Registry Editor ထဲမှာ HKEY_CURRENT_USER/Software/Microsoft/Office/15.0/Common/General ထဲကို ဝင်ပါ။ ပြီးရင် ညာဘက် key list ထဲမှာ "DisableBootToOfficeStart" ဆိုတဲ့ key ကိုရှာပါ။ မရှိရင် ဘယ်ဘက် "General" key ပေါ်မှာ right-click နှိပ်ပြီး ပေါ်လာတဲ့ menu မှာ new ထဲက "DWORD (32bit) value" ကိုရွေးပြီး key အသစ် ဖန်တီးပါ။





- အသစ်ပြုလုပ်လိုက်တဲ့ key အသစ်က "NewValue#1" ဆိုတဲ့ default name နဲ့ ပေါ်လာမှာဖြစ်ပြီး "DisableBootToOffice Start" လို့ ပြောင်းပေးပါ။



- "DisableBootToOfficeStart" key ပေါ်မှာ double click နှိပ်ပြီး ပေါ်လာတဲ့ box ထဲမှာ "value data" ကို "1" လို့ ပြင်ပေးလိုက်ရင် disable လုပ်ပေးပါမယ်။




- MS Office 2013 ထဲမှာပါတဲ့ Word, Excel စတဲ့ application တစ်ခုစီကို သီးသန့်ခွဲပြီး Start Screen disable လုပ်လို့ ရပါတယ်။ ဥပမာ MS Word အတွက် Start Screen disable လုပ်မယ်ဆိုရင် Registry Editor ထဲမှာ "HKEY_CURRENT_USER/Software/Microsoft/Office/15.0/Word/Options" ထဲကို ဝင်ပါ။ ပြီးရင် ညာဘက် key list မှာ "DisableBootToOfficeStart" ကိုရှာပါ။ မရှိရင် အထက်မှာဖော်ပြထားသလို key အသစ်ပြုလုပ်ပါ။ ရှိပြီးသားဆိုရင် Value ကို 1 လို့ ပြောင်းပေးပြီး disable လုပ်နိုင်ပါတယ်။







## WEBSITE REVIEW





**www.namecontests.com**

အမည်ပေးပြိုင်ပွဲတွေ ကျင်းပပြုလုပ်တဲ့ website ပါ။ ကိုယ့် ရဲ့လုပ်ငန်း (သို့) ကုန်ပစ္စည်းအတွက် အမည်လှလှလေးတွေလိုချင်ရင် ဒီ website မှာ ပြိုင်ပွဲပြုလုပ်ပြီး ရယူနိုင်ပါတယ်။ ဓာတ်ပုံနဲ့ပန်းချီကားတွေအတွက်ပါ အမည်ပေးပြိုင်ပွဲ လုပ်နိုင်ပါတယ်။



**redpen.io**

ဂရပ်ဖစ်ဒီဇိုင်နာတွေအတွက် ကိုယ်ဖန်တီးထားတဲ့ဒီဇိုင်းတွေအပေါ် အခြားသူတွေရဲ့ဝေဖန်မှုတွေရယူနိုင်တဲ့ website ပါ။ အားနည်းချက် ချို့ယွင်းချက်တွေကိုသာ အများဆုံးထောက်ပြလေ့ရှိပြီး အခြား site တွေမှာမရနိုင်တဲ့ ဝေဖန်မှုမျိုး ရနိုင်ပါတယ်။




**youzeek.com**

သီချင်းတွေ ရှာဖွေနားဆင်နိုင်တဲ့ streaming site လေးပါ။ သီချင်းတွေကို အမည်၊ အဆိုတော်၊ တီးဝိုင်းနဲ့အမျိုးအစားအလိုက် အလွယ်တကူရှာဖွေနိုင်ပြီး MTV တွေကိုပါ ကြည့်ရှုနိုင်ပါတယ်။ သီချင်းပုဒ်ရေ သန်းနဲ့ချီပြီး ပါဝင်ပါတယ်။



**unroll.me**

ကိုယ့် email ရဲ့ inbox အတွင်းက မလိုအပ်တဲ့ email တွေကို ရှင်းလင်းပေးနိုင်တဲ့ website ပါ။ Gmail, Yahoo! Mail, AOL Mail နဲ့ Outlook တွေအတွက် တစ်နေရာတည်းကနေ စီမံခန့်ခွဲနိုင်ပါတယ်။ ကြော်ငြာ mail တွေ အဆက်မပြတ်ပို့နေတဲ့ site တွေ ကနေ ကိုယ့် acc တွေကို အလွယ်တကူ unsubscribe လုပ်နိုင်ပါတယ်။

# DIGITAL KNOWLEDGE
# နည်းပညာလောကရဲ့ ဂုဏ်ဆောင်အဆောက်အအုံများ



ကမ္ဘာရဲ့ အကြီးကျယ်ဆုံးအမှတ်တံဆိပ်တွေဟာ သူတို့ရဲ့ နည်းပညာစွမ်းပကားကိုပုံဆောင်ပြဖို့ ထူးခြားဆန်းပြားတဲ့အဆောက်အအုံတွေ အပြိုင်အဆိုင်တည်ဆောက်နေကြတယ်။ ထက်မြက်ထူးချွန်တဲ့ပညာရှင်တွေ သေချာပေါက်ဆွဲဆောင်ခေါ်ယူနိုင်မယ့် ဒီဇိုင်းတွေပဲဖြစ်ပါတယ်။ အလုပ်နေရာကို *Home Sweet Home* လို့ ထင်မှတ်စရာလည်း ဖြစ်နေတာတွေ့ရပါတယ်။

## Apple Campus 2, Cupertino

လက်ရှိမှာ သတ်မှတ်ထားတဲ့ဘတ်ဂျက်ထက် ကျော်လွန်နေပေမယ့် Apple ရဲ့ နည်းပညာမြို့တော်ဟာ လုံလောက်တဲ့နေရောင်ခံဆိုလာပြားတွေနဲ့အတူ နောက်ဆုံးမှာသူ့ဘာသာစွမ်းအင် ပြည့်စုံကုံလုံအောင်ထုတ်ယူပြီး ငွေကိုချွေတာပေးပါလိမ့်မယ်။ ကွေးညွှတ်နေတဲ့ မှန်နံရံအဆောက်အအုံ၊ ကွန်ကရစ်မျက်နှာကျက်တွေနဲ့ မှန့်လက်ကောက်ပုံဖွဲ့စည်းပုံဟာ ပန်းကန်ပြားပျံအလား ထင်မှတ်မှားစရာပါ။ R&D တွေ၊ စမ်းသပ်ခန်းတွေ၊ ဧည့်ပရိသတ် ၂၀၀၀ စာ ထိုင်ခုံပါတဲ့ စုဝေးခန်းမတွေနဲ့ အဆောက်အအုံဆိုတာထက် ကော်ပိုရိတ်ရဲတိုက်ကြီးနဲ့ ပိုတူပါတယ်။



## Nvidia, Santa Clara

တစ်ခုနဲ့တစ်ခု အပြန်အလှန်ဆက်စပ်နေတဲ့ polygon တွေနဲ့ ဒီ R&D powerhouse ရဲ့ အမိုးကို ထုဆစ်ထားတယ်။ Polygon ဆိုတာက ဂရပ်ဖစ်လောကရဲ့ အခြေခံစကားလုံးတွေပဲ မဟုတ်လား။ ဂိမ်းစက်တွေကနေပြီး ဟောလိဝုဒ်အထူးပြုလုပ်ချက်တွေအထိ အရာအားလုံးကိုစွမ်းအားပေးမယ့် နောက်မျိုးဆက်ဂရပ်ဖစ်ကတ် နဲ့ မိုဘိုင်းလ် processor တွေ တည်ဆောက်မယ့်နေရာ ဖြစ်ပါတယ်။ ထူးခြားတဲ့သွင်ပြင်လက္ခဏာက အလယ်ဗဟိုက မှန်အမိုးဖြစ်ပြီး အဆောက်အအုံကို သဘာဝအလင်းနဲ့ ဖြည့်ပေးတယ်။ ကွန်ပျူတာဖန်သားပြင်ရဲ့ တောက်ပမှုကို ပိုကြိုက်သူတွေအတွက် ခန်းဆီးလိုက်ကာတွေလည်း ထောက်ပံ့ပေးထားတယ်။



## Google, Bay View

ဒါဟာ ဆန်ဖရန်စစ္စကိုရဲ့ မင်သက်လောက်ဖွယ် Bay View နယ်မြေရဲ့ ရှုမျှော်ခင်းကိုအပိုင်ရဖို့ တစ်သက်မှာတစ်ခါသာရနိုင်တဲ့ အခွင့်အရေးဖြစ်ပါတယ်။ လေးထပ်အဆောက်အအုံ ၉ ခုရဲ့ တစ်ခု စီမှာ Google ရဲ့ ထူးခြားတဲ့ဟန်ပန်အတိုင်း ခုထိထုတ်မပြောသေးတဲ့ theme အကြောင်းအရာနဲ့ဆင်ယင်ထားတဲ့ အခန်းတွေပါမယ်။ Jelly-Bean ရဲ့ primary colour တွေနဲ့ ဆင်ယင်ထားဖို့ မျှော်လင့်ရတယ်။ အဆောက်အအုံတစ်ခုမှာ အမိုးပေါ်က ဥယျာဉ်ပါမယ်။ အလုပ်သမားတွေအနေနဲ့ နေပူစာလှုံနိုင်သလို ညဉ့်နက်ပိုင်းအစည်းအဝေးတွေအတွက် စခန်းချစရာ အဆောင်အယောင်တွေလည်း ထားရှိပေးတယ်။



## Samsung, San Jose

ဖူးပွင့်စတီထွင်ဖန်တီးသူတွေအတွက် ဒီအထပ် ၁၀ ထပ်ပါ R&D ဌာနဟာ မိခင်သဘာဝတရားကြီးရဲ့ အံ့ဖွယ်ရာတွေကို အဆောက်အအုံအတွင်းပိုင်းသို့ ဆောင်ယူပေးထားတယ်။ Samsung သိပ္ပံပညာရှင် ၂၅၀၀ အတွက် ပန်းခြံပါတဲ့အထပ် ၃ ထပ်မှာ သစ်ပင်တွေ၊ ပြေးလမ်းတွေ၊ အနားယူစရာ အဆောင်အယောင်တွေ ပါရှိ တယ်။ နေရာအကျယ်ရက်ရက်ရောရောပေးထားတဲ့ ကားရပ်နားရာ အဆောက်အအုံဟာ အမိုးတစ်ခုလုံး နေရောင်ခံဆိုလာပြားတွေတပ်ထားပြီး စွမ်းအင်အရင်းအမြစ်အဖြစ်လည်း တာဝန်နှစ်ခုထမ်းဆောင်တယ်။ ရောမ မှန်ပြတင်းတွေက ရုံးခန်းနေရာများစွာအတွက် ကျယ်ပြန့်တဲ့ရှုမျှော်ခင်းနဲ့ သဘာဝအလင်းရောင်ထောက်ပံ့ပေးတယ်။

# TIPS & TRICKS

## Facebook ပေါ်ကသူငယ်ချင်းတွေကို မပျက်မကွက် Birthday Wish လုပ်နိုင်ဖို့

ညီညီ








**သင့်သူငယ်ချင်းရဲ့မွေးနေ့မှာဦးဦးဖျားဖျား မွေးနေ့ဆုတောင်းစကားလေးတွေပြောပေးနိုင်မယ်ဆိုရင် အဲဒီသူငယ်ချင်းက သင့်ကိုအမြဲတမ်းအမှတ်တရရှိနေပါလိမ့်မယ်။ ဒါကြောင့်ဖုန်းခေါ်တာ၊ message ပို့တာစတဲ့ နည်းတစ်ခုခုနဲ့ Birthday Wish လုပ်ပေးနိုင်ပါတယ်။ ဒါပေမယ့်တစ်ခါတစ်ရံမှာ အကြောင်းကြောင်းကြောင့်သင့်သူငယ်ချင်း မွေးနေ့ကိုမေ့နေပြီး Message လေးတစ်စောင်နဲ့တောင် Birthday Wish မလုပ်လိုက်ရလို့သင့်ကိုယ်သင်နောင်တရတဲ့အဖြစ်မျိုး မကြုံရလေအောင်အခုဖော်ပြမယ့်နည်းလမ်းလေးကို လုပ်ဆောင်ကြည့်ပါ။**

ယနေ့ခေတ်မှာလူတိုင်း Facebook အသုံးပြုနေကြပြီဖြစ်လို့ သင့်သူငယ်ချင်းတွေရဲ့ Wall ပေါ်မှာ BirthdayWish လုပ်နိုင်ရင် "သင်အလုပ်များနေတာကြောင့်ကိုယ်တိုင်ကိုယ်ကျ မွေးနေ့ဆုတောင်းမပြောနိုင်တာပါ" ဆိုတဲ့သင့်အကြောင်းပြချက်ကယုတ္တိတန်သွားပါလိမ့်မယ်။ အခုဖော်ပြပေးမယ့်နည်းလမ်းလေးကိုလုပ်ဆောင်ထားရင်သင့်သူငယ်ချင်းတွေရဲ့ မွေးနေ့ရောက်လာတဲ့အချိန်တိုင်းမှာ Wall ပေါ်ကို Birthday wish တွေအလိုလျောက်ရောက်ရှိမှာပါ။ အဲဒီအတွက် Birthday FB ဆိုတဲ့ Web application လေးကိုအသုံးပြုမှာဖြစ်ပါတယ်။

ဒါကြောင့်ပထမဆုံး www.birthdayfb.com ကိုသွားရောက်ပါ။ ဒီဝက်ဆိုက်ပွင့်လာပြီဆိုရင် ညာဖက်အပေါ်ထောင့်မှာရှိတဲ့ Connect with facebook ဆိုတဲ့ button ကိုနှိပ်ပါ။ အဲဒီကနေတစ်ဆင့် Facebook ကို log in ဝင်ရောက်ပြီးသင့် account နဲ့ချိတ်ဆက်ပြီးသွားပြီဆိုရင် မကြာခင်ကျရောက်တော့မယ့် သင့်သူငယ်ချင်းတွေရဲ့ မွေးနေ့တွေကို list တစ်ခုနဲ့ပြသပေးထားတာကို တွေ့ရမှာပါ။




မွေးနေ့အမှန်တကယ်ကျရောက်တဲ့နေ့မှာ birthday Wish ရေးသားထားတဲ့ message တစ်စောင်သင့်သူငယ်ချင်းရဲ့ Wall ပေါ်အလိုအလျောက်ရောက်သွားစေဖို့ မိမိရေးသားလိုတဲ့ Birthday Wish ကို ကြိုတင်ရေးသားထားရမှာဖြစ်ပါတယ်။ ဒါကြောင့်ပုံမှာပြထားတဲ့အတိုင်း Write message ဆိုတဲ့ tap ကိုနှိပ်ပါ။ ဒါဆိုရင် မွေးနေ့ဆုတောင်းစကားတွေ ရေးနိုင်မယ့် page တစ်ခုပေါ်လာပါလိမ့်မယ်။

အဲဒီ page မှာ ပုံမှာပြထားတဲ့နံပါတ်စဉ်အတိုင်းဖြည့်စွက်လိုက်ရင်အလွယ်တကူပြီးမြောက်သွားပါပြီ။

(၁)ပထမဆုံးသင့်သူငယ်ချင်း Wall ပေါ်မှာပေါ်စေချင်တဲ့သင့်ရဲ့ဆုတောင်းစကားကိုရွေးချယ် ပါ။ canned massage ဆိုတဲ့ dropdown menu လေးကို နှိပ်လိုက်ရင် BirthdayFB ကသတ်




မှတ်ပေးထားတဲ့ birthday wish တွေကိုတွေ့ရမှာပါ။ အဲဒီအထဲက နှစ်သက်ရာတစ်ခုကိုရွေးချယ်ပေးရမှာပါ။

(၂)သင့်စိတ်ကြိုက်မွေးနေ့ဆုတောင်းစကားရေးချင်ရင်တော့ text box မှာရေးနိုင်ပါတယ်။ drop down menu ထဲက canned message တွေကိုမကြိုက်နှစ်သက်တဲ့သူတွေအတွက်ရွေးချယ်ခွင့်ပေးထားတာဖြစ်ပါတယ်။

(၃) သင်ကိုယ်ပိုင် message ရေးသားထားပြီး canned message အဖြစ်သိမ်းဆည်းထားချင်ရင်တော့ ' save as a canned message ဆိုတဲ့ check box လေးကိုအမှန်ခြစ်ပေးထားလိုက်ရင် နောက်တစ်ကြိမ်မှာ အလွယ်တကူထပ်မံအသုံးပြုနိုင်မှာပါ။

(၄) Message တွေကိုစီမံလို့ပြီးပြီဆိုရင်တော့ save button ကိုနှိပ်ပါ။ ဒီနေရာမှာ canned message ဆိုတဲ့အကြောင်းကိုထပ်မံ ရှင်းပြချင်ပါသေးတယ်။ canned message ဆိုတာ message တစ်ခု ကို save လိုက်တဲ့အကြိမ်တိုင်းမှာသင့်ရဲ့ collection အဖြစ် drop down menu မှာအမြဲပေါ်လာမယ့် message စာသားတွေဖြစ်ပါတယ်။ Canned Message တွေကိုထပ်ပြီးစီမံချင်




သေးတယ်ဆိုရင် canned message ဆိုတဲ့ tap ကိုနှိပ်ကာ '+ New canned massages' ဆိုတဲ့ button ကိုနှိပ်ပြီး message တွေသတ်မှတ်ရေးသား ပေးလို့ရပါတယ်။ နောက်ပြီး message တွေကို edit လုပ်တာပယ်ဖျက် တာတွေလည်းလုပ်ဆောင်နိုင်ပါတယ်။

Scheduled message ဆိုတဲ့ tap ကိုနှိပ်လိုက်ရင်တော့သင့်သူငယ်ချင်းရဲ့မွေးနေ့မရောက်ခင်အထိ message တွေကို edit လုပ်နိုင်ပါတယ်။



# DOWNLOAD SECTION

## MP3

Download Link - http://bit.ly/1atq5zg




လူကြိုက်အများဆုံး သီချင်း ၁၀ ပုဒ်စာရင်းမှာ ကာလရှည်ကြာရပ်တည်နိုင်ခဲ့တဲ့ သီချင်းဖြစ်ပြီး Justin Timberlake ရဲ့ တစ်ကျော့ပြန်နာမည်ကြီးမှုအစလည်းဖြစ်ပါတယ်။ 20/20 Experience album ရဲ့ လူကြိုက်အများဆုံးသီချင်းလည်းဖြစ်တာ စွဲငြိဖွယ်ကောင်းတဲ့ JT ရဲ့ သီဆိုဟန်ကို တွေ့ကြုံခံစားကြရမှာပါ။ သီချင်းရဲ့ အဓိကအကြောင်းရင်းကတော့ တစ်ယောက်နဲ့တစ်ယောက် ခွဲခွာရလုနီးပါး သဘောထားတွေကွဲပြားနေတဲ့ ချစ်သူနှစ်ယောက်ရဲ့ နောက်ဆုံးသံယောဇဉ်ကို ဖွဲ့ဆိုထားတာပါ။ "မင်းဟာ ငါ့ရင်တွင်းခံစားချက်တွေကို ရောင်ပြန်ဟပ်စေတဲ့ ကြေးမုံတစ်ချပ်ဖြစ်တယ်။ ဒါပေမယ့် မင်းနဲ့ငါနှစ်ယောက်စလုံးဟာ ကြေးမုံရဲ့ ဟိုဘက်ဒီဘက်မှာရှိကြ တဲ့ ပုံရိပ်နှစ်ခုလိုပဲ အမြဲတမ်းတစ်ခုခုခြားသလို ခံစားနေခဲ့ရတယ်။ အခုချိန် မှာ မင်းကိုငါ လုံးဝမဆုံးရှုံးပါရစေနဲ့" လို့ ချစ်သူကိုကြည့်ရင်း ခံစားရစေပါတယ်။

## MOVIE

Download Link - http://bit.ly/1bEKcbP




၂၀၁၀ ခုနှစ်အတွင်း အလွန့်အလွန်အောင်မြင်ခဲ့တဲ့ Despicable Me ဇာတ်ကားရဲ့ နောက်ဆက်တွဲ Despicable Me 2 ကတော့ သူ့ရဲ့ပုံစံအတိုင်း ကလေးလူငယ်အရွယ်သုံးပါးမရွေး ကြိုက်နှစ်သက်စေမယ့် Minions လေးတွေကပဲ အဓိကဇာတ်ဆောင်အနေနဲ့ ဆက်လက်ပါဝင်လာပါတယ်။ Despicable Me 1 ထဲက ကမ္ဘာကျော်လူဆိုးကြီး Mr.Gru (Steve Carell) နဲ့အတူ Margo, Agnes နဲ့ Edith ဆိုတဲ့ ကလေး (၃) ယောက်တို့ရဲ့ မိသားစုကမ္ဘာထဲကို AVL (Anti-Villian-Leage) ရဲ့ အေးဂျင့်ဖြစ်သူ Ms.Lucy Wilde ဝင်ရောက်လာတဲ့အခါ ကမောက်ကမဖြစ်စဉ်တွေနဲ့အတူ ပရိသတ်ကို ဘဝအမောတွေပြေအောင် ဒါရိုက်တာက တင်ပြထားပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇူလိုင် (၃) ရက်နေ့က စတင်ပြသခဲ့တဲ့ Despicable Me 2 ရဲ့ဇာတ်လမ်းကတော့ လျှို့ဝှက်ဓာတ်ခွဲခန်းသုတေသနပြုအခန်းမှအံ့ဩဖွယ်ယာဉ်ပျောက်ဆုံးပြီးနောက်ပိုင်း. . . .


## MTV

Download Link - http://youtu.be/6ex1YkDXelo




ပျောက်ချက်သားကောင်းနေတဲ့ ထိပ်တန်း K-Pop Band တစ်ခုဖြစ်တဲ့ SNSD ခေါ် Girl's Generation ရဲ့ အသစ်ထွက် MTV လေးပါ။ အဖွဲ့ဝင်ကိုးယောက်ပဲရှိပေမယ့် K-Pop လောကတစ်ခုလုံးကို ကိုင်လှုပ်နိုင်စွမ်းရှိတဲ့ အလှပဂေးလေးတွေဆိုတဲ့အချက်ကို ဒီ သီချင်းမှာ ဖွင့်ချပြထားပါတယ်။ သီချင်းအဓိပ္ပာယ်က သိပ်ပြီးများများစားစားမရှိပေမယ့် မြူးမြူးကြွကြွ ကခုန်နေရမယ့်အချိန်မှာ ကခုန်နေလိုက်ပါ။ ချစ်ရမယ့်အချိန်မှာချစ်လိုက်ပါ။ ငုတ်တုတ်မေ့နေရင် ဘဝကြီးကပျင်းစရာပါလို့ ထောက်ပြသွားတဲ့ သဘောပါပဲ။ ဒီ MTV မှာ အရောင်မျိုးစုံတဲ့ SNSD Fashion တွေကို အသွင်သစ်အမြင်သစ်နဲ့ ခံစားရမှာပါ။ သူတို့တစ်ဖွဲ့လုံးရဲ့ "Na Na Na Na Na Na Na Na " ဆိုပြီး သီဆိုသံကြားရင်ကို မြူးကြွလာစေပါတယ်။

## BOOK




# Professional JavaScript for Web Developers 2nd Edition

ယခုတစ်ပတ်မှာတော့ Web Development လုပ်ငန်းစဉ်မှာ မရှိမဖြစ်အရေးပါတဲ့နည်းပညာတစ်ခုဖြစ်တဲ့ Java Script အကြောင်း ရေးသားထားတဲ့စာအုပ်နဲ့ မိတ်ဆက်ပေးချင်ပါတယ်။ အွန်လိုင်းပေါ်မှာ စီးပွားရေးလုပ်ငန်းတွေလုပ်ဆောင်ဖို့ ရှုပ်ထွေးနက်နဲတဲ့ Web application တွေ ရေးသားဖန်တီးနိုင်စေတဲ့ JavaScript က ယနေ့ကမ္ဘာမှာ နာမည်ကျော် programming language တစ်ခုဖြစ်လာပါပြီ။ Web အတွက် အသုံးချနိုင်ဖို့ JavaScript ဟာ OOP Language တစ်ခုဖြစ်တဲ့ Java အပေါ် အနည်းငယ်အခြေခံထားတယ်ဆိုပေမယ့် Java ရဲ့ Light ဗားရှင်းလို့ သတ်မှတ်လို့မရပါဘူး။ ဒီစာအုပ်မှာ အင်တာနက်ခေတ်ဦးပိုင်း Net Scape Browser တွေကစတင်ပြီး JavaScript ရဲ့ ဆက်စပ်ပုံအကြောင်းတွေကို ရှင်းပြထားပါတယ်။ ဒ့ါအပြင် Web Developer တွေ ကြုံတွေ့နေရတဲ့ business problem တွေကို JavaScript သုံးပြီး ဘယ်လိုအဖြေရှာကြမလဲဆိုတဲ့အကြောင်းအရာတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ 2nd Edition အဖြစ် ထွက်ရှိလာခဲ့တဲ့ ဒီစာအုပ်ဟာ JavaScript ရဲ့ အဆင့်မြင့်အသုံးဝင်တဲ့ feature တွေကို တင်ပြထားတာကြောင့် developer level ကို ရည်ရွယ်တယ်လို့ ဖော်ပြထားပါတယ်။ စာအုပ်ရဲ့အစပိုင်းမှာ JavaScript ဘယ်လိုအခြေခံဖြစ်ပေါ်လာတယ်ဆိုတဲ့အကြောင်းကနေ ရေပန်းစား Web browser အသီးသီးမှာ အသုံးပြုနိုင်တဲ့ JavaScript Implementation ကွဲပြားပုံတွေကိုလည်း မိတ်ဆက်ပေးထားပါတယ်။ Dynamic user interface တစ်ခုဖန်တီးဖို့ သိရှိထားရမယ့် knowledge တွေဖြစ်တဲ့ JavaScript Regular Expression အသုံးပြုနည်း၊ browser detection technique, event handing စတာတွေကို In-Depth ရှင်းလင်းပေးထားတာကြောင့် JavaScript ရဲ့ အခြေခံ Concept အချို့ကို ချန်လှပ်ခဲ့တယ်လို့လည်း ဖော်ပြထားပါတယ်။ ဒီစာအုပ်ကိုဖတ်ရှုနိုင်ဖို့ ရည်ရွယ်ထားတဲ့ စာဖတ်သူအုပ်စုသုံးမျိုးခွဲခြားထားရာမှာ C++ နဲ့ Java တို့လို OOP Language တွေနဲ့ ရင်းနှီးကျွမ်းဝင်ပြီးသား developer တွေနဲ့ website, web application တွေရဲ့ အသုံးချနိုင်စွမ်းကိုမြှင့်တင်ဖို့ ကြိုးပမ်းနေတဲ့ web application developer တွေအပြင် JavaScript developer တွေအတွက် ရည်ရွယ်ထားတယ်လို့လည်း ဆိုထားပါတယ်။ Java, PHP, ASP.NET, HTML, CSS, XML စတဲ့ နည်းပညာတွေကို ကျွမ်းကျင်ပိုင်နိုင်သူတွေအတွက်တော့ ဒီစာအုပ်ဟာအဆင်ပြေဆုံးဖြစ်ပါလိမ့်မယ်လို့ ဖော်ပြထားတာကြောင့် ကွန်ပျူတာ basic တတ်ကျွမ်းထားရုံနဲ့တော့ ဒီစာအုပ်ကိုဖတ်ရှုဖို့ အဆင်ပြေမှာမဟုတ်ပါဘူး။ ဒီ level အတွက်တော့ Beginning JavaScript, 3rd Edition ဆိုတဲ့ Wiley Publishing ကထုတ်တဲ့ စာအုပ်ကို ပြန်လည်ညွှန်းဆိုထားပါတယ်။

Download Link - https://www.dropbox.com/s/legv6fc4a8ynnem/ProfessionalJavascriptForWebDeveloper.pdf




# ပရိုဂရမ်ဘာသာစကားတွေကို အရောင်ထွက်အောင်လုပ်ပေးမယ့် IDE များ

ဖော်ရှူလာတူး

ဒီဆောင်းပါးဟာ အဓိကအားဖြင့် ကွန်ပျူတာတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေ၊ နည်းပညာတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေနဲ့ ပရိုဂရမ်ရေးသားခြင်းနဲ့ ဆော့ဖ်ဝဲလ်ဖော်ထုတ်တီထွင်ခြင်းကို ဝါသနာပါပြီး စတင်လိုက်စားသူတွေအတွက်ရည်ရွယ်ပါတယ်။ အကဲဒမစ်ပညာရပ်အသိုင်းအဝိုင်းနဲ့ လက်တွေ့လုပ်ငန်းခွင်လောကအကြား ပေါင်းကူးဆက်စပ်ပေးဖို့ရာလည်း ရည်ရွယ်ပါတယ်။

သိကြတဲ့အတိုင်း ကျောင်းတော်ကြီးတွေမှာက ပရိုဂရမ်ရေးသားခြင်းအတွက် assembly, C/C++ နဲ့ Java ဘာသာစကားတွေနဲ့ပဲ သင်ကြားပေးကြပါတယ်။ အဲဒီလိုသင်ကြားပေးတဲ့အခါမှာ ခေတ် ပေါ်အဆင့်မြင့် IDE တွေ မသုံးကြဘူးဆိုတာကို တွေ့ကြုံခဲ့ရပါတယ်။ ဥပမာအားဖြင့် C/C++ အတွက်ဆိုရင် Turbo C++ လို 16 bit DOS OS အောက်က ရှေးခေတ်ဟောင်း IDE ကိုပဲ သုံးကြပါတယ်။ Java အတွက်ဆိုရင်လည်း text editor နဲ့ command line ပုံစံတွေနဲ့ သာသုံးပြီးသင်ကြားကြပါတယ်။ အဲဒီအခါမှာ ဘာသာစကားနဲ့ IDE ကိုရောထွေးသွားပြီး အဲဒီအပေါ်တင်သုံးတဲ့ language တွေကိုရောယောင် အထင်သေးသွားတတ်ကြပါတယ်။

ဒီအတောအတွင်း အကဲဒမစ်ပြင်ပ၊ ပြည်တွင်း ဆော့ဖ်ဝဲလ်လောကမှာတော့ VB လို့ခေါ်တဲ့ Visual Basic ဘာသာစကားဟာ အလွန်တရာလူကြိုက်များ အသုံးများခဲ့ဖူးပါတယ်။ အဓိကအားဖြင့်တော့ Windows OS အပေါ် GUI အပြည့်နဲ့ application တွေ လွယ်လွယ်ကူကူဖော်ထုတ်ရေးသားနိုင်တဲ့ အတွက်ကြောင့်ပါပဲ။ အဲဒီအခါ အကဲဒမစ်လိုင်းက လူတွေအဖို့ သူတို့သင်ကြားရတဲ့ C++,Java တွေနဲ့ VB လို တကယ့် လက်တွေ့အသုံးချ application အစစ်တွေ ရေးသားလို့မရဘူးလားလို့ ဒွိဟဖြစ်လာကြပါတယ်။ မင်းတို့ဘာသာစကားက console application လို့ခေါ်တဲ့ ဖန်သားပြင်မည်းမည်းပေါ်က text အခြေပြု interface ပဲ ဖော်လို့ရတာမဟုတ်လားလို့လည်း VB သမားတွေက C/C++ သမားတွေကို အထင်သေးပြက်ရယ်ပြုချင်ကြပါတယ်။ ဒါဆို အကဲဒမစ်လိုင်းက လူတွေတကယ်ပဲ မသိမသာ ဆိုးဝါးရေလိုက်လွဲနေပြီလား။ ဒီဆောင်းပါးမှာ ဒီအချက်ကိုပဲ ဖြေရှင်းချင်တာ ဖြစ်ပါတယ်။

VB ကို အရမ်းအစွမ်းထက်အောင်လုပ်ထားတာက IDE ထဲမှာပါတဲ့ visual tool တွေကြောင့်သာဖြစ်ပါတယ်။ တကယ်တမ်းမှာ VB ကို ပညာရှင်အကြိုက် တန်းမီတဲ့ language လို့ မပြောနိုင်ပါဘူး။ OOP feature တွေအားလုံးအပြည့်အစုံမပါဘူး။ Structure မကျဘူး Runtime စနစ်နဲ့ ocx ဖိုင်တွေလိုပြီး performance မကောင်းဘူး VB ဆိုတာ လူတိုင်းသုံးနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တမင်သက်သက်အဆင့်လျှော့ချထားတဲ့ အလွယ်သုံးဘာသာစကားမျိုးသာဖြစ်ပါတယ်။ VB ကိုအရောင်ထွက်အောင်လုပ်လိုက်ပေးလိုက်တာက GUI အတွက်အသင့်သုံး control တွေ drag and drop လုပ်ပြီး interface ဆောက်နိုင်စွမ်းနဲ့ အသင့်သုံး library တွေထည့်သွင်းပေးထားမှုသာဖြစ်ပါတယ်။

C++ နဲ့ Java လို ပေမီဒေါက်မီ OOP language တွေအတွက်လည်း Windows OS အပေါ် run တဲ့အဆင့်မြင့် IDE တွေရှိပါတယ်။ ဒါပေမယ့် အလွန်တရာထူးဆန်းအံ့ဩဖွယ်ကောင်းတာက C++,Java နဲ့ Object Pascal လို language တွေအတွက်လည်း VB လိုမျိုး Windows GUI အလွယ်ဖော်ထုတ်လို့ရတဲ့ tools တွေ၊ library တွေပါတဲ့ IDE တွေရှိတယ်ဆိုတဲ့အကြောင်း ပြည်တွင်းကွန်ပျူတာသမားတွေ အလွန်လူသိနည်းတဲ့အချက်ပဲ ဖြစ်ပါတယ်။ အဲဒီလိုဆော့ဖ်ဝဲလ်မျိုးတွေ အမှန်တကယ်ရှိတယ်ဆိုတာ အထက်က ပြောခဲ့တဲ့ ရည်ညွှန်းပရိသတ်တွေအတွက် မိတ်ဆက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

IDE ဆိုတာ Integrated Development Environment လို့အဓိပ္ပာယ်ရပြီး ဆော့ဖ်ဝဲလ်တွေပြုလုပ်ပေးတဲ့ ဆော့ဖ်ဝဲလ်လို့ပြော နိုင်ပါတယ်။ ပုံမှန်အားဖြင့် IDE ထဲမှာ source code editor, build automation tools, compiler နဲ့ debugger တို့ပါတတ်ပါတယ်။ စီးပွားဖြစ်ရောင်းချတဲ့ IDE တွေအပြင် အခမဲ့ရတဲ့ IDE အချို့မှာပါ VB လိုမျိုး GUI တည်ဆောက်ဖို့ tool အမျိုးမျိုးပါရှိပါတယ်။ အချို့ IDE တွေက သတ်သတ်မှတ်မှတ် language တစ်ခုတည်းအတွက်သာ သုံးလို့ရပေမယ့် အချို့ကတော့ language များစွာအတွက် သုံးလို့ရပါတယ်။ သူတို့ကို Plug-ins ပုံစံနဲ့ install အလုပ်ပေးရလေ့ရှိပါတယ်။ အချို့ IDE တွေက ဆော့ဖ်ဝဲလ်ကို cross- platform အတွက် ဖော်ထုတ်လို့ရအောင် ဖြစ်နိုင်စေပါတယ်။ ခေတ်သစ် IDE တွေမှာ OOP software development မှာအသုံးပြုဖို့ class browser, object browser နဲ့ class hierarchy diagram တွေ ပါရှိတတ်ပါတယ်။ အခုလောလောဆယ် C++, Java တို့နဲ့ပတ်သက်တဲ့ IDE တွေအကြောင်း အဓိကထားတင်ပြသွားပါမယ်။

## C++ Builder

အခပေး IDE ဖြစ်ပါတယ်။ ယခင် Turbo C++ IDE ကို ဖော်ထုတ်ခဲ့တဲ့ Borland ကုမ္ပဏီကထုတ်လုပ်တဲ့ proprietary ဆော့ဖ်ဝဲလ်ဖြစ်ပါတယ်။ နောက်ပိုင်းမှာ Embarcadero ကုမ္ပဏီက ဝယ်ယူခဲ့တယ်။ GUI ဖော်ထုတ်ဖို့ VCL library ကိုသုံးပြီး VB ပုံစံ form တွေကို drag and drop လုပ်ပြီး အလွယ်ဖော်ထုတ်နိုင်တယ်။ C++ language ရဲ့အစွမ်းကို အပြည့်အဝအသုံးပြုလို့ရတယ်။ Object Pascal အခြေခံ Delphi နဲ့ တွဲပြီး RAD studio အနေနဲ့လည်း ထုတ်ထားတာရှိတယ်။ Microsoft visual studio မှာ Visual C++, Visual Basic .Net, Visual C# စသည်ဖြင့် စုံလင်အောင်ထည့်သွင်းပေးတဲ့ပုံစံ ဖြစ်ပါတယ်။




## Microsoft Visual Studio

Visual Studio မှာပါတဲ့ Visual C++ က GUI အတွက် MSC (Microsoft Foundation Class) ကို သုံးပါတယ်။ GUI ကို မျက်မြင်ကိုင်တွယ်ချိန်ညှိနိုင်ပေမယ့် ပရိုဂရမ်တည်ဆောက်ရတဲ့ပုံစံက VB မှာလိုတော့ လွယ်ကူခြင်းမရှိတာ တွေ့ရပါတယ်။ ဒါပေမယ့် C++ language ရဲ့ အစွမ်းထက်မှုကြောင့် native app တွေ ဖော်ထုတ်နိုင်ပြီး ရလာတဲ့ app က စွမ်းဆောင်ရည်မြင့်ပါတယ်။ စာသင်သားတွေ အတွက်ကတော့ ပရိုဂရမ်ရေးသားခြင်းကို သင်ကြားလေ့လာဖို့ C++ Builder မှာလိုပဲ console application တွေ ရေးလို့ရပါတယ်။ အဲဒီ console က Windows အပေါ်တိုက်ရိုက် run တဲ့ 32 bit application အစစ်ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီ IDE နှစ်ခု စလုံးဟာ Windows အပေါ် C++ language နဲ့ ပရိုဂရမ်တွေရေးဖို့ အကောင်းဆုံးထောက်ပံ့ပေးပါလိမ့်မယ်။




## Eclipse

Eclipse ဟာ ပထမတော့ Java development ဝန်းကျင်အဖြစ် စတင်ခဲ့ပြီး Plugins တွေကနေတဆင့် အခြားဘာသာစကားတွေ ထည့်သွင်းချဲ့ထွင်လာနိုင်ပါတယ်။ Eclipse CDT ဟာဆိုရင် C++ language ကို ထောက်ပံ့ပေးပါတယ်။ Android app တွေဖော်ထုတ်ရာမှာလည်း Eclipse ကို သုံးစွဲကြရပါတယ်။ များစွာသော ပရော်ဖက်ရှင်နယ် developer တွေက ဒီ IDE ကို ထောက်ခံချက် မြင့်မြင့်မားမားပေးကြတယ်။ အခမဲ့ရတဲ့open source ဆော့ဖ်ဝဲလ်အမျိုးအစားဖြစ်ပါတယ်။




## Net Beans

ယခင်က Sun၊ ယခု Oracle ကထုတ်တဲ့ IDE ဖြစ်ပါတယ်။ Java language ကို ဖော်ထုတ်တဲ့ကုမ္ပဏီကထုတ်ပေးတဲ့ IDE ဆိုတော့ Java အတွက် ဘာမှပြောစရာရှိမှာ မဟုတ်ပါဘူး။ Eclipse နဲ့ လည်း တန်းတူယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ Plugins တွေတစ်ချိန်လုံးထွက်နေပြီး language ပေါင်းများစွာကို ထောက်ပံ့ပေးလာတယ်။ စဦး သုံးစွဲသူအတွက်တောင် install လုပ် သုံးစွဲရတာလွယ်ကူအောင် လုံလုံလောက်လောက် ရိုးစင်းပါတယ်။ သူလည်း အခမဲ့ရတဲ့ Open Source ဆော့ဖ်ဝဲလ် အမျိုးအစားဖြစ်ပါတယ်။




## Xcode

ဒီ IDE ဟာ iOS နဲ့ Mac app တွေ ဖန်တီးဖို့ရာပဲဖြစ်ပါတယ်။ iPhone နဲ့ iPad အတွက်ဆိုရင် Xcode ကိုပဲ ပထမဆုံး သုံးစွဲကြည့်သင့်ပါတယ်။ ဒီ IDE မှာ iPhone simulator နဲ့ GUI builder တို့လည်းပါဝင်ပါတယ်။ Objective-C, Objective-C++, Java နဲ့ အခြား language များစွာကိုလည်း အထောက်အပံ့ပေးပါတယ်။



# Data Center သမိုင်းကြောင်း

ခိုင်လင်း (ဓါက်မှတက္ကသိုလ်)



အခုအချိန်ဟာ လူ့ယဉ်ကျေးမှုအဖွဲ့အစည်းမှာ အဖက်ဖက်ကနောက်ကျကျန်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ တိုင်းပြည်ကြီး သူများကိုအမီလိုက်ဖို့ ထူထောင်စရာအခြေခံအဆောက်အအုံတွေ အများကြီးလိုအပ်နေသေးကြောင်း အရှိကိုအရှိတိုင်း ဝေဖန်ခွင့်ရလာတဲ့ ခေတ်ကာလပဲဖြစ်ပါတယ်။ မျက်စိပွင့်နားပွင့်ဖြစ်လာတာနဲ့အမျှ တိုင်းပြည် အတွက်မြောက်မြားလှစွာသော လိုအပ်ချက်တွေအထဲ Data Center သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်းသိရှိလာပြီး ပြည်တွင်းမှာပထမဆုံးအဖြစ်တည်ဆောက်ဖို့စီစဉ်နေကြောင်း သတင်းတွေလည်း ကြားသိရပါတယ်။ Data Center ဆိုတာ အလုံးစုံလွှမ်းခြုံတဲ့ အချက်အလက်တွေသိုလှောင်ပေးရုံသာမက အသုံးဝင်တဲ့သတင်းဖြစ်လာအောင် ကိုင်တွယ်တွက်ချက်ပေးပြီး လိုအပ်တဲ့သူကို၊ လိုအပ်တဲ့အချိန်မှာ၊ လိုအပ်တဲ့အရာတွေထုတ်ပေးနိုင်တဲ့ ICT နည်းပညာစုံ စပ်ဟပ်အသုံးချထားတဲ့ အခြေခံအဆောက်အအုံကြီးပဲဖြစ်ပါတယ်။ ဒီလိုနည်းပညာမျိုးဟာ ရုတ်တရက်ချက်ချင်း ပေါ်လာတာမျိုးမဟုတ်ပါဘူး။ နယ်ပယ်အသီးသီးကလိုအပ်တဲ့ ဖွံ့ဖြိုးမှုတွေစုဆုံပြီးမှ ရုပ်လုံးပေါ်လာကြရတာမျိုးပါ။ အချိန်နဲ့အမျှ ဆင့်ကဲပြောင်းလဲမှုတွေနဲ့ တော်လှန်ဖောက်ထွက်မှုတွေရောစပ်နေတဲ့ တိုးတက်မှုမျိုးလိုအပ်ပါတယ်။ အဲဒီအတွက် Data Center က အကောင်းဆုံးနမူနာပဲဖြစ်ပါတယ်။ ဒီသမိုင်းကို လေ့လာကြည့်ခြင်းအားဖြင့် သူ့ခေတ်သူ့အခါအလိုက်ထိပ်တန်းက ဦးဆောင်နေတဲ့ ကွန်ပျူတာစနစ်တွေရဲ့သမိုင်းကို လေ့လာရသလိုမျိုးလည်း ဖြစ်နေပါလိမ့်မယ်။

## ၁၉၆၀ နှစ်များအကြိုကာလ၊ ENIAC ကပြခဲ့တဲ့လမ်း

Data Center ဖြစ်ဖို့အနိမ့်ဆုံးအဖြစ် အဆောက်အအုံ၊ အချက်အလက်သိုလှောင်ရေးပစ္စည်း၊ ပြည့်စုံတဲ့ကွန်ပျူတာ အသုံးချအဆောင်အယောင်တွေနဲ့ အတူလုံခြုံစိတ်ချရတဲ့ အရန်ဓာတ်အားပေးစနစ်တွေပါဖို့လိုမယ်လို့ သတ်မှတ်မယ်ဆိုရင် ENIAC ကို ယနေ့ကျွန်တော် တို့သိထားကြတဲ့ Data Center တွေရဲ့ ဘိုးအေကြီး အဖြစ်ရှုမြင်နိုင်ပါ တယ်။ Electronic Numerical Integrator And Computer ကို အတိုကောက်ခေါ်ဝေါ်တဲ့ ENIAC ကိုအမေရိကန်စစ်တပ်ရဲ့လက်နက်ကြီးပစ်ခတ်မှုကုဒ်တွေသိမ်းဆည်းဖို့ ၁၉၄၆ ခုနှစ်မှာ တည်ဆောက်ခဲ့တယ်။ သူ့ရှေ့ကဘယ်ကွန်ပျူတာမှ သူနဲ့ယှဉ်နိုင်လောက်တဲ့ သို လှောင်မှု နဲ့တွက်ချက်မှု စွမ်းရည်မရှိဘူး။ လေဟာပြွန် ၁၇,၄၆၈၊ ပုံဆောင်ခဲ ဒိုင်အုတ် ၇,၂၀၀ နဲ့ ကယ်ပက်စီတာ ၁၀,၀၀၀ ပါရှိတယ်။ တစ်ခုလုံးတပ်ဆင်နေရာချဖို့ကြမ်းခင်းအကျယ် ၁,၈၀၀ စတုရန်းပေလိုအပ်ပြီး တွက်ချက်မှုစွမ်းရည် 0.05 MIPS ထုတ်ပေးဖို့ လျှပ်စစ်ပါဝါ 150 KW စားသုံးတယ်။ ENIAC ကို ၁၉၅၅ ခုနှစ် ရောက်တဲ့အထိ အသုံးပြုခဲ့တယ်။



## ၁၉၆၀ နှစ်များ၊ စီးပွားဖြစ်ဖော်ဆောင်မှုနဲ့ အယောင်ဆောင် ခွဲဝေအသုံးချမှု

လေဟာပြွန်သုံးမဟုတ်တဲ့ ပထမဆုံး ထရန်စစ္စတာသုံးကွန်ပျူတာ (TRADIC) ကို ၁၉၅၄ ခုနှစ်မှာ တီထွင်ခဲ့တယ်။ ဒါပေမယ့် ၁၉၆၀ နှစ်တွေရောက်တဲ့အထိ စီးပွားဖြစ်ပုံစံ အလေးအနက်လုပ်တဲ့စနစ်တွေ ပေါ်ထွက်မလာခဲ့ဘူး။ အဲဒီနောက်မှာတော့ IBM system စီးရီးလို မိန်းဖရိမ်တွေဟာ ကျွန်ပျူတာအသုံးချစွမ်းရည်ကို ခုန်ပျံတိုးတက်စေခဲ့တယ်။ ဒီစက်တွေမတိုင်ခင်က မိန်းဖရိမ်တွေဟာ အဓိကအားဖြင့် အစိုးရနဲ့စစ်ရေးကိစ္စတွေအတွက် တည်ဆောက်ပေးတာဖြစ်ပြီး အချက်အလက်တွေစိတ်ချရအောင် ပတ်ဝန်းကျင်နဲ့လုံခြုံရေးဆိုင်ရာ လိုအပ်ချက်အချို့ရှိတယ်။ စွမ်းဆောင်ရည်တိုးတက်လာတဲ့အခါ အရင်းအမြစ် တွေအကောင်းဆုံး အသုံးချနိုင်ဖို့ရနိုင်တဲ့ hardware ကို ပိုသေးတဲ့ယူနစ်တွေအဖြစ် ပိုင်းခြားသုံးစွဲနိုင်ဖို့လိုအပ်လာတယ်။ ဒီလိုနဲ့Virtualization ကိုတီထွင်ခဲ့ပြီး အစပိုင်းမှာအရမ်းကို အခြေခံကျတဲ့ အဆင့်လောက်သာရှိပါတယ်။ ဒါပေမယ့်အဲဒီသဘောတရားကနေ မိန်းဖရိမ်မှာ multitask လုပ်ပြီး application များစွာတစ်ပြိုင်တည်း run နိုင်တဲ့ နည်းပညာသို့လျင်မြန်စွာ တိုးတက်လာစေခဲ့တယ် virtualization ကို ပထမဆုံး စီးပွားဖြစ်အသုံးပြုမှုကို ၁၉၇၂ ခုနှစ်မှာ IBM VM/ 370 OS နဲ့အတူရရှိလာတယ်။

## ၁၉၄၆ ခုနှစ်၊ ပထမဆုံးစူပါကွန်ပျူတာ

Control Data Corporation ကတည်ထောင်တဲ့ CDC 6600 ကို ပထမဆုံးစူပါကွန်ပျူတာအဖြစ်အသိအမှတ်ပြုထားကြတယ်။ ဒီနေ့ခေတ်စူပါကွန်ပျူတာစွမ်းရည်ရှိတဲ့ data center တွေရဲ့ ခေတ်သစ်ဘိုးဘေးလို့လည်းဆိုနိုင်ပါတယ်။ Lawrence Radiation Laboratory အတွက် Seymour Cray က ဒီဇိုင်းထုတ်ပေးတဲ့စနစ် ဖြစ်ပြီး clock speed 100 nanosecond ရှိတယ်။ CRT ကိုထည့်သွင်းထားတဲ့ နေရာမှာပထမဆုံးဖြစ်ပြီး Lunar Lander လို မော်နီတာမှာပြသတဲ့ ဗီဒီယိုဂိမ်းတွေ ပထမဆုံးအဖြစ်ပုံဖော်ပေးတဲ့ ကွန်ပျူတာအဖြစ်လည်းနာမည်ကျော်ပါတယ်။ CDC 6600 ရဲ့ ဒီဇိုင်းမှာ 40 MHz ပင်မ သိပ္ပံဆိုင်ရာ processor ကိုအခြေခံပြီး အထောက်အပံ့ပေးတဲ့ အရန်စက် ၁၀လုံးနဲ့ ဝန်းရံပေးထားတယ်။ နောက်ပိုင်းမှာအဲဒီ Processor ပုံစံ ကို reduced instruction set computing(RISC) လို့လူသိ များလာတယ်။ အဆက်မပြတ်စွမ်းဆောင်ရည် 1MFlops (အမြင့်ဆုံး 3 MFlops ) ရှိပြီး သူ့ခေတ်အခါက အမြန်ဆုံးဖြစ်ကာ ၁၉၇၇ ခုနှစ် အထိလည်ပတ်သုံးစွဲခဲ့တယ်။ CDC 6600 ကိုအစပိုင်းမှာ ဒေါ်လာ ၈ သန်းနဲ့ရောင်းချခဲ့ပြီး ဒီနေ့ခေတ်တန်ဖိုးအရ ဒေါ်လာသန်း ၆၀ ကျော် တန်ဖိုးရှိတယ်။



## ၁၉၇၀ နှစ်များ၊ ဘေးကပ်ဆိုးဒဏ်ခံနိုင်စွမ်းရောက်ရှိလာခြင်း

မိန်းဖရိမ် ပတ်ဝန်းကျင်မှာ ဘေးကပ်ဆိုးဒဏ်ခံနိုင်ဖို့အစီအမံဟာ ၁၉၇၃ နှစ်လောက်အစောပိုင်းကတည်းက စတင်ပေါ်ထွက်လာခဲ့ပါတယ်။ ဒါပေမယ့် လုပ်ငန်းအဆက်မပြတ် ဆောင်ရွက်ရေးအစီအမံအတွက်အမှန်တကယ်လက်တွေ့ဖော်ဆောင်မှုဟာ Sungard ကုမ္ပဏီနဲ့မှစတင်ဖြစ်ပေါ်လာတယ်။ ဒီကုမ္ပဏီဟာအမေရိကန်မှာ ပထမဦးဆုံးသော ဘေးကပ်ဆိုးဒဏ်ခံနိုင်စွမ်း ဖော်ဆောင်ပေးတဲ့လုပ်ငန်းကို ထူထောင်ခဲ့တယ်။ အဲဒီနောက်အဖွဲ့ရဲ့ အဓိကအာရုံစိုက်မှုက disaster recovery services မဟုတ်တော့တာတောင် ဝန်ထမ်း ၁၇,၀၀၀ ကျော်ရှိတဲ့အထိကြီးထွားခဲ့တယ်။


## ၁၉၇၃ ခုနှစ်၊ Xerox Alto- မိုင်ခရိုကွန်ပျူတာပေါ်ထွက်လာခြင်း

၁၉၇၁ခုနှစ်မှာ Intel 4004 processor တီထွင်မှုနဲ့ အတူကွန်ပျူတာတွေကို အရွယ်အစားအားဖြင့် သေးကျုံ့သွားအောင် လုပ်နိုင်ပါတယ်။ Alto မှာ သူ့ကိုယ်ပိုင်တည်ဆောက်ထားတဲ့ TTL 16-bit CPU ရှိပြီး Intel Chip ကိုသုံးစွဲမထားပေမယ့် နောက်ဆုံးမှာ မိန်းဖရိမ်တွေမျိုးတုံးသွားစေမယ့် ပထမဆုံးသော desktop ကွန်ပျူတာဖြစ်ခဲ့ပါတယ်။ ကျော်ကြားလှတဲ့ Xerox Palo Alto Reseanch Center(PARC) က တီထွင်အသုံးပြုခဲ့တဲ့ Alto ဟာ GUI ကို သုံးတဲ့ နေရာမှာ ပထမဆုံးဖြစ်ပြီး ခလုတ်သုံးခုပါ mouse နဲ့အတူလာတယ်။ အဲဒါကိုစီးပွားဖြစ်မရောင်းချခဲ့ပါဘူး။အနည်းငယ်ပြင်ဆင်ထားတဲ့ version Star ကိုတော့ ၁၉၈၁ ခုနှစ်မှာ ဒေါ်လာ ၁၇,၀၀၀ နဲ့ရောင်းချခဲ့တယ်။ Xerox နဲ့ အကဲဒမစ်အသိုင်းအဝိုင်းအတွက် လုံးရေစုစုပေါင်း ၂,၀၀၀ တည်ဆောက်ခဲ့ပါတယ်။



## ၁၉၇၇ ခုနှစ်၊ ARCNET ကမ္ဘာ့ပထမဆုံးစီးပွားဖြစ် LAN

ကွန်ပျူတာတွေတစ်ခုနဲ့တစ်ခုဆက်သွယ်ဖို့ရာအခြေခံအဆောက်အအုံဟာ ၁၉၇၇ ခုနှစ်မှာ Data point ကုမ္ပဏီရဲ့ ကျေးဇူးနဲ့ပေါ်ထွက်လာပါတယ်။ သူတို့ရဲ့ data point 2200 ကွန်ပျူတာတွေကို ဝေမျှသုံးစွဲတဲ့ floppy data storage စနစ်ဆီ coax ကေဘယ်နဲ့ ဆက်သွယ်ဖို့ ARCNET (Attached Resource Computer Network) ကို ဖော်ထုတ်ခဲ့တယ်။ နောက်ဆုံးမှာတော့ ၁၉၈၅ခုနှစ်မှာ စံသတ်မှတ်ခဲ့တဲ့ ပိုပြီးလက်တွေ့ကျတဲ့ Ethernet ကို လမ်းဖယ်ပေးခဲ့ရတယ်။ ဒါပေမယ့်အဲဒီစနစ်ဟာ မိုက်ခရိုကွန်ပျူတာ များစွာပါဝင်တဲ့ အလုပ်ဖြစ်တဲ့ကွန်ပျူတာ Network အတွက်စဉ်းစားပုံနဲ့ အခြေခံတွေချပေးခဲ့တယ်။ ဒီနေ့အထိအသုံးပြုဆဲ ARCNET ရှိနေပါသေးတယ်။




ရှေ့အပတ်ဆက်ရန်

# MOBILE & LIFE
SHOPPING GUIDE




Huawei က ကမ္ဘာ့အပါးလွှာဆုံးဖြစ်တဲ့ စမတ်ဖုန်းအဖြစ် Ascend P6 ကို ဈေးကွက်အတွင်း ပို့ဆောင်ပေးခဲ့ပါပြီ။ 6.18 mm အထူသာရှိတဲ့ သတ္တုကိုယ်ထည်အတွင်းမှာ 1.5GHz မြန်နှုန်းရှိတဲ့ Quad-Core Processor နဲ့ RAM 2GB ထည့်ပေးထားတဲ့အတွက် စတိုင်ကျ ကျစ်လစ်မှုနဲ့မြင့်မားတဲ့ စွမ်းဆောင်ရည်ကို တစ်ပြိုင်တည်းရနိုင်မှာပါ။ 8MP ကင်မရာက မထူးခြားပေမယ့် ရှေ့ဘက်ကင်မရာက 5MP ရှိတာကတော့ စိတ်ဝင်စားစရာပါ။ 4.7" အကျယ် မျက်နှာပြင်က 1280x720 resolution ရှိပြီး Huawei ရဲ့ "MagicTouch" နည်းပညာက လက်အိတ်ဝတ်ပြီးသုံးရင်တောင် အဆင်ပြေပြေသုံးနိုင်စေပါတယ်။ Huawei ရဲ့အရေးပါတဲ့ ခြေလှမ်းတစ်ခုဖြစ်တဲ့ Ascend P6 ဟာပြည်တွင်းဈေးကွက်မှာ ရနိုင်တော့မှာဖြစ်ကြောင်း ဖော်ပြပေးလိုက်ပါတယ်။

## HUAWEI ASCEND P6




ကိုးရီးယားထုတ်ကုန် လျှပ်စစ်ပစ္စည်း၊အလှကုန်၊အိမ်ဆောက်ပစ္စည်း၊အစားအသောက်များ Fashion များနှင့်ကားများ ပြသမည့်

# Korea Expo 2013

**July ( 26 to 29 )**

**Tatmataw Hall**

Organizer Korean Association in Myanmar 09 4311 8713

kotra

LOGIC MYANMAR 09 730 43611

# အနက်ရောင်သူရဲကောင်း
# Lenovo Ideatab A3000

*ခုနစ်လက်မ တက်ဘလက်တွေထဲမှာ နောက်ထပ် ရွေးချယ်စရာဖြစ်လာမယ့် Lenovo Ideatab A3000 ဖြစ်ပါတယ်။ သူ့ကို ကြော်ငြာတွေ၊ Review တွေမှာ အနက်ရောင်သူရဲကောင်း (Black Hero) လို့ တင်စားကြတယ်။ ဘာကြောင့် ဒီဂုဏ်ထူးကိုရထားသလဲဆိုတာ ကြည့်လိုက်ရအောင်။*



**ဒီဇိုင်း**

ဒီနေ့တက်ဘလက်ဈေးကွက်ထဲမှာ တွေ့ရသမျှ တက်ဘလက်တွေမှာ ဘေးဘောင်တွေ ကျယ်လွန်းပါတယ်။ ထုတ်လုပ်သူတွေကလည်း ရှိုးအီ လာပြီဖြစ်တဲ့ ဒီဇိုင်းဟောင်းကြီးကနေ အခုထိခွဲမထွက် ကြသေးပါဘူး။ ဒီဇိုင်းပိုင်းအရပြောမယ်ဆိုရင် A3000 က ထူးမခြားနားလို့ပဲပြောရပါမယ်။ အရင် နှောင်တော်တက်ဘလက်တွေလို ဘေးဘောင်နေရာလွတ် အကျယ်ကြီးပါတယ်။ အော်ဒီယိုရှပ်ပေါက်၊ microUSB စတဲ့ Connector တွေကို တက်ဘလက်ရဲ့အပေါ်ဖက်မှာ ထည့်သွင်းပေးထားတာက အားပြန်ဖြည့်နေချိန်မှာ အသုံးပြုရကသိကအောက် ဖြစ်စေတယ်။ ဒီဇိုင်းပိုင်းမှာတော့ သူကဟီးရိုးမဟုတ်ပါဘူး။

**စွမ်းဆောင်ရည်**

မျက်နှာပြင်အကျယ် ၇လက်မရှိပြီး Resolution က 1024x600 pixels (170 PPI) ရှိတယ်။ IPS LCD အမျိုးအစားဖြစ်ပြီး Display အရည်အသွေးကိုမသတ်မှတ်ခင် ဈေးနှုန်းကိုပြန်ကြည့်တော့ USD 189၊ အတော့်ကိုသက်သာတဲ့ ဈေးနှုန်းဖြစ်တဲ့အတွက် သင့်တော်တဲ့ အရည်အသွေးရှိတယ်လို့ ပြောလို့ရတယ်။ ထူးခြားချက်က ဈေးသက်သာပေမယ့် Light Sensor ကို ထည့်သွင်းပေးထားတဲ့အတွက် အလင်းအမှောင်အခြေအနေမျိုးစုံမှာ စခရင်မ်ရဲ့တောက်ပမှုကို တစ်သမတ်တည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ Feature ချင်းတူတဲ့ Asus Memo Pad HD 7 က Resolution 1280x800 pixels ရှိပေမယ့် ဈေးနှုန်းပိုင်းမှာ အတော့်ကိုကွာခြားပါတယ်။ HP Slate 7 ထက်လည်း ပိုပေါ့တဲ့အားသာချက်ရှိတယ်။ ဒါတွေက A3000 ကို Black Hero ဝိသေသ ရစေတဲ့ ကနဦးအကြောင်းရင်းတွေပါ။

တက်လဘက်ရဲ့ တွက်ချက်မှုပိုင်းအတွက် MediaTek ထုတ် MTK 8389/8125 ပရိုဆက်ဆာနဲ့ ဂရပ်ဖစ်ပိုင်းအတွက် PowerVR SGX531 GPU ကို တပ်ဆင်ပေးထားတယ်။ ဈေးသက်သာတဲ့ချစ်ပ်အမျိုးအစားဖြစ်ပြီး ပရိုဆက်ဆာရဲ့အမြန်နှုန်းက 1.2 GHz ရှိတယ်။ (တစ်ချို့ဝက်ဘ်ဆိုက်တွေမှာတော့ ပရိုဆက်ဆာကို ARM Cortex A7 Quad-core လို့ ဖော်ပြထားပါတယ်။) RAM ပမာဏ 1 GB ပါဝင်တယ်။ Internal Storage က 16 GB ပါဝင်ပြီး 64 GB အထိ Storage တိုးချဲ့နိုင်တဲ့ microSD Slot ပါဝင်တယ်။

**ဘက်ထရီနှင့် ကင်မရာ**

အသေတပ်ဆင်ထားတဲ့ 3500 mAh လစ်သစ်ယမ်ပိုလီမာ ဘက်ထရီပါဝင်တယ်။ Standby အနေအထားနဲ့ နှစ်ပတ်လောက်အထိ အထားခံတယ်။ Wifi နဲ့ Web Browsing လုပ်တာမျိုးတွေအတွက် ခုနစ်နာရီကျော်အထိ အသုံးပြုနိုင်ပြီး SIM ထည့်သွင်းပြီး ဖုန်းပြောရင်တော့ ရှစ်နာရီကျော် ဆက်တိုက်သုံးနိုင်ပါတယ်။ တက်ဘလက်တစ်လုံးအတွက် ပြည့်စုံတဲ့ပါဝါထောက်ပံ့မှုလို့ ပြောလို့ရပါတယ်။ ကင်မရာအတွက်တော့ 5 MP Primary Camera နဲ့ VGA Front Camera ပါဝင် တယ်။ Primary Camera နဲ့ 2592x1936 pixels အရည်အသွေးရှိတဲ့ ဓာတ်ပုံတွေရိုက်ကူးနိုင်ပြီး Auto- focus လိုမျိုး Feature တွေလည်း ပါဝင်တယ်။

**ချိတ်ဆက်မှု**

ဝါယာလက်နည်းပညာအတွက် Wifi 802.11 b/g/n ကိုထောက်ပံ့ပေးထားပြီး Bluetooth 4.0 ပါဝင်တယ်။ USB ဗားရှင်းက 2.0 ဖြစ်ပြီး ထုံးစံအတိုင်း microUSB Port အနေနဲ့ ပါဝင်တယ်။ သီချင်းတွေကို အရသာရှိရှိနားဆင်ဖို့နဲ့ Handfree စကားပြောနိုင်ဖို့ 3.5mm Headphone Jack ပါဝင်ပြီး GSM ကွန်ရက်အတွက် ဆင်းမ်ကတ်ထည့်သွင်းအသုံးပြုနိုင်တယ်။

**အခြား**

စက်လည်ပတ်မှုစနစ်အတွက် Android ဗားရှင်း 4.1 (Jelly Bean) ကို အသုံးပြုထားပြီး Google ရဲ့ Featured App တွေနဲ့ Android တက်ဘလက်တွေမှာပါဝင်နေကျ Player, Document Viewer စတဲ့ App တွေ အစုံအလင်ပါဝင်တယ်။ GPS ပါဝင်ပြီး တခြား Sensor အနေနဲ့ Accelerometer ပဲ ပါဝင်တယ်။ Radio ကိုတော့ ထည့်သွင်းပေးထားတာ မတွေ့ရပါဘူး။ ဈေးနှုန်းက USD 183.20 ကနေ USD 189 အထိ ကွဲပြားမှုရှိတယ်။ တစ်ချို့ဝက်ဘ်ဆိုက်တွေမှာ Preorder အတွက် USD 299 လို့ သတ်မှတ်ထားတာကိုလည်း တွေ့ရပါတယ်။

Lenovo Ideatab 3000 ရဲ့ အားသာချက်က Display Resolution ကောင်းမွန်ပြီး ဘက်ထရီကလည်းအဆင့်မီတယ်လို့ ပြောလို့ရပါတယ်။ ဒါ့အပြင် 5.0 MP ကင်မရာပါဝင်တာက တခြားဈေးချိုတဲ့ တက်ဘလက်တွေကြားမှာ တစ်မူထူးခြားစေပါတယ်။ အားနည်းချက်က HP Slate 7 ထက်ပေါ့တယ်ဆိုပေမယ့် တခြားဆိုဒ်တူ တက်ဘလက်တွေထက်တော့ အနည်းငယ်ပိုလေးပါတယ်။ Front Camera ကလည်း 0.3 MP VGA မို့ 2 MP လောက်ဆိုရင် A3000 ကို Black Hero လို့ အပြည့်အဝလက်ခံလို့ရမှာဖြစ်ပါတယ်။



# MOST POPULAR









| | Kendo Tab | Lenovo A3000 | Mobile Pad | Teclast tPad |
|---|---|---|---|---|
| Display | 7" PLS LCD | 7.0" Display | 7" LED Backlit | 8" LED Capacitive Touch |
| CPU | 1GHz Dual Core | 1.2 GHz Quad Core | 1GHz Dual Core | 1.0 GHz Dual Core |
| Memory | 512 MB | 1 GB | 512 MB | 1GB |
| Storage | 4 GB | 4 GB | 4 GB | 4 GB |
| OS | Android 4.1.2 | Android 4.2.1 | Android 4.0.3 | Android 4.0.4 |
| Camera | 2MP (Back), 0.3 MP (Front) | 5 MP(Back), 0.3MP(Front) | 2MP(Back), 0.3MP(Front) | Webcam |
| Other | Webcam,Card Reader | Bluetooth, Webcam | Cardreader, Webcam | Cardreader,USB,Bluetooth |
| Price | 59,000 Ks | 195, 000 Ks | 99,000 Ks | 179,000 Ks |

# HOW TO
# မြန်မာလူငယ်တွေဖန်တီးတဲ့ Appsemble Lite

မြန်မာလူမျိုးတွေအတွက် မြန်မာလူငယ်တွေဖန်တီးထားတဲ့ သတင်းအသားပေး Utility လေးတစ်ခု ဖြစ်ပါတယ်။ RSS Feed တွေကို ဖတ်နိုင်တဲ့ Reader, Google Reader, XChange Rates, Currency Converter စတဲ့ App တွေကို တစ်စုတည်းပေါင်းထားပေးတယ်။ ဒါ့အပြင် မြန်မာဖောင့်နဲ့အသုံးပြုနိုင်တဲ့ Note နဲ့ ဘရောက်ဆာတစ်ခုကိုလည်း ထည့်သွင်းပေးထားတယ်။ App လေးရဲ့ အမည်က Appsemble Lite ဖြစ်ပြီး သူ့ရဲ့အခမဲ့ဗားရှင်းကို ပုံမှာပြထားတဲ့ QR ကို Scan လုပ်ပြီး download ရယူနိုင်ပါတယ်။ အခမဲ့ဗားရှင်းမှာတော့ Ads တွေပါဝင်မှာဖြစ်ပြီး Licensed ဗားရှင်းနဲ့ လုပ်ဆောင်ချက်ချင်းအတူတူပဲ ဖြစ်ပါတယ်။ ကဲ. . App လေးကို download ဆွဲပြီးရင်တော့ သူ့ရဲ့အသုံးပြုပုံလေးကို လေ့လာကြည့်ရအောင်။

Appsemble Icon လေးကို တစ်ချက်တို့ပြီး App ကို စတင်လိုက်ပါ။ အဲဒီအခါ ပုံမှာပြထားသလို Appsemble ရဲ့ ပထမဆုံးစခရင်မ်ကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီစခရင်မ်မှာ Utility လေးတွေကို စုပေါင်းထားတာကို တွေ့ရမှာဖြစ်ပြီး အဲဒီ Utility တွေက. . .




**1. RSS Feeds:** အွန်လိုင်းမှာ RSS နဲ့ Subscribe လုပ်ထားတဲ့သတင်းတွေကို တစ်နေရာထဲမှာ စုစည်းပေးထားတာဖြစ်ပါတယ်။ RSS Feed ကို တစ်ချက်တို့လိုက်ရင်တော့ ပုံမှာပြထားသလို ထည့်သွင်းထားတဲ့ ဝက်ဘ်ဆိုက်တို့ရဲ့သတင်းတွေကို ဆိုက်တစ်ခုချင်းစီအလိုက် ခွဲပြထားပါတယ်။ တကယ်လို့ RSS Feed မပေးရသေးရင်လည်း အပေါ်ညာဖက်ထောင့်က အစိမ်းရောင်အပေါင်းခလုတ်လေးကိုတို့ပြီး Feed တွေ ထပ်ထည့်နိုင်ပါတယ်။

အဲဒီလို Feed တွေထည့်ရာမှာလည်း အဆင်ပြေအောင် ဝက်ဘ်ဆိုက်ရဲ့အမည်ကို ရိုက်ထည့်ရုံပဲဖြစ်ပါတယ်။ App ကနေ အဲဒီ ဝက်ဘ်ဆိုက်ကိုသွားပြီး RSS Feed ကို အလိုအလျောက်ရှာဖွေထည့် သွင်းပေးနိုင်ပါတယ်။ ပုံမှာ 7daynewsjournal ကို ထည့်သွင်းပြထား ပါတယ်။ ထည့်သွင်းတာအောင်မြင်သွားရင် ရှေ့ကပုံမှာပြထားသလို 7Day News Journal - ၇ ရက် သတင်းဂျာနယ်ကို တွေ့ရမှာဖြစ်ပြီး သူ့ကိုတစ်ချက်တို့လိုက်ရင်တော့ 7Day News ရဲ့ သတင်းတွေကို Loading ဆွဲဖတ်နိုင်ပြီဖြစ်ပါတယ်။

ဒီ RSS Reader ရဲ့ထူးခြားချက်က အင်တာနက် Connection ရှိချိန်မှာ သတင်းတွေကိုအလိုအလျောက် download ဆွဲချပေးနိုင်ပြီး နောင်မှအေးအေးဆေးဆေး ပြန်ဖတ်စေနိုင်ပါတယ်။ ဒါ့အပြင် သတင်းတွေကို အမျိုးအစားလည်း ခွဲခြားပေးထားပါသေးတယ်။ ဖန်တီးသူတို့ရဲ့အဆိုအရ News Feed ပေါင်း ၂၅၀ ကျော် ပါဝင်တယ်လို့ ဆိုပါတယ်။




**2. Google Reader:** Google Reader ကတော့ ဇူလိုင် ၁ ရက်နေ့ကစပြီး Google က ထောက်ပံ့မပေးတော့တဲ့အတွက် မစမ်းကြည့်တာ ပိုကောင်းပါတယ်။





**3. Browser:** ဒီဘရောက်ဆာကတော့ မြန်မာဘာသာစကားကို အသုံးပြုနိုင်တဲ့ဘရောက်ဆာဖြစ်ပြီး အွန်လိုင်းရ Open-source ဘရောက်ဆာတစ်ခုဖြစ်တဲ့ Zirco Browser ကို အသုံးပြုထားတာဖြစ်ပါတယ်။ Zawgyi သုံးထားတဲ့ဝက်ဘ်ဆိုက်တွေကို Root လုပ်စရာမလို၊ Zawgyi ဖောင့်သွင်းစရာမလိုဘဲ ဖတ်နိုင်ပါတယ်။

**4. XChange Rates:** နေ့စဉ်ငွေလဲနှုန်းတွေကို ဖော်ပြပေးပါတယ်။ နှစ်သက်ရာနိုင်ငံကိုရွေးချယ်ပြီး တစ်ဆင့်ချင်းစီဝင် ရောက်ကြည့်ရှုနိုင်ပါတယ်။ ပုံမှာ မြန်မာကိုရွေးချယ်ပြီး တခြား Exchange Rate တွေ ကြည့်တာကို ဖော်ပြထားပါတယ်။ အင်တာနက် Connection ရှိချိန်မှာ Update ပြုလုပ်နိုင်ပြီး Connection မရှိချိန်မှာတော့ နောက်ဆုံးထည့်သွင်းထားတဲ့ Exchange Rate ကို ကြည့်နိုင်ပါတယ်။




**5. Currency Converter:** Central Bank of Myanmar ရဲ့ ဆားဗစ်ကို ချိတ်ဆက်ပေးထားတာဖြစ်ပြီး နေ့စဉ်ငွေလဲလှယ်မှု တန်ဖိုးနှုန်းထားတွေကို အတိကျဆုံးဖော်ပြပေးနိုင်စွမ်းရှိပါတယ်။ မြန်မာကျပ်ကနေ အခြားနှစ်သက်ရာငွေကြေးတန်ဖိုးကို ပြောင်းလဲပေးနိုင်ပါတယ်။ မသုံးခင် အင်တာနက်နဲ့ချိတ်ဆက်ပြီး Update Rate ခလုတ်လေးကို တစ်ချက်တို့လိုက်ဖို့တော့ မမေ့ပါနဲ့။




**6. Note:** မြန်မာစာနဲ့ အသုံးပြုနိုင်အောင် Zawgyi ကီးဘုတ်ကိုပါ တစ်ခါတည်း ထည့်သွင်းပေးထားပါတယ်။ စာတိုပို့တာပဲ ဖြစ်ဖြစ်၊ မှတ်စုမှတ်ဖို့ပဲဖြစ်ဖြစ် အသုံးတည့်ပါတယ်။




**7. Offline Data Clear:** အသုံးပြုသူ ဆွဲချထားတဲ့သတင်းတွေကို ပြန်ဖျက်ပြီး ရှင်းလင်းဖို့အတွက် အသုံးပြုနိုင်ပါတယ်။ ဒါမှမဟုတ်ရင် Offline Data တွေက သင့်ဖုန်းထဲမှ စုပုံပြီး Storage မှာ နေရာပုပ်စေမှာဖြစ်ပါတယ်။





ဒီလောက်ဆိုရင် Appsemble Lite ရဲ့ အစွမ်းကို သိလောက်ပြီထင်ပါတယ်။ လူငယ်သုံးယောက်ရဲ့ စိတ်ကူးကွန့်မြူးမှုကနေပေါ်ထွက်လာတဲ့ စွယ်စုံသုံး Utility အစုအဝေးလေးဖြစ်ပါတယ်။ ပရိတ်သတ်ကြီးရဲ့ တစ်နေ့တာလုပ်ငန်းဆောင်တာတွေမှာ အသုံးတည့်သလဲဆိုတာ Appsemble ကို စမ်းသပ်ကြည့်ပါလို့ တိုက်တွန်းရင်း. . .

# Rovio မှ STAR WARS ရုပ်ရှင်စီးရီးပုံစံ ဂိမ်းအသစ်ထုတ်လုပ်

Rovio မှ STAR WARS စီးရီး ရုပ်ရှင်ဇာတ်လမ်းများနှင့် ဆင်တူသည့် ဂိမ်းအသစ်တစ်မျိုးကို ပြီးခဲ့သည့် တနင်္လာနေ့၌ ယင်း၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်တွင် မိတ်ဆက်ပေးခဲ့သည်။ ကြော်ငြာပိုစတာကို STAR WARS ဇာတ်ကားမှ Darth Vader ၏ အရိပ်မိုးနေသည့် Anakin Skywalker ပုံစံ Angry Bird ဇာတ်ကောင်ငှက်ကလေးဖြင့် သရုပ်ဖော်ထားသည်။ Rovio မှ ဝက်ဘ်ဆိုက်တွင် Headline ပုံစံကြော်ငြာထားသည့် ယင်းဂိမ်းနှင့် ပတ်သက်ပြီး 'Character ပေါင်းများစွာ၊ Power ပေါင်းများစွာဖြင့် တန်ဆာဆင်ထားပြီး အံ့အားသင့်ဖွယ် Feature များ ပါဝင်သည်' ဟု ဆိုထားသည်။ ယင်းအံ့အား သင့်ဖွယ်များတွင် STAR WARS ဇာတ်ကားထဲမှ ရယ်စရာဇာတ်ကောင် Jar Jar Binks ပါဝင်လောက်သည်ဟု အချို့က ခန့်မှန်းကြသည်။

ယင်းဂိမ်းနှင့် ပတ်သက်ပြီး Rovio မှ 'တနင်္လာနေ့က ကြော်ငြာနဲ့ ပတ်သတ်ပြီး စိတ်လှုပ်ရှားမိပါတယ်။ ကျွန်တော်တို့ ဖန်တီးထားတဲ့ ဒီဂိမ်းကို ပရိတ်အလယ်ချပြဖို့ မစောင့်နိုင်တော့ဘူး' ဟု ယင်း၏ Twitter စာမျက်နှာတွင် ဖော်ပြခဲ့သည်။ နောက်ထပ် Angry Bird ဂိမ်းစီးရီးတွေ ထပ်မထုတ်နိုင်မှာကို စိုးရိမ်နေပြီး ယခုဂိမ်းတွင် STAR WARS ဇာတ်ကားမှ နှစ်ဖက်ရောင်ခြည်ဓားများ ထည့်သွင်းပေးထားသည်ဟုလည်း ဖော်ပြထားသည်။




## ယခုလအတွင်း S3 အတွက် Android 4.2.2 Jelly Bean Update ထုတ်ပေးမည်

Rumor များအဖြစ် အချိန်ကြာမြင့်နေခဲ့သော S3 အတွက် တရားဝင် Android 4.2.2 (Jelly Bean) Update ကို ယခုလတွင် ထုတ်ပေးမည်ဖြစ်သည်။ နောက်ဆုံးရရှိထားသော သတင်းများအရ ယင်း Update ၌ S4 တွင် ပါဝင်သည့် Feature သစ်များစွာ ပါဝင်လာမည်ဖြစ်ပြီး ခန့်မှန်းချက်များအရ S4 တွင် စတင်ပါဝင်လာသည့် Smart Scroll နှင့် Smart Pause ကဲ့ သို့သော Feature များလည်း ပါဝင်လာမည်ဖြစ်သည်။

တရားဝင် Update အတွက် ထုတ်ပေးမည့်နေ့ရက် အတိအကျကို ဖော်ပြထားခြင်းမရှိသေးသော်လည်း ယင်း Update ၏ Pre ဗားရှင်းမှာ Leaked ဖြစ်လျက်ရှိသည်။ ယင်း Pre ဗားရှင်းတွင်ပင် Lockscreen အသစ်၊ ကင်မရာ Feature အသစ်များ၊ S Voice နှင့် Voice Control ပုံစံ အသစ်များ ပါဝင်သည်ဟု သိရသည်။ ထို Update ကို အမေရိကန်မိုဘိုင်းလ်ဈေးကွက်တွင် အရင်ဆုံးချထားပေးမည်ဖြစ်ပြီး အခြားနိုင်ငံများအတွက် ထုတ်ပေးမည့်နေ့ရက်များကိုလည်း မကြာခင်မှာပင် ကြေညာပေးသွားမည်ဖြစ်သည်။



## နိုကီးယား၏ စီအီးအို Stephen Elop မှ Android နှင့် လက်မတွဲဖြစ်သည့် အကြောင်းရင်းကိုပြောကြား

Nokia ၏ အမှုဆောင်အရာရှိချုပ် Stephen Elop မှ Nokia ဖုန်းများတွင် Android OS ကို အသုံးမပြုဘဲ မိုက်ခရိုဆော့ဖ်၏ Windows Phone OS များကို အသုံးပြုရခြင်းနှင့် ပတ်သက်သည့် ယင်း၏ သဘောထားကို စိစစ်လေ့လာသူများအား ထုတ်ဖော်ပြောကြားခဲ့သည်။ အဓိကအကြောင်းရင်းမှာ Nokia အနေနှင့် Android ၏ လွှမ်းမိုးမှုအောက်သို့ မရောက်စေရန်အတွက်ဖြစ်သည်ဟု ဆိုသည်။ ဆမ်ဆောင်းမှာ Android OS သုံးဖုန်းများ ထုတ်လုပ်ခြင်းဖြင့် အောင်မြင်မှုရကာ အကျိုးအမြတ်များစွာ ရရှိခဲ့သော်လည်း Google ၏ လွှမ်းမိုးမှုအောက်တွင် ရှိနေကြောင်း ပြောကြားခဲ့သည်။

Nokia မှ Windows Phone OS ကို အသုံးပြုရန် ဆွေးနွေးမှုများ မပြုမီ Google နှင့် Android OS ကိစ္စကို ဆွေးနွေးခဲ့သေးသည်။ Elop မှ Windows Phone OS ကို အသုံးပြုရန် ဆုံးဖြတ်ခဲ့ပြီး ကုမ္ပဏီ၏နှစ်ပတ်လည်အစည်းအဝေးတွင်၂၀၁၀တွင်ချခဲ့သောယင်း၏ ဆုံးဖြတ်ချက်အတွက် ကုမ္ပဏီမှ နားလည်လက်ခံပေးလိမ့်မည်ဟု မျှော်လင့်ကြောင်းပြောကြားခဲ့သည်။ ထိုဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး ဂုဏ်ယူကြောင်းနှင့် Android OS ကို အသုံးပြုခြင်းအတွက် ကုမ္ပဏီများမှာ စွန့်စားရာ ရောက်လွန်းပြီး OS နှင့် ပတ်သက်၍ Google ကိုသာ ဝကွက်အပ်ထားရသကဲ့သို့ ဖြစ်နေကြောင်း၊ နောက်ပိုင်းတွင် အခက်အခဲ များစွာနှင့် ရင်ဆိုင်လာနိုင်ရကြောင်း ပြောကြားခဲ့သည်။ Elop မှာ HTC ကြုံတွေ့ခဲ့ရသော ငွေကြေးအခက်အခဲကို ဥပမာ အနေနှင့် ထည့်သွင်းပြောဆိုခဲ့သည်။

## Google Maps App ထုတ်ပေးပြီး နှစ်ဆယ့်လေးနာရီအတွင်း Update ထပ်ထုတ်ခဲ့

Google မှ Google Maps App ကို ကြာသပတေးနေ့တွင် ထုတ်ပေးခဲ့ပြီးနောက်နှစ်ဆယ့်လေးနာရီအတွင်း ယင်း App အတွက် Update အသစ် ထပ်ထုတ်ပေးခဲ့သည်။ ယင်း Update အသစ်တွင် Offline Maps များကို သိမ်းဆည်းနိုင်သည့် Feature ပါဝင်လာ သည်ဟု သိရသည်။ အသစ်ထုတ်ပေးလိုက်သည့် Google Maps App အသစ်တွင် Maps များကို Offline အသုံးပြုနိုင်သည့် Feature ပါဝင်သော်လည်း အသုံးပြုသူများအတွက် မည်သည့်နေရာမှ ရယူအသုံးပြုရမည်ကို အလွယ်တကူ ဖော်ပြထားခြင်းမရှိသောကြောင့် ယင်း Update ကို ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ Update တွင် ထူးခြား သော ပြောင်းလဲမှုများ မပါဝင်ဘဲ Maps များကို Offline သိမ်းဆည်းရန် 'Make this map area available offline' ဟု ရေးသားထားသည့် Button တစ်ခု ထပ်မံထည့်သွင်းပေးခဲ့သည်။ ထို Button ကို တစ်ချက်တို့လိုက်ရုံဖြင့် မြင်နေရသည့် Map ကို Offline အသုံးပြုနိုင်ရန်အတွက် သိမ်းဆည်းပေးမည်ဖြစ်သည်။




## HTC One Clone ထွက်ပေါ်လျက်ရှိ




တရုတ်နိုင်ငံမှ KIRF Market တွင် iPhone, Galaxy S3 စသည့် အထင်ကရဖုန်းများ၏ Clone များကို ဖော်ပြရောင်းချလျက်ရှိပြီး မကြာခင် အချိန်က HTC One ၏ Clone ကိုလည်း ဖော်ပြခဲ့ကြောင်း သိရသည်။ ယင်း HTC One Clone မှာ HTC One နှင့် ခွဲမရလောက် အောင်ပင် တူညီမှုရှိပြီး ခြားနားချက်မှာ ကိုယ်ထည်ကို ပလတ် စတစ်ဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။

HTC One Clone တွင် အစစ်ကဲ့သို့ Resolution 1920 x 1080 pixels မဟုတ်ဘဲ 1280 x 720 pixels ပါဝင်သည်။ ယင်း Clone ကို ကိုင်ကြည့်မှ ကိုယ်ထည်ကို ပလတ်စတစ်ဖြင့် ပြုလုပ်ထား ကြောင်း သိနိုင်ပြီး HTC One နှင့် ချွတ်စွပ်တူစေရန် ဆေးခြယ်ထားသည်။ စပီကာအတွက် နေရာနှစ်ခု ထည့်သွင်းထား သော်လည်း အပေါ်ဖက်တွင်သာ စပီကာပါဝင်သည်။ HTC One အစစ်တွင် HTC Logo အောက်၌ Menu Key ပါဝင်သော်လည်း ယင်း Clone တွင် မပါဝင်ကြောင်း သိရသည်။ အခြားအချက်အလက်များလည်း အတော်ဆင်တူအောင် ပြုလုပ်ထားပြီး ဈေးကွက်လေ့လာသူများက HTC ပရိသတ်အတွက် သတိပြုသင့်သည်ဟု ဆိုသည်။

# DIGITAL PLAY




**DuckDuckGo**
File Size - 1.1MB
Requires Android 2.2 and up

Search Engine app ဖြစ်ပါတယ်။ သတင်းတွေ အဓိက ရှာဖွေပေးမှာပါ။ ရှာဖွေရာမှာ Google, Yahoo! နဲ့ Bing တို့လို ရှာဖွေတဲ့အကြောင်းအရာတွေကို မှတ်တမ်းတင်ထားမှာ မဟုတ်ပဲ anonymously ရှာဖွေနိုင်မှာပါ။ Auto Complete နဲ့အခြား feature တွေ စုံစုံလင်လင်ပါဝင်ပါတယ်။ Reddit, BBC, CNN, Reuters, Time စတဲ့ site တွေကနေ အများဆုံးရှာဖွေပေးပါတယ်။




**Floating Touch**
File Size - 1.1MB
Requires Android 2.3 and up

ဖုန်းရဲ့မျက်နှာပြင်မှာ အမြဲတမ်းပေါ်နေမယ့် floating button ပါ။ Wifi, Bluetooth, Sound နဲ့ Brightness လို toggle တွေအပြင် app တွေအတွက်လည်း button တွေ ပါဝင်ပါတယ်။ Button တွေကို စက်ဝိုင်းပုံစံနဲ့ဖော်ပြထားပြီး ဖော်ပြမယ့် button တွေကို စိတ်ကြိုက် ပြင်ဆင်နိုင်ပါတယ်။ Button တွေရဲ့အရောင်ကိုလည်း ပြင်ဆင်နိုင်ပါတယ်။





**App Lock**
File Size - 1.0MB
Requires Android 2.2 and up

ဖုန်းထဲက app တွေကို အခြားသူတွေ အလွယ်တကူ မသုံးနိုင်အောင် lock ချထားနိုင်တဲ့ app ပါ။ SMS, Contacts စတဲ့ built-in app တွေ အပါအဝင် ဖုန်းထဲက app တွေအားလုံးကို lock လုပ်လို့ရပါတယ်။ App တွေကို lock လုပ်ရာမှာ password lock နဲ့ pattern lock နှစ်မျိုးလုံး သုံးနိုင်ပါတယ်။ ဖုန်း call တွေကိုပါ lock လုပ်နိုင်ပါတယ်။




**AVG unstaller**
File Size - 1.7MB
Requires Android 2.2 and up

ကွန်ပျူတာလုံခြုံရေး software တွေနဲ့ နာမည်ကြီးနေတဲ့ AVG က Android တွေအတွက် ထုတ်ထားတဲ့ uninstaller app ပါ။ ဖုန်းထဲက app တွေကို uninstall လုပ်ပေးနိုင်တဲ့အပြင် app တွေရဲ့ ဘက်ထရီအသုံးပြုမှု၊ RAM နဲ့ storage အသုံးပြုမှုတွေကို ကြည့်ရှုနိုင်ပါတယ်။ မသုံးတာကြာတဲ့ app တွေ၊ ဘက်ထရီ၊ RAM နဲ့ storage အသုံးပြုမှုများတဲ့ app တွေကို uninstall လုပ်ဖို့ ရွေးချယ်ဖော်ပြပေးပါတယ်။




**HD Caller ID**
File Size - 3.0MB
Requires Android 2.1 and up

ဖုန်းလာတဲ့အခါ၊ ခေါ်ဆိုတဲ့အခါ ဖော်ပြပေးတဲ့ contact person ရဲ့ ဓာတ်ပုံကို ဖုန်းမျက်နှာပြင်အပြည့်ဖော်ပြပေးတဲ့ app ပါ။ ဖုန်းခေါ်ဆိုမှုအပြင် SMS ပို့ရာမှာလည်း ဖော်ပြပေးပါတယ်။ Contact ပေါင်း ၅၀၀ အထိ အသုံးပြုနိုင်ပြီး theme 14 မျိုး ပါဝင်ပါတယ်။ Facebook ပေါ်က ဓာတ်ပုံတွေကို တိုက်ရိုက်ယူသုံးနိုင်ပါတယ်။




**Paper Artist**
File Size - 10MB
Requires Android 4.0 and up

ဓာတ်ပုံတွေကို စက္ကူပေါ်မှာ ပန်းချီဆွဲထားတဲ့ ပုံစံမျိုးဖြစ်အောင် effect ထည့်ပေးတဲ့ app လေးပါ။ ခဲပန်းချီပုံ၊ ဖယောင်းနဲ့ ဆွဲထားတဲ့ပုံစံတွေအပါအဝင် effect အမျိုးပေါင်း ၃၀ ကျော်ပါဝင်ပြီး လွယ်လွယ်ကူကူနဲ့သုံးနိုင်အောင် ပြုလုပ်ထားပါတယ်။ လှပတဲ့ photo frame တွေလည်း ပါဝင်ပါတယ်။ ရှိပြီးသား ဓာတ်ပုံတွေကိုပြင်နိုင်သလို ဖုန်းရဲ့ကင်မရာနဲ့ အသစ်ရိုက်ယူပြီးလည်း ပြင်နိုင်ပါတယ်။




**System Info Widget**
File Size - 1.9MB
Requires Android 1.5 and up

ဖုန်းရဲ့ဘက်ထရီနဲ့ မမ်မိုရီအသုံးပြုမှု၊ ဖုန်းလိုင်းအခြေအနေ စတဲ့အချက်အလက်တွေကို home screen မှာ ဖော်ပြထားတဲ့ widget app ဖြစ်ပါတယ်။ ဖုန်းရဲ့အပူချိန်၊ SD ကတ် အသုံးပြုမှုတွေ အပါအဝင် အချက်အလက်တွေ စုံစုံလင်လင်ဖော်ပြထားပါတယ်။ Wifi, GPS, 2G/3G တွေအတွက် toggle တွေလည်း ပါဝင်ပါတယ်။ Widget အရွယ်အစား ၄ မျိုးပါဝင်ပြီး theme ၇ မျိုး ပါဝင်ပါတယ်။




**Pearltree**
File Size - 6.8MB
Requires Android 2.2 and up

အင်တာနက်ပေါ်က ကိုယ်စိတ်ဝင်စားတဲ့ အကြောင်းအရာ စုံစုံလင်လင်ကို တစ်နေရာထဲမှာ စုစည်းကြည့်ရှုနိုင်တဲ့ app ပါ။ Website တွေသာမက app တွေရဲ့ update တွေကိုလည်း တစ်နေရာ တည်းမှာ စုစည်းကြည့်ရှုနိုင်ပါတယ်။ Pearltrees ရဲ့ desktop ဗားရှင်းနဲ့လည်း ချိတ်ဆက်သုံးနိုင်ပါတယ်။ စုစည်းထားတာတွေကို လူမှုကွန်ရက်တွေမှာ အလွယ်တကူမျှဝေနိုင်ပါတယ်။

# ကလေးများအတွက် မိုဘိုင်းလ် app ဈေးကွက် ကျယ်ပြန့်လာမှုနဲ့ မိဘများအတွက်

# သတိပြုစရာများ

ကျော်ကျော်သက်





**ငါးနှစ်သားကလေးတစ်ယောက်ဟာ *i Pad* ဂိမ်းတစ်ခုကစားရင်း မထင်မှတ်ဘဲ ပေါင် ၁၇၀၀ ဖိုးလောက် *online* ကနေ ဈေးဝယ်မိတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ပါတယ်။ *online* ဈေးကွက်သုသေသန အဖွဲ့အစည်းတွေရဲ့အဆိုအရ သီဟိုလို ပေါင်တစ်ထောင် လောက်သုံးမိတာမဟုတ်ပေမယ့် ကလေးတွေကမသိဘဲ မှားယွင်းဝယ်မိတဲ့အဖြစ်တွေဟာ နှစ်စဉ်သန်းနဲ့ချီရှိတယ်လို့ ဆိုပါတယ်။ ဒါကြောင့် မိုဘိုင်းလ် *app* တွေရဲ့ စီးပွားရေးလုပ်ဆောင်မှုပုံစံနဲ့ ကလေးတွေအပေါ် အကျိုးသက်ရောက်မှုကို အများက သိရှိလာပါတယ်**

အင်္ဂလန်နိုင်ငံ၊ ဘရစ်တိုမြို့က အိမ်ခြံမြေအေးဂျင့်တစ်ဦးဖြစ်တဲ့ရှိုလန်ဖရှိုင်းဟာ ဇနီးဖြစ်သူက ဘဏ်စာရင်းထဲမှာရှိတဲ့ ပေါင်တစ်ထောင် ဘယ်ရောက်သွားလဲလို့မေးလာတဲ့အခါ အတော်စဉ်းစားရကျပ်သွားပါတယ်။ လင်မယားနှစ်ယောက်စလုံးမသုံးရဘဲ ဘဏ်စာရင်းထဲက ပေါင်တစ်ထောင်လျော့သွားတဲ့အကြောင်းရင်းကို သေချာစစ်ဆေးကြည့်လိုက်တဲ့အခါအဖြေက သူတို့ရဲ့ရှစ်နှစ်အရွယ် သားငယ်သီယိုဖြစ်နေပါတယ်။ တကယ်တော့ သီယိုကိုယ်တိုင်ကလည်း ပေါင်တစ်ထောင်လောက်ဖြုန်းပစ်မိပြီဆိုတာမသိပါဘူး။

အဖြစ်ကဒီလိုပါ။ သီယိုဟာရှိုလန်ရဲ့ iPad နဲ့ ဂိမ်းကစားလေ့ရှိပါတယ်။ သူအမြဲကစားတဲ့ Tapped out ဆိုတဲ့ ဂိမ်းထဲမှာ level ကတစ်ခုမြန်မြန်အောင်ဖို့၊ ကိုယ့်ဇာတ်ကောင်ရဲ့ စွမ်းဆောင်ရည်မြှင့်တင်ဖို့ item တွေကို online ကဝယ်ယူနိုင်တဲ့ feature ပါဝင်ပါတယ်။ သီယိုက အဲဒီလိုဝယ်ယူတာကို အခမဲ့ ရတယ်ထင်ပြီး ဂိမ်းကစားရင်း item အသစ်တွေ online က ယူယူသုံးလိုက်တာ ပေါင်တစ်ထောင်ဖိုးလောက်ဖြစ်သွားပါတော့တယ်။ အဖြစ်ပျက်မှန်ကိုသိသွားတဲ့ ရှိုလန်က Apple ကို ဆက်သွယ်ပြီး စောဒကတက်ခဲ့ပါတယ်။ Apple ကအဖြစ်အပျက်ကို ပြန်လည်စစ်ဆေးပြီး မှားယွင်းဝယ်မိတဲ့ပေါင်တစ်ထောင်ကို ပြန်အမ်းပေးခဲ့ပါတယ်။ ငွေပြန်ပေးခဲ့ပေမယ့် အဖြစ်အပျက်ကလူပြောစရာဖြစ်ခဲ့ပြီး ကလေးငယ်တွေရှိတဲ့မိုဘိုင်းလ်ဖုန်းနဲ့ tablet တွေသုံးတဲ့ မိဘတွေအတွက်ကြီးကြီးမားမား သတိပြုစရာဖြစ်ခဲ့ပါတယ်။

ရှိုလန်ဟာ ဒီလိုအဖြစ်မျိုးကြုံရတဲ့ တစ်ဦးတည်းသောသူ မဟုတ်ပါဘူး။ သီယို ဂိမ်းထဲမှာ online က item တွေမဝယ်ခင် တစ်လလောက်ကပဲ ဘရစ်စတိုမြို့နားက ငါးနှစ်သားကလေးတစ်ယောက်ဟာ i Pad ဂိမ်းတစ်ခုကစားရင်းမထင်မှတ်ဘဲ ပေါင် ၁၇၀၀ ဖိုးလောက် online ကနေဈေးဝယ်မိတဲ့အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ပါတယ်။ online ဈေးကွက်သုသေသနအဖွဲ့အစည်းတွေရဲ့ အဆိုအရ သီဟိုလို ပေါင်တစ်ထောင်လောက်သုံးမိတာမဟုတ်ပေမယ့် ကလေးတွေကမသိဘဲ မှာယွင်းဝယ်မိတဲ့အဖြစ်တွေဟာ နှစ်စဉ်သန်းနဲ့ချီရှိတယ်လို့ဆိုပါတယ်။ ဒါကြောင့် မိုဘိုင်းလ် app တွေရဲ့ စီးပွားရေးလုပ်ဆောင်မှုပုံစံနဲ့ ကလေးတွေအပေါ် အကျိုးသက်ရောက်မှုကိုအများက သတိပြုစရာဖြစ်လာပါတယ်။


ကလေးငယ်တွေအတွက်ရည်ရွယ်တဲ့ app တွေဟာ ဒီနှစ်ပိုင်းအတွင်းမှာ အလျင်အမြန်ကြီးထွားလာတဲ့ ဈေးကွက်ဖြစ်ပါတယ်။ ကလေးတွေအတွက်ရည်ရွယ်တယ်ဆိုတော့ ထုံးစံအတိုင်းဂိမ်းတွေက ထိပ်ဆုံးကပါလာပါတယ်။ Apple ရဲ့ App store မှာ ကလေးတွေအတွက်ရည်ရွယ်တဲ့ app တွေရဲ့ဈေးကပ်မှန် app တွေထက်သိသိသာသာသက်သာပြီး Google ရဲ့ play store မှာဆိုရင် အများစုကအခမဲ့ app တွေပါ။ ဒါပေမယ့် အထက်မှာဖော်ပြခဲ့သလို app တွေသုံးရင်၊ ဂိမ်းကစားရင်း online ကနေ ဈေးဝယ်တဲ့ပုံစံနဲ့ ငွေပြန်ရှာဖို့ ရည်ရွယ်ဖန်တီးထားတာဖြစ်ပါတယ်။ online ကနေ ဈေးဝယ်ရာမှာလည်း အလွယ်ကူဆုံးဖြစ်အောင်ပြုလုပ်ထားပြီး ဝယ်ယူဖို့ဆွဲဆောင်တာ၊ တွန်းအားပေးတာတွေဂိမ်းထဲမှာမကြာခဏ ပေါ်လာလေ့ရှိပါတယ်။ ကလေးတွေအဖို့ ဂိမ်းထဲမှာနှစ်မျောနေရင်း ဝယ်မိမှန်းမသိဘဲ ဝယ်မိစေမယ့်ဆွဲဆောင်မှုမျိုးတွေပါ။

သီယိုရဲ့အဖြစ်အပျက်မှာ ပေါင်တစ်ထောင်ဖိုးလောက်ဝယ်မိတာတောင်မှ ဒီလိုဝယ်ယူမှုနဲ့ပတ်သက်ပြီး apple ထံကနေ email (သို့) SMS နဲ့ ကြောင်းကြားတာမျိုးမရှိခဲ့ဘူးလို့ဆိုပါတယ်။ သီယိုဝယ်ယူခဲ့တဲ့ item တွေက တစ်ခုကိုတစ်ဒေါ်လာကနေ ဒေါ်လာ ၇၀ အထိရှိပါတယ်။ ဂိမ်းထဲက item တစ်ခုကို ဒေါ်လာ ၇၀ လောက်ဈေးသတ်မှတ်ထားတာနဲ့ အဲဒီလောက်များများဝယ်တာတောင် အသိပေး၊ အတည်ပြုချက်ယူတဲ့ email တစ်စောင်မှမပို့တာက app ရောင်းတဲ့ ကုမ္ပဏီတွေရဲ့ စီးပွားရေးလုပ်ကိုင်ပုံနဲ့ ကျင့်ဝတ်ပိုင်းကို မေးခွန်းထုတ်စရာဖြစ်ခဲ့ပါတယ်။ အထူးသဖြင့်ကလေးတွေအတွက် ရည်ရွယ်တဲ့ app တွေ၊ ဂိမ်းတွေကို ဒီလိုပုံစံနဲ့ထုတ်လုပ်တာဟာ မိဘတွေအတွက် စိုးရိမ်စရာဖြစ်လာပါတယ်။

နည်းပညာတွေဖွံ့ဖြိုးတိုးတက်လာပြီး မိုဘိုင်းလ်ဖုန်းနဲ့ tablet တွေအသုံးပြုမှုများလာတာနဲ့အမျှ ကလေးငယ်တွေနဲ့မိုဘိုင်းလ်တွေရဲ့ထိတွေ့မှုကပိုများလာပါတယ်။ ကလေးငယ်တွေဟာလူအများထင်ထားတာထက်ပိုပြီး မိုဘိုင်းလ်ကိရိယာတွေနဲ့ ရင်းနှီးလွယ်တဲ့အပြင် အသုံးပြုမှုလည်းများပါတယ်။ အမေရိကန်နိုင်ငံမှာ ကောက်ယူထားတဲ့ စစ်တမ်းတွေအရ အသက်ငါးနှစ်အောက်မူကြိုကလေးတွေရဲ့ ၁၀% ခန့်ကသာ ကိုယ်ဖိနပ်ကြိုးကိုမှန်မှန်ကန်ကန်ချည်နိုင်ပေမယ့် ၂၀% ကျော်ကဖုန်း (သို့) tablet နဲ့ ဂိမ်းကစားတာကိုကျွမ်းကျင်နေပါပြီလို့ ဆိုနိုင်ပါတယ်။ စာသားတွေမပါဘဲ ရုပ်ပုံတွေကိုပဲအဓိကသုံးပြီး touchscreen ပေါ်မှာလွယ်လွယ်ကူကူသုံးလို့ရတဲ့ app တွေဟာ ကလေးတွေရဲ့အကြိုက်ဖြစ်လာပါတယ်။ ပညာရေးဆိုင်ရာ app တွေသုံးပြီး စာသင်ရတာဟာ ပုံမှန်နည်းလမ်းတွေထက် တိုးတက်မှုပိုမြန်လာတယ်လို့လည်းသုသေတနတွေဖော်ပြထားပါတယ်။ အမေရိကန်နဲ့ ဥရောပဒေသက အသက်ဆယ်နှစ်အောက်ကလေးရှိတဲ့ မိဘတွေဟာသူတို့ကလေးတွေအတွက် ပညာရေးဆိုင်ရာ app တွေအပါအဝင် app ၁၀ ခု ကနေ အခု ၃၀ လောက်အထိဝယ်ယူလေ့ရှိတယ်လို့ဆိုပါတယ်။ ၂၀၁၀ ခုနှစ်နောက်ပိုင်းမှာ ကလေးတွေအတွက်ရည်ရွယ်တဲ့ ပညာရေး app နဲ့ ဂိမ်းတွေရဲ့ဈေးကွက်က နှစ်စဉ် ဒေါ်လာသန်းရာဂဏန်းရှိတယ်လို့ဆိုပါတယ်။ ဒီလိုတိုးတက်လာတဲ့အခါထုံးစံအတိုင်း ငွေရလွယ်တယ်ဆိုပြီးဝင်လာသူတွေလည်းရှိသလို ဖြတ်လမ်းနည်း၊ မသမာနည်းတွေနဲ့ ငွေရှာချင်သူတွေလဲဈေးကွက်မှာပါဝင်လာပါတယ်။

နည်းပညာဆိုင်ရာ ကျွမ်းကျင်သူတွေကတော့ မိုဘိုင်းလ်ကိရိယာတွေအသုံးပြုနေတဲ့ ကလေးတွေရဲ့မိဘတွေအတွက် သတိပြုစရာတွေကိုအကြံပြုထားတာရှိပါတယ်။ အဓိကအားဖြင့် ဖုန်းမှာထည့်သွင်းထားတဲ့ email acc ကို ဘဏ်စာရင်းနဲ့တိုက်ရိုက်ချိတ်ဆက်ထားတာမျိုးမလုပ်ဖို့၊ online ကနေ ငွေပေးငွေယူပြုလုပ်ဖို့ အတွက် Password ဖြည့်ပြီးမှ လုပ်နိုင်အောင်စီစဉ်ထားဖို့နဲ့ ကလေးတွေရဲ့ အသုံးပြုမှုကို စောင့်ကြည့်မှတ်သားနိုင်တဲ့ app တွေအသုံးပြုဖို့ အတွက်ပါဝင်ပါတယ်။ ဒ့ါအပြင် online ကနေ ဈေးဝယ်တာကို ခွင့်ပြုမယ်ဆိုရင်လည်း ငွေကြေးပမာဏကန့်သတ်ထားတဲ့ gift card လိုဟာမျိုးကိုသုံးဖို့နဲ့ credit card ကိုမသုံးဖို့ အကြံပေးထားပါတယ်။ မိဘတွေအနေနဲ့ကလေးတွေဖုန်းနဲ့ tablet သုံးနေတဲ့အချိန်မှာ တတ်နိုင်သလောက်စောင့်ကြည့်ဖို့လည်း အကြံပြုထားပါတယ်။

ပြောင်းလဲလာတဲ့ခေတ်အခြေအနေအရ ကလေးငယ်တွေရဲ့ မိုဘိုင်းလ် ကိရိယာအသုံးပြုမှုဟာ တဖြည်းဖြည်းပိုများလာဖို့ရှိပါတယ်။ နည်းပညာပစ္စည်းအများစုလိုပဲ ကလေးတွေအတွက်မိုဘိုင်းလ်ကိရိယာတွေဟာ ပုံစံသစ်၊ နည်းလမ်းသစ်တွေနဲ့ သင်ယူနိုင်စွမ်းပိုမိုတိုးတက်နိုင်စေပါတယ်။ ဒါပေမယ့်အသုံးပြုပုံမှားယွင်းမှုကြောင့် ပြဿနာမဖြစ်အောင်၊ အန္တရာယ်မကြုံရအောင်တော့ မိဘတွေရဲ့ ဂရုစိုက်စောင့်ကြည့်မှုလိုအပ်မှာဖြစ်ပါတယ်။



# HOT STUFF

## SANSUI Mini Speaker

ဒီဇိုင်းလှပသေသပ်ပြီး အံ့ဩဖွယ် အသံထွက်စွမ်းရည်ကို ပေးစွမ်းစေနိုင်မယ့် SANSUI အမှတ်တံဆိပ် Mini Speaker ဖြစ်ပါတယ်။ Micro SDကဒ် ထည့်သွင်းအသုံးပြုနိုင်သလို Phoneနှင့်ပါ ချိတ်ဆက်အသုံးပြုနိုင်တာကြောင့်အသုံးပြုရ အလွန်အဆင်ပြေပြီး အရွယ်အစား သေးငယ်ပေါ့ပါးတာကြောင့် သွားလေရာနေရာကိုအလွယ်တကူသယ်ဆောင်အသုံးပြုနိုင်မယ့် Mini Speaker ဖြစ်ပါတယ်။



Price - 10,900 KS
Contacr - F@ x
Ph - 01-389357

## A-Control 4 CH IR boat

i Devices နှင့် Android Devicesတွေနဲ့ချိတ်ဆက်ပြီး ကြိုးမဲ့ထိန်းချုပ်မောင်းနှင်နိုင်မယ့် မော်တော်ဘုတ်ဖြစ်ပါတယ်။ မော်တော်ဘုတ်ထဲကို AA အရွယ်အစားဓါတ်ခဲ(၄)လုံးထည့်သွင်း အသုံးပြုရမှာ ဖြစ်ပါတယ်။ Transmitterကို အားအပြည့်သွင်းမယ်ဆိုရင်တော့ (၇) မိနစ်ခန့်မောင်း နှင်နိုင်မှာဖြစ်ပြီး အကွာအဝေး (၁၀) မီတာခန့်အထိ ထိန်းချုပ် မောင်းနှင်နိုင်မှာဖြစ်ပါတယ်။



Price - 32,100 KS
Contact - Gadget Ocean
Ph - 01-255556

## SSK Ear phone




လမ်းသွားရင်းနဲ့ သီချင်းများကို ခံစားနားဆင်တတ်သူများအတွက် SSKအမှတ်တံဆိပ် Ear Phone နဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။ နာမည်ရှိပြီးသား Brandပီပီ အသံထွက်စွမ်းအားအလွန်ကောင်းမွန်ပြီး ကြိုးပုံသဏ္ဍာန်မှာ Flat Type ဖြစ်တာကြောင့် ခေတ်မီ၍ Smart ကျပြီး လူငယ်များအကြိုက် တွေ့စေမယ့် Ear Phone ဖြစ်မှာ သေချာပါတယ်။

price - 3900 Ks
Contact - F@x
Ph - 01-389357

## Kaisi (Versatile screw driver)

မိမိရဲ့ Phone ကို ကိုယ်တိုင်ပြုပြင်လိုသူများအတွက် လွန်စွာအသုံးတည့်စေမယ့် Screw Driver Box ဖြစ်ပါတယ်။ အဲဒီ Screw Driver Box ထဲတွင်အရွယ်အစား Size စုံ ၈ ခုအထိထည့်သွင်းပေးထားပြီး အရည် အသွေးအလွန်ကောင်း မွန်တာကြောင့် လွန်စွာအထောက် အကူပြုမယ့်ပစ္စည်းဖြစ်မှာ သေချာပါတယ်။




Price - 5,800 KS
Contact - F@x
Ph - 01-389357

## i , Helicopter 4 channel



တီထွင်ဖန်တီးမှုရဲ့ ဆန်းသစ်သောဒီဇိုင်းလေးတွေနဲ့ ဖန်တီးထားတဲ့ Helicopterလေးပဲ ဖြစ်ပါတယ်။ အပြင်မှာ တကယ်မောင်းနှင်ရသလို အသုံးပြုနိုင်မှာဖြစ်ပြီး။ မိမိရဲ့ စိတ်ကို နှစ်လိုဖွယ်ပေးစွမ်းနိုင်စေမှာပါ။ 4 channel radio control ဖြင့်မောင်းနှင်ရပြီး Android phone, iphone, ipad, Tablet စသောစမတ်ဖုန်းများနဲ့ app ထည့်၍ အသုံးပြုနိုင်တယ်။ app အတွက်စိတ်ပူစရာမလိုပဲ ဝယ်ယူတဲ့ဆိုင်က ဝန်ဆောင်မှုပေးထားတာမို့ သုံးစွဲသူကို စိတ်တိုင်းကျစေနိုင်မှာ ဖြစ်ပါတယ်။

Price - 42,500 Ks
Contact - Gadget Ocean
Phone - 01-255556

# COVER



**Galaxy SIV COVER**
Price - 21,000 Ks
Contact - 09-73171213



**Galaxy SIV COVER**
Price - 28,000 Ks
Contact - 09-73171212




**Galaxy SIV COVER**
Price - 13,000 Ks
Contact - 09-73171214



**Galaxy SIV COVER**
Price - 23,000 Ks
Contact - 09-73171213



# iPad အတွက် iOS 7 BETA

ဖိုးကြယ် (G.T.S)



Apple က WWDC မှာ နှစ်လိုဖွယ်ဆွဲဆောင်မှုရှိတဲ့ iOS 7 ကို မိတ်ဆက်ပေးခဲ့ပါတယ်။ iOS 7 ရဲ့ Developer Version ကိုလည်းထုတ်ပေးခဲ့ပြီး ပန်းသီးချစ်သူတော်တော်များများကလည်း Developer Version ကို iPhone တွေပေါ်တင်ပြီး စမ်းသပ်ကြည့်ခဲ့ကြတယ်။ WWDC ပွဲပြီးသွားလို့ သိပ်မကြာခင်မှာပဲ Apple က iPad တွေမှာ သုံးနိုင်တဲ့ iOS 7 Beta 2 ကို ထပ်ထုတ်ပေးခဲ့ပါသေးတယ်။ ဒီဗားရှင်းကတော့ လူသိနည်းနေသေးပြီး စမ်းသပ်သူလည်း နည်းသေးတယ်။ iOS 7 က ပိုကောင်းလာတယ်ဆိုပေမယ့် အရင် iOS ဗားရှင်းတွေကိုပဲ တောက်လျှောက်သုံးခဲ့ရသူတွေအတွက် လေ့လာစရာတွေတော့ ရှိနေပါသေးတယ်။ ဒါ့အပြင် ဒီ iOS 7 Beta 2 မှာ Bug တွေရှိနေသေးပြီး အခန့်မသင့်ရင် ရုတ်တရက် Shutdown ကျသွားတာမျိုးတွေလည်း ရှိတတ်ပါတယ်။






**Beta 2 မှ အပြောင်းအလဲများ**

အထူးခြားဆုံးကတော့ OSX Maverick မှာ မိတ်ဆက်ခဲ့တဲ့ iCloud Keychain ပါဝင်လာတာပဲ ဖြစ်တယ်။ ကျွန်တော်တို့သိထားကြတဲ့အတိုင်း iCloud Keychain ဆိုတာ Password တွေကို အကြံပေးထိန်းချုပ်နိုင်တဲ့ Feature တစ်ခုပါ။ အွန်လိုင်းပေါ်က ဝက်ဘ်ဆိုက်တွေထဲမှာ User Account တွေဆောက်တဲ့အခါ အသုံးပြုသင့်တဲ့ User Name နဲ့ Password ကို iCloud Keychain က အကြံပေးတယ်။ ပြီးရင် အသုံးပြုသူက အဲ့ဒီ User Name နဲ့ Password ကို မှတ်သားထားစရာမလိုဘဲ အဲ့ဒီဝက်ဘ်ဆိုက်ကိုဝင်လိုက်တာနဲ့တစ်ပြိုင်နက် iCloud Keychain ဆားဗစ်က အလိုအလျောက် ဖြည့်ပေးနိုင်တယ်။ ဒါ့အပြင် ကိုယ်တစ်ယောက်တည်းသာသိရမယ့် Credit Card Number လိုမျိုးတွေကိုလည်း မှတ်သားပေးနိုင်တယ်။ iCloud Keychain အတွက် မေးခွန်းတစ်ခုက တကယ်အလုပ်ဖြစ်ရဲ့ လား ဆိုတာပါပဲ။ အသုံးပြုကြည့်တော့ တကယ်ပဲ User Name, Password တွေကို အကြံပေးနိုင်တယ်။ တစ်ကြိမ် Password ပေးလိုက်ရုံနဲ့ နောက်ထပ် Password ရိုက်စရာ မလိုတော့ဘူး။ ဒါပေ မယ့် အားနည်းချက်တစ်ခုက ယုံကြည်စိတ်ချရမှုနည်းတဲ့ ဝက်ဘ်ဆိုက် တွေအတွက်လည်း သူကကောင်းကောင်းကြီးကို အလုပ်လုပ်ပေးပါတယ်။ ကျွန်တော်ကတော့ အဲဒီလို ဝက်ဘ်ဆိုက်တွေက အန္တရာယ်ရှိကြောင်း အနည်းဆုံး Message လေးတစ်ခုလောက်တော့ ပြသင့်တယ်လို့ ထင်ပါတယ်။ နောက် ထပ်ပြဿနာတစ်ခုက ဝက်ဘ်ဆိုက်တွေကို Login လုပ်ဖို့ အရင်သုံးခဲ့တဲ့ User Name, Password တွေကိုသတိရလို့ ပြန်သုံးချင်တယ် ဆိုရင်လည်း အဆင်မပြေပြန်ပါဘူး။

iOS 7 Beta 2 မှာပါတဲ့ iCloud Keychain က အခု အချိန်မှာ ဖန်တီးနေဆဲအဆင့်မှာပဲ ရှိနေပါသေးတယ်။ သင့် iPad မှာ Beta 2 ကို တင်ပြီး စမ်းကြည့်ရင် အရင် iOS ဗားရှင်းတွေမှာလိုပဲ Device ကို Reset ချပြီး Location Service တွေ သုံး/မသုံး မေးပါလိမ့်မယ်။ ပြီးရင် iCloud Keychain ဆားဗစ်ကို သုံး/မသုံး မေးပြီး အသုံးပြုချင်ရင် Setting တွေကို ချိန်ညှိုင်းမှာဖြစ်ပါတယ်။ Beta 1 ကနေ Beta 2 ပြောင်းတာဆိုရင်တော့ Reset မလုပ်တဲ့ အတွက် iCloud Keychain ဆားဗစ်ကို သုံး/မသုံး လာမေးနေမှာ မဟုတ်ပါဘူး။ အဲဒီအတွက် Setting ထဲက iCloud setting ကို ရွေးချယ်ပြီး iCloud Keychain အတွက် ရွေးချယ်မှုတွေ ပြုလုပ်နိုင် ပါတယ်။

နောက်ထပ်ပြောင်းလဲမှုက App တစ်ခု ပြန်ပါလာတာပဲ ဖြစ်ပါတယ်။ အရင် Beta 1 တုန်းက Iype ကိုထည့်သွင်းပေးမထားပါဘူး။ သူ့ကိုသုံးဖို့ အတွက် iOS 7 ရဲ့ချောင်ကြိုချောင်ကြား မကျန် လိုက်ရှာခဲ့ပေမယ့် မတွေ့ရပါဘူး။ အခု Beta 2 မှာ တော့ ဒီ App ပြန်ပါလာပြီး iOS 7နဲ့ လိုက်ဖက်အောင် ဒီဇိုင်းဆင်ထားတာကို တွေ့ရပါတယ်။ အပြောင်းအလဲနည်းနည်းရှိနေပေမယ့် သတိထားမိလောက်အောင် ကြီးကြီးမားမားပြောင်းလဲထားတာမျိုးတော့ မရှိပါဘူး။ နောက်ခံကို Opacity လျှော့ထားပြီး Background တွေကို ခပ်ရေးရေးမြင်နေပြီး ParallaxEffect ကလည်း နှစ်လိုဖွယ်ကောင်းပါတယ်။ သုံးရတာလည်း အဆင်ပြေတယ်။

Notification Center မှာတော့ Traffic Option ထပ် ထည့်ပေးလိုက်တယ်။ အဲဒီတော့ Traffic နဲ့ ပတ်သက်တဲ့ Notification တွေကို အလွယ်တကူကြည့်နိုင်သွားပြီး Maps App ကို ဖွင့်ထားရင် ကျွန်တော်ရွေ့လျားနေတာကိုတောင် စောင့်ကြည့်လို့ရတယ်။ ဒီ Feature ကလည်း Notification Center မှာ Calendar, Reminder စတာတွေကို အဆင်ပြေပြေသုံးနိုင်သလို Traffic Info ကိုလည်း သုံးစေနိုင်မယ့် Feature ကောင်းတစ်ခု ဖြစ်ပါတယ်။

**iPad ပေါ်မှာ သုံးကြည့်တဲ့အခါ**

iOS 7 Beta 2 ကို iPad ပေါ်မှာ သုံးကြည့်တော့ အတော်လေးမတည်မငြိမ် ဖြစ်နေသေးတာမို့ စိတ်တော့နည်းနည်းပျက်သွားတယ်။ iPad ဆိုတာ iPhone ကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့်နဲ့ သုံးလို့ ရအောင် ဖန်တီးပေးထားတာမို့ iOS 7 Beta 2 က iPad ပေါ်မှာ ပိုပြီးတည်တည်ငြိမ်ငြိမ်ရှိသင့်တယ်လို့ ထင်ပါတယ်။

iOS 7 ရဲ့ UI ကတော့ iPad ပေါ်မှာ ကြွရွလှပနေတယ်။ နောက်ခံ Background တွေက အသက်ဝင်လှပြီး တခြား Feature တော်တော်များများလည်း ကြည့်ရှုရတာ အဆင်ပြေတယ်။ Voice Recorder App Beta 1 ပါဝင်တယ်။ ထူးခြားတာက Search စခရင်မ်မပါတော့ပြန်ဘူး။ ရှာလို့လည်း မတွေ့ဘူး။ ပုံမှန်အတိုင်းဆိုရင် iPhone, iPad တွေရဲ့ ပထမဆုံး စခရင်မ်ကို Search စခရင်မ်ပဲ။

Multitasking ရတဲ့ Feature ကတော့ iOS 7 မှာ ကျွန်တော်အကြိုက်ဆုံး Feature ပဲ။ အရင် iOS ဗားရှင်းတွေမှာ App တွေကိုပိတ်ချင်ရင် Multitasking View က App Icon ကို ဖိထားရပါတယ်။ ခဏကြာရင် Icon လေးလှုပ်လာပြီး အနီရောင်အနှုတ်ပုံလေးပေါ်လာတယ်။ အဲ့ဒီအနှုတ်ကလေးကို တို့ပြီးပိတ်ရတယ်။ iOS 7 မှာတော့ Multitasking Menu က App Icon ကို ဖိထားရင် ဘာမှဖြစ်လာတော့မှာ မဟုတ်ပါဘူး။ App View ကနေ Mutltitasking View ကို ပြောင်းပြီး ပေါ်လာတဲ့ App Thumb တွေကို အပေါ်ဖက်ဆွဲထုတ်ပြီး App တွေကို ပိတ်နိုင်ပါတယ်။ Safari နဲ့ Mail App တွေက ပိုပြီး ရိုးရှင်းလာတယ်။ iOS 7 UI ရဲ့ ထူးခြားချက်က ရှင်းလင်းတောက်ပတဲ့အတွက် မျက်စိအားနည်းသူတွေတောင် မျက်မှန်မပါဘဲ စာတွေဖတ်နိုင်တယ်။ Safari မှာ URL တွေကို ကော်ပီကူးချင်ရင် Bookmark တွေကနေတစ်ဆင့်ခံပြီး ကူးနိုင်တယ်။ ကော်ပီကူးရာမှာ ပိုပြီးအဆင်ပြေအောင် Option တွေ ထပ်ထည့်ပေးထားသေးတယ်။ Mail App မှာလည်း Multiple Mail Account တွေကို စနစ်တကျထိန်းချုပ်ပေးထားတယ်။ ကျွန်တော့်မှာ Mail Account ငါးခုရှိပြီး တစ်ယောက်ယောက်ဆီကို Mail ပို့ချင်ရင် အရင်က Default Account တစ်ခုတည်းထားလို့ရပေမယ့် အခု Account တစ်ခုချင်းစီရဲ့ Contact တွေကို သပ်သပ်စီ မှတ်ထားပေးပြီး ပို့ရမယ့် Contact နဲ့သက်ဆိုင်တဲ့ Mail Account ကို သိနေပါတယ်။ Mail Account တစ်ခါ ထပ်ထည့်ရတဲ့ဒုက္ခကနေလွတ်အောင်



လုပ်ပေးထားတာ ဖြစ်ပါတယ်။

Calendar App ရဲ့ Background က အရင်က Leather ပုံစံခပ်ဟောင်းဟောင်းဖြစ်နေပေမယ့် iOS 7 မှာတော့ အဖြူရောင်ဖြစ်သွားပါပြီ။ Calendar ရဲ့ Entry တွေကိုတော့ စနစ်ကျ Sync မလုပ်ပေးနိုင်သေးဘူး။ ဒီ Bug ကိုတော့ မကြာခင်ပြန်ပြင်ပေးလိမ့်မယ်လို့ ထင်ပါတယ်။ အားနည်းချက်တစ်ခုက နောက်ခံ Background တွေနဲ့ တခြားအစိတ်အပိုင်းတွေရဲ့အရောင်ကို ခုချိန်ထိ စိတ်ကြိုက်ပြောင်းခွင့် မပေးသေးတာပဲဖြစ်ပါတယ်။

နောက်ဆုံးပြောင်းလဲသွားတစ်ခုက Music App ဖြစ်ပါတယ်။ Beta 1 မှာကတည်းက iTune Radio Feature ထပ်ထည့်ပြီး ပုံစံပြောင်းထားတဲ့ Music App က ပိုကောင်းလာပါတယ်။ Album Art တွေအတွက် 3D Effect တွေသုံးထားတာက ဆန်းသစ်မှုရှိပြီး တခြား Feature တော်တော်များများကိုလည်း ပြည့်ပြည့်စုံစုံ ထည့်ပေးထားတာကို တွေ့ရတယ်။

ဒါတွေကတော့ Beta 2 ရဲ့ ထူးခြားတဲ့အပြောင်းအလဲတွေဖြစ်ပါတယ်။ နောက်ထပ် Beta 3 ထွက်လာတဲ့အခါ ဒီမှာရှိနေတဲ့ Bug တွေကို ပြင်ဆင်ပေးထားလောက်ပြီး နောက်ထပ်ဘယ်လို ထူးခြားတဲ့ Feature သစ်တွေ ပါဝင်လာဦးမလဲဆိုတာ စောင့်ကြည့်ရင်း ။

## Apple

| | | |
|---|---|---|
| iPhone 5 (64GB) | - | 859,000 ks |
| iPhone 5 (32GB) | - | 759,000 ks |
| iPhone 5 (16GB) | - | 659,000 ks |
| iPad Mini(16GB) | - | 359 USD |
| iPad Mini(32GB) | - | 459 USD |
| iPad4 (16GB) | - | 505 USD |
| iPad4 (32GB) | - | 589 USD |

## Samsung

| | | |
|---|---|---|
| Galaxy S4 | - | 585,000 ks |
| Galaxy S3 | - | 435,000 ks |
| Galaxy Note 2 | - | 515,000 ks |
| Galaxy Note | - | 380,000 ks |
| Galaxy Mega 6.3 | - | 530,000 ks |
| Galaxy Grand | - | 309,000 ks |
| Galaxy S3 mini | - | 279,000 ks |
| Galaxy S2 plus | - | 295,000 ks |
| Galaxy S Advance | - | 235,000 ks |
| Galaxy Ace 2 | - | 195,000 ks |
| Galaxy Ace plus | - | 159,000 ks |
| Galaxy Ace | - | 143,000 ks |
| Galaxy Trend(CDMA) | - | 119,000 ks |
| Galaxy Amazing | - | 139,000 ks |
| Galaxy Gio | - | 117,000 ks |
| Galaxy Y | - | 95,000 ks |

## Huawei

| | | |
|---|---|---|
| Ascend P1 | - | 225,000 ks |
| G700 | - | 249,000 ks |
| G610 | - | 169,000 ks |
| G520 | - | 129,000 ks |
| G510 | - | 113,000 ks |
| C8813D | - | 139,000 ks |
| C8813 | - | 108,000 ks |
| C8812 | - | 90,000 ks |
| U8825D | - | 180,000 ks |
| U8661 | - | 75,000 ks |
| Y300 | - | 95,000 ks |
| Y300C | - | 105,000 ks |
| Y310 | - | 69,000 ks |
| Y210 | - | 65,000 ks |
| Y210S | - | 75,000 ks |
| Y210C | - | 79,000 ks |
| Y220T | - | 59,000 ks |

## LG

| | | |
|---|---|---|
| Optimus G | - | 469,000 ks |
| Nexus 4 | - | 429,000 ks |
| Optimus 4XHD | - | 369,000 ks |
| Optimus L9 | - | 275,000 ks |
| Optimus L7 | - | 195,000 ks |
| Optimus L5 | - | 159,000 ks |

## Sony

| | | |
|---|---|---|
| Xperia Z | - | 499,000 ks |
| Xperia TX | - | 349,000 ks |
| Xperia SP | - | 329,000 ks |
| Xperia V | - | 315,000 ks |
| Xperia Acro S | - | 315,000 ks |
| Xperia L | - | 249,000 ks |
| Xperia P | - | 239,000 ks |
| Xperia J | - | 185,000 ks |
| Xperia U | - | 165,000 ks |
| Xperia Go | - | 185,000 ks |
| Xperia E | - | 139,000 ks |

## Lenovo

| | | |
|---|---|---|
| S920 | - | 249,000 ks |
| S890 | - | 185,000 ks |
| S706 | - | 159,000 ks |
| S880i | - | 149,000 ks |
| A800 | - | 109,000 ks |
| A789 | - | 105,000 ks |
| A390 | - | 105,000 ks |
| A690 | - | 89,000 ks |
| A326 | - | 77,000 ks |
| A60+ | - | 75,000 ks |
| A365e | - | 75,000 ks |

## HTC

| | | |
|---|---|---|
| One | - | 637,000 ks |
| Butterfly | - | 599,000 ks |
| One X+ | - | 625 USD |
| One X | - | 479 USD |
| Desire X | - | 285 USD |
| Desire VC | - | 277 USD |
| Desire C | - | 178 USD |
| Windows 8X | - | 455,000 ks |
| Windows 8S | - | 324,000 ks |

## Tablets

| | | |
|---|---|---|
| GalaxyNote 10.1 | - | 509,000 ks |
| GalaxyNote 8.0 | - | 439,000 ks |
| Galaxy P5100 | - | 369,000 ks |
| Galaxy P3100 | - | 289,000 ks |
| Lenovo A1000 | - | 189,000 ks |
| Asus Fonepad | - | 239,000 ks |
| Asus Memo Pad | - | 175 USD |
| Asus Nexus 7 | - | 319 USD |
| Acer Iconia B1 | - | 135 USD |
| Onda V818 Mini | - | 149,000 ks |
| Onda V812 | - | 139,000 ks |
| Onda V801 | - | 105,000 ks |
| Onda V703 | - | 63,000 ks |
| Mobile Pad | - | 95,000 ks |

# DEALERLIST

[illegible]

## Phone Sales and Service Centre (Yangon)

| Name | Address | Phone |
|---|---|---|
| Aikon | No(108)B2, 1st Floor,Yuzuna Banyardala RD Ygn | 095033308 |
| AOTO | No.15-17 (3) floor, Insein Road, Kamaryut Tsp, Ygn | 09-450050968 |
| Araindamar | S-33,Ground Floor, FrontRoll, Yuzuna Plaza | 200747 |
| Aikon | No 135 1st floor Bogyoke Road,corner of 47 th street | 294036/5198170 |
| Asia Mobile | No 140, Latha St: (upper),Latha Tsp, Yangon | 01243304 |
| Any Time Mobile | NO 004, D Aung Mingalar Street, Tamwe Tsp, Ygn | 01-200747 |
| Bogyoke Mobile | No 60, Bogyoke Aung San Road,PazunTaung, Ygn | 01-292627 |
| Cosmos Mobile | No 103, Ground Floor, LaPyaytWunPlaza, Ygn | 095157817 |
| DawAye Electronics & Mobile | No 170,B-1,172,174,A-1,Banyadala St, Ygn | 290295/202755 |
| Easy One Mobile | No 163, Latha Street, Latha Tsp, Ygn | 01-250941 |
| Energy Mobile Accessories | No 47, Hledan Street, Lanmadaw Tsp, Ygn | 01-222180 |
| Green Line | NO 204, Botahtang Pagoda St,(middle) PZT tsp, Ygn | 095077799 |
| Gadget Ocean | No 352,366 Mahabandoola Garen Street(upper block) | 01-255556 |
| HTAKE TAN Mobile | No 532,542(H), Maharbandoola St,(27)St,Bapaldan,Ygn | 09-73252027 |
| KKA | 159 comer of Anarahtar & Mahabandoola Garden St. | 246427 |
| Lar Lar Mobile | No 70, Ground Floor, Insein Road. Hlaing, Ygn | 095019406 |
| MK Mobile | Room No, (E.2/3), 1st floor,Yuzuna Plaza | 0973078369 |
| Mr.Fone | No.212, East Shwe Gone Dine Rd, Infront of MPT off: | 558228 |
| Mobile Plantet | No.7, Anawrahta Rd, Pazundaung Tsp, Ygn | 095176225 |
| Mobile Bank | No.291, Ground floor, Bo Aung Kyaw St(Middle),Ygn | 01-398487 |
| My Mobile | No.92, Phonegyi St, (middle), Near of Sanpya Cinema,Ygn | 225649 |
| Mobile King | No.255A, Banyadala Rd(Near Aung Mingalar Bus Stop). | 201307 |
| Mobile House | No.161, Lathar Street, Upper Block, Lathar Tsp Ygn. | 01-250880 |
| Mobile Valley | No.143, U Chit Mg Housing (West of Aroma studio)Bahan. | 09-420119228 |
| New Fone Mart | No.261, Khone Gyi St & In Front of Junction Mawtin, Ygn. | 0973900822 |
| Orbit Mobile Shop | No.66, Latha St(Lower Block), Latha Tsp, Ygn. | 01385818 |
| Phoenix | No.181,Bet, Shwe Taungtan St & 14th St, Ahnawyather Rd. | 01-224922 |
| Ph:Master Mobile center | No.105, Latha St,(Upper), Latha Tsp, Ygn. | 01250905 |
| Smile Mobile | No.17, Yatanar Road,16Gwet, Kalar Pagoda Bus Stop,Ygn. | 09-73229006 |
| SYH | No.111, R (17/18) 1st floor, Yuzuna Plaza, Ygn. | 095124872 |
| S Wellcom mobile | No.198, 31 street, (Upper Block), Ground Floor. | 09-5114948 |
| telechoice Mobile Mart | No.168-A,Damazaydi Road,Ygn. | 534644 |
| Talky Mobile | No.330, Yangon International Road, Pyay Road,Ygn. | 01-215076 |
| Universal Mobile | No.757, between 15th and 16th Mahabandoola Rd,Ygn. | 211311 |

## Computer Sales and Service Centre (Yangon)

| Name | Address | Phone |
|---|---|---|
| Acer | No.570, Comor of 8th St, Lamadaw Tsp,Ygn | 01-221683 |
| ABC | No.165/175,Seikkanthar St(Mid), Ygn | 01-382275 |
| Asia Tech | No.274/278,Seikkanthar (Up), Ygn | 01-392951 |
| AC | No.208,Seikkanthar (Mid), Ygn | 01-252627 |
| Access Spectrum | No.364-366,Mahabandoola Garden(Barr),Ygn | 01-386567 |
| AGK | No.210,Seikkanthar (Mid) St, Ygn | 01-246669 |
| ASUS(Golden Power) | No.4,13rd(Lower) St, Ygn | 01-210943 |
| Brother | No.370,Bo Aung Kyaw St(upper), Ygn | 01-380137 |
| Do Do Ko Ko | No.244,Ground Floor,Seikkanthar St, Ygn | 01-388654 |
| Dell (Blu-ray) | No.152,Shwegonedine Road,Bahan, Ygn | 01-556118 |
| Delux (Asia Tech) | No.274-278,Seikkanthar St(Upper), Ygn | 01-392952 |
| Engenius (Access Spectrum) | No.364-366, Mahabandoola Garden(Barr),Ygn | 01-380900 |
| Eastern | No.129,Seikkanthar (lower), Ygn | 01-398224 |
| Gigabyte (Myanmar Star-tech) | No.351,Room(101,102),Thein Phyu Rd,Ygn | 01-394270 |
| IT City | No.160,Anawratha Road,Cornor of Bar St,Ygn | 01-243049 |
| Info-gate | No.250,Ground Floor,Seikkanthar(upper),Ygn | 01-377583 |
| IT Mart | No.126,Seikkanthar St, Lanmadaw, Ygn | 09-73050274 |
| I.C.E | No.41,Hlendan St, Lanmadaw, Ygn | 01-228805 |
| INNWA | No.142,38th St(lower),Ygn | 01-398297 |
| King Empire | No.167-173,Seikkanthar St,Ygn | 01-386925 |
| King Power | No.131, Seikkanthar St(Uner),Ygn | 01-398008 |
| Life Mark | No.221,Seikkanthar St(Middle), Ygn | 01-391690 |
| Lenovo (KMD) | No.170-184,Pasodan Road(Middle),Ygn. | 01-245180 |
| Lenovo (Lucky Bird) | No.355,Rm(106),Thein Phyu Road,Ygn. | 01-248167 |
| MSI | No.158,36th Street (Middle),Ygn. | 01-240110 |
| Neo Tech | No.175,(G/F) Seikkanthar(lower),Ygn. | 01-398199 |
| Radiance | No.201,Bo Aung Kyaw St.Bet Ygn | 01-385267 |
| Sky Light | No.203,Seikkanthar(Middle),Ygn. | 01-246566 |
| Techno Eye | No.170(D1),Corner of the Myanmar Goneyi. | 09-73201252 |
| T-Land | No.77,Pasodan Rd(lower)Bet:, Ygn. | 09-382868 |
| Technoland | No.162-170,36th St (middle),Ygn. | 01-375191 |
| Unique | No.194,Seikkanthar St,Ygn. | 01-387459 |
| View Sonic(Royal Ayeyarwaddy) | No.7,87th Street, Mingalar Taung Nyunt,Ygn. | 01-394494 |
| GPT | No.206(B),Bogyoke Aung San Road,Ygn. | 01-392576 |
| Cyber Trade | No.189, GF, Seikkanthar St, Kyauktada, Ygn. | 01-391061 |

# CONSUMER ELECTRONICS



## SAMSUNG (LA32E 40E2R)

SAMSUNG အမှတ်တံဆိပ် LA32 E40E2R အမျိုးအစား 32" လက်မ LED Flat TV အားပြည်တွင်းဈေးကွက်၌ ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ မျက်နှာပြင်ကျယ်ပြန့်ခြင်း နှင့်အတူ Movie ကောင်းကောင်းများကိုရှင်းရှင်းလင်းလင်း ကြည့်ရှုနိုင်ပြီး၊ HDMI ၂ ပေါက်ပါဝင်ပြီး USB input ပါဝင်ခြင်းကြောင့် Memory stick မှ Photo, Music, Movie များအားကြည့်ရှုနိုင်ပြီး ခလုတ်များအား လက်ဖြင့်ထိရုံဖြင့် အသုံးပြုနိုင်ကြောင်းသိရှိရသည်။ စိတ်ပါဝင်စား သူများအနေဖြင့် ဂန္ဓမာစတိုးအမှတ်(၂၀၅)ပန်းဆိုးတန်းလမ်း (အလယ် ဘလောက်) ဖုန်း ၀၁-၃၈၁၃၈၈ သို့ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

## LG (VB 2716 NND)

LG အမှတ်တံဆိပ် VB2716NND အမျိုးအစား ဖုန်စုပ်စက်များ အားပြည်တွင်း ဈေးကွက်၌ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ body colour ကို အနီရောင်ဖြင့်သာရရှိနိုင်ပြီး ကျစ်လျစ်ခိုင်မာသော ပုံစံဖြင့် လှပသေသပ်သော ဒီဇိုင်းအားဖန်တီးထားကြောင်း သိရသည်။ Exhaust filter; Bag Type ပါဝင်သောကြောင့်ဖုန်များ နှင့် အမှိုက်တို့၊ အမှိုက်စများအား အခြားဖုန်စုပ်စက်များကဲ့သို့ ဗူးဖြင့်သိမ်းဆည်းထား ခြင်းမဟုတ်ဘဲနှင့် အိပ်ဖြင့်သိမ်းဆည်းထားသည့်အတွက် ဖုန်များအား အပြင်ဘက်သို့မရောက်နိုင်ကြောင်းသိ ရသည်။ Cyclone ကဲ့သို့စုပ်ယူ အားဖြင့်အသုံးပြုနိုင်ပြီး 8 Filteration layers ဖြင့် လေစုပ်ယူနိုင်သော နေရာ' ၈ 'နေရာရှိကြောင်းသိရှိရ သည်။ လျှပ်စစ်စွမ်းအား 320W ဖြင့်အသုံးပြုနိုင်ကြောင်းသိရပြီး warr- anty 1 year ပေးထားကြောင်း သိရသည်။ ဈေးနှုန်းအားဖြင့် 75000 ကျပ်ဖြင့်ဝယ်ယူရရှိနိုင်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် အမှတ် ၁၆၂ ၁၆၄၊ ပန်းဆိုးတန်း လမ်း(အလယ်ဘလောက်)၊ ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၄၅၆၁၊ ၀၁-၂၅၄ ၅၉၉ သို့စုံစမ်းမေးမြန်းဝယ်ယူနိုင်ကြောင်းသိရသည်။





## SHARP(3J-K190/ 170T-SL)

SHARP အမှတ်တံဆိပ် ES-Q75EW-G အမျိုးအစားအ ဝတ်လျှော်စက်ကိုပြည်တွင်းဈေးကွက်၌ ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ အဝတ်လျှော်စက်၏ body အား Fiber ဖြင့် အသုံးပြုထားသည့်အတွက် ပေါ့ပါးစွာအသုံးပြုနိုင်ပြီး သံချေးတက်ခြင်းမှကင်းဝေးစေနိုင်သည်။ အတွင်းပိုင်း တွင် Steel ကန်အားအသုံးပြုထားသည့် အတွက်အဝတ်အစားများကို ထိခိုက်မှုဒဏ်မှလျှော့ချစေနိုင်ကြောင်း သိရသည်။အဝတ်လျှော်စက်၏လှည့်ပတ်မှု အားလိုသလိုချိန်ညှိနိုင်ပြီး အလိုအလျောက်ပြန်လည်လျှော်ဖွတ်ပေးနိုင်သည့် Auto Restart function ပါဝင်ကြောင်းသိရသည် အဝတ်လျှော်စဉ်အတွင်းကလေး များ၏အန္တရာယ်မှကင်းဝေးနိုင်ရန်အတွက် Child lock ပါဝင်ပြီး ဈေးနှုန်းအားဖြင့် 211,000 ကျပ် 5% Discount ဖြစ်ပြီးစိတ်ပါဝင်စား သူများအနေဖြင့်၊အမှတ်၁၄၆၊ ၁၅၂ ပန်းဆိုးတန်း (အလယ်ဘလောက်) ဖုန်း ၀၁- ၂၅၂၉၉၀၊ ၀၁- ၂၅၂၉၉၁ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်း သိရသည်။

## SHARP(FRV-300)

အအေးများ၊ စားသောက်ဖွယ်ရာများနှင့် ဟင်းသီးဟင်းရွက်များကို သိုလှောင်ရောင်းချအသုံးပြုလိုသူများအနေဖြင့် SHARP အမှတ်တံဆိပ် FRV-300 အမျိုးအစား Freezer ကိုပြည်တွင်း ဈေးကွက်၌ ဝယ်ယူနိုင်ကြောင်းသိရသည်။ အလျား 4' ပေ ကျယ်ဝန်းပြီး မိမိစိတ် တိုင်းကျသိမ်းဆည်းထားနိုင်ကြောင်း သိရသည်။Freezer အတွင်းရှိ အအေးဓါတ်များကိုလည်း လိုအပ်သလို ချိန်ညှိနိုင်ကြောင်းသိရသည်။ မီးအား 160V ဖြင့်အသုံးပြုနိုင်ပြီး အပြင်တံခါးအားသော့ဖြင့်ခတ်ကာ သိမ်းဆည်း ထားနိုင်သည့် Door Lock ပါဝင်ခြင်းကြောင့်ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ပြီး ဈေးနှုန်းအားဖြင့် ၃၀၀၀၀၀ ကျပ် 5%Discount ဖြင့်ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ စိတ်ပါဝင်စားသူများအနေဖြင့် အမှတ် ၁၄၆၊ ၁၅၂ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်) ဖုန်း ၀၁-၂၅၂၉၉၀၊ ၀၁-၂၅၂၉၉၁ သို့တိုက်ရိုက်ဆက်သွယ်စုံစမ်းမေးမြန်း ဝယ်ယူနိုင်ကြောင်းသိရသည်။



## SHARP(ES-Q75EW-G)

စမတ်ကျကျဖြင့် ခမ်းနားထည်ဝါသော ရေခဲသေတ္တာကို ပိုင်ဆိုင်လိုသူများအနေဖြင့် SHARP အမှတ်တံဆိပ်၊ 3J-K190 နှင့် 170T-SL အမျိုးအစားကို ပြည်တွင်းဈေးကွက်ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ 3J-K190 တွင် 180L နှင့် 170T-sl တွင် 160L အထိထည့် သွင်းအသုံးပြုနိုင်ကြောင်းသိရသည်။အခြားသောရေခဲသေတ္တာများ ထက်မြန်မြန်ပိုအေးစေနိုင်သည့် Direct Cooling ပါဝင်ပြီး အတွင်းပိုင်းကျယ်ပြန့်သော အခန်းများပါဝင်ကြောင်းသိရသည်။

လှပသေသပ်သောကြက်ဥကတ်များပါဝင်ပြီး Shelves များ ကိုလိုသလိုဆွဲထုတ်အသုံးပြုနိုင်ကြောင်း သိရသည်။ ဈေးနှုန်းအားဖြင့် SJ-K190 ကို 198000 နှင့် 170T-SL ကို 183500 ကျပ် 5%Disco untဖြင့် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်သိရှိလိုပါက အမှတ် ၁၄၆၊ ၁၅၂ ပန်းဆိုးတန်း(အလယ်ဘလောက်) ဖုန်း ၀၁- ၂၅၂၉၉၀၊ ၀၁- ၂၅၂၉၉၁ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်းသိရသည်။



## LG(BP325)

3D ရုပ်ရှင်ကားများအားကြည့်ရှုလိုသူများအနေဖြင့် LG အမှတ်တံဆိပ် BP- 325 အမျိုးအစား 3D blu-ray player အားပြည်တွင်းဈေးကွက်၌ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ LCD,LED Flat TV များဖြင့်သာတွဲဖက်အသုံးပြုနိုင်ပြီး blueray, DVD, MP3 များကိုထည့်သွင်းအသုံးပြုနိုင်ကြောင်းသိရှိရသည်။ DVD movie များအား 3D ပုံစံမျိုးဖြင့်ဖော်ပြပေးနိုင်ကြောင်းသိရသည်။ Full HD 1080 P ရှိပြီး 1year warranty ပေးထားကြောင်းသိရသည်။ ဈေးနှုန်းအားဖြင့် ၁၂၅၀၀၀ ကျပ်ဖြင့်ဝယ်ယူရရှိနိုင်ပြီး။ စိတ်ပါဝင်စားသူများအနေဖြင့် အမှတ် ၁၆၂ ၁၆၄၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ဖုန်း ၀၁-၂၅၄၅၆၁၊ ၀၁-၂၅၄၅၉၉ သို့ဆက်သွယ်မှာယူနိုင်ကြောင်းသိရှိရသည်။



# NOKIA LUMIA 1020

လတ်တလော မိုဘိုင်းလ်ဈေးကွက်မှာ ဟိုးလေးတစ်ကျော်ကျော်ဖြစ်နေတဲ့ 41 MP အိပ်မက်က နောက်တစ်ကျော့ပြန်ပြီး အသက်ဝင်လာခဲ့ပါပြီ။ ဈေးကွက်ထဲ သူ့ထက်ငါအပြိုင်အဆိုင်နဲ့ ထူးထွေ ဆန်းပြားတဲ့နည်းပညာတွေ ယှဉ်ပြိုင်နေကြတဲ့ အခုလိုအချိန်မှာ Nokia က ထိုးနက်ချက်တစ်ခုအဖြစ် သူ့ရဲ့လက်နက်သစ် Lumia 1020 ကို စင်ပေါ်ပို့ပေးလိုက်ပါတယ်။







Nokia က Lumia 1020 ကို ဇူလိုင် ၁၁ ရက်နေ့မှာ တရားဝင်ထုတ်ဖော်ပြသခဲ့ပြီး ဇူလိုင် ၁၆ ရက်နေ့ကစပြီး အမှာစာတွေ စတင်လက်ခံမယ်လို့ဆိုပါတယ်။ AT&T ကွန်ရက်ဝန်ဆောင်မှုနဲ့ တွဲဖက်ထုတ်လုပ်မှာဖြစ်ပြီး ဈေးနှုန်းကိုတော့ AT&T 2 Years Contract နဲ့ USD 299.99 သတ်မှတ်ထားပါတယ်။ စားသုံးသူတွေလက်ထဲကိုတော့ ဇူလိုင် ၂၆ ရက်နေ့မှာ ပို့ပေးမှာပါ။

လက်ရှိဈေးကွက်ထဲက Megapixel မြင့်ပါတယ်ဆိုတဲ့ DSLR ကင်မရာတွေတောင် 36 MP လောက်ပဲရှိတာမို့ Nokia ရဲ့ ဒီဖန်တီးမှုက တကယ့်ကို ထူးခြားလှပါတယ်။ ဒါပေမယ့် Lumia 1020 က 41 MP ပါတဲ့ ပထမဦးဆုံးစမတ်ဖုန်းတော့ မဟုတ်ပါဘူး။ MWC 2012 မှာ Nokia ကနေပဲ 41 MP ကင်မရာသုံး Nokia 808 ဆိုတဲ့ ကင်မရာဖုန်းကို မိတ်ဆက်ပေးခဲ့ပါသေးတယ်။ Nokia 808 ရဲ့ OS က Symbian Belly ဖြစ်ပြီး အခုဒုတိယမျိုးဆက် Lumia 1020 ရဲ့ OS က Windows Phone 8 ဖြစ်တာကြောင့် ပထမဆုံး 41 MP ဝင်းဒိုးဖုန်းလို့တော့ ပြောနိုင်ပါတယ်။ Lumia 1020 မှာ Second Generation PureView နည်းပညာကိုအသုံးပြုထားပြီး ဒါကို Nokia က စမတ်ဖုန်းတွေထဲမှာ အကြီးဆုံးကင်မရာ Sensor နောက်ကျောဖက်မှာ ထည့်သွင်းပေးထားတယ် လို့ အမွှမ်းတင်ထားပါတယ်။ PureView ဆိုတာ Nokia ကနေ စမတ်ဖုန်းကင်မရာတွေအတွက် ဖန်တီးလိုက်တဲ့ နည်းပညာဖြစ်ပြီး Megapixel မြင့်တဲ့ကင်မရာတွေနဲ့ ဓာတ်ပုံရိုက်ကူးရာမှာ Zoom ချဲ့ယူတဲ့အခါ ပုံရိပ်ကိုဝေဝါးမသွားစေဘဲ ရိုက်ယူနိုင်အောင်ဖန်တီးပေးထားတာဖြစ်ပါတယ်။

PureView နည်းပညာအသုံးပြုထားတဲ့ စမတ်ဖုန်းလေးလုံးရှိပြီး Nokia 808, Lumia 920, Lumia 928 နဲ့ အခု နောက်ဆုံး Lumia 1020 တို့ပဲ ဖြစ်ပါတယ်။ Nokia 808 မှာ အသုံးပြုခဲ့တဲ့ PureView နည်းပညာကို PureView Phase 1 လို့ ခေါ်ပြီး PureView Phase 1 က ပြောထားသလိုတော့ အလုပ်မဖြစ်ပါဘူး။Zoom ဆွဲရာမှာသာမန်ကင်မရာတွေလိုပဲ ဝေဝါးမှုအနည်းငယ်ရှိပါတယ်။ ဒါပေမယ့် 41 MP အား Sensor နဲ့ဆိုတော့ တခြားစမတ် ဖုန်းကင်မရာတွေထက် အပြတ် အသတ် သာတဲ့ဓာတ်ပုံတွေကို ရိုက်ကူးနိုင်ပါတယ်။ ဒါ့အပြင် အလင်းအမှောင်ဘယ်လိုပြောင်းပြောင်း အရည်အသွေးကောင်းတဲ့ ပုံရိပ်တွေကို ဖန်တီးနိုင်တာကလည်း Pure View Phase 1 ကတည်းက ရှိနေခဲ့တာပါ။

Lumia 1020 မှာတော့ အဆင့်မြှင့်တင်ထားတဲ့ PureView ဒုတိယမျိုးဆက်နဲ့အတူ တည်ငြိမ်တဲ့ပုံရိပ်တွေရိုက်ကူးနိုင်ဖို့ Optical Image Stabilization (OIS) ရဲ့ ဒုတိယဗားရှင်းကိုလည်း ထည့် သွင်းပေးထားတယ်။ အားကောင်းလှတဲ့ ကင်မရာ Sensor အတွက် အဆင့်မြင့်မှန်ဘီလူးတွေသုံးဖို့တော့ လိုအပ်မှာပါ။ ဒီအတွက် Nokia က Zeiss Optics ရဲ့ 6 Lens Wide Angle Design နဲ့ အားဖြည့်ပေးထားပါတယ်။ ဒါ့အပြင်အလင်းအမှောင်အခြေအနေမျိုးစုံအတွက် Xenon Flash မီးပါဝင်ပါသေးတယ်။ ဒီကင်မရာနဲ့ Resolution: 7712x5360 pixels အထိရှိတဲ့ ပုံရိပ်တွေကို ရိုက်ကူးနိုင်တယ်။



Lumia 1020 ရဲ့ 41 MP PureView နဲ့ အရည်အသွေးပြည့်မီတဲ့ HD ဓာတ်ပုံတွေတင်မကဘဲ 1080p ဗီဒီယိုတွေကို 30 fps နဲ့ ရိုက်ကူး နိုင်ပါတယ်။ 1080p ဗီဒီယိုရိုက်ကူးမှုအတွက် ပုံရိပ်တွေကိုဝေဝါးမှု မရှိစေဘဲ Zoom ကို လေးဆအထိချဲ့ယူနိုင်ပြီး 720p အရည်အသွေးနဲ့ ရိုက်ကူးမယ်ဆိုရင်Zoom ကို ခြောက်ဆအထိ ချဲ့ယူအသုံးပြုနိုင်ပါတယ်။ HD ဗီဒီယိုမှတ်တမ်းတွေအတွက် High Quality Stereo Sound ကို ဖမ်းယူပေးနိုင်တဲ့ မိုက်ခရိုဖုန်းကို ထည့်သွင်းပေးထားပြီး ဆူညံသံများတဲ့ ပတ်ဝန်းကျင်မှာတောင် အသံ ကွာလတီကောင်းကောင်း ဖမ်းယူပေးနိုင်ပါတယ်။ ဓာတ်ပုံ တွေကို Email, Social Media စတာတွေပေါ်ကနေ Share လုပ်ချင်တယ်ဆိုရင် Lumia 1020 က 5 MP ပုံရိပ်တွေအဖြစ် ပြောင်းလဲပေးပါတယ်။

ဒီစွမ်းအားမြင့်ကင်မရာကို Windows Phone 8 OS မှာ အဆင်ပြေပြေအသုံးပြုနိုင်ဖို့အတွက် Nokia က Nokia Pro Camera App ကို ထည့်သွင်းပေးထားပါတယ်။ Pro Camera App နဲ့ Flash, Focus, ISO, Shutter Speed စတာတွေကို စိတ်ကြိုက် သတ်မှတ်ပေးနိုင်တယ်။ ဒါ့အပြင် ရိုက်ကူးပြီးသားဓာတ်ပုံ တွေကို Frame ပြန်ချိန်တာ၊ Zoom ချဲ့ယူတာ စတဲ့ Function တွေလည်း ပါဝင်ပါသေးတယ်။



**SPECIFICATIONS**

Lumia 1020 ကင်မရာဖုန်းရဲ့ မျက်နှာပြင်အကျယ်က 4.5" ရှိပြီး Resolution 1280x768 pixels ကို ထောက်ပံ့ပေးထားပါတယ်။ စခရင်မ်အတွက် အသုံးပြုထားတဲ့ Display နည်းပညာက AMOLED PureMotion HD+ နည်းပညာဖြစ်ပြီး Gorilla Glass 3 နဲ့ ကာကွယ်ပေးထားပါတယ်။ အားလုံးက နောက်ပိုင်းမှထွက်လာတဲ့ နည်းပညာသစ်တွေဖြစ်ပြီး Corning Gorilla Glass ကလည်း ရှိတယ်လို့မထင်ရအောင်ကြည်လင်ပြီး အရင်တုန်းကတည်းက မာကြောလှပါတယ်လို့နာမည်ကြီးတဲ့ သူ့နောင်တော်တွေထက် သုံးဆပိုမိုမာကြောပါတယ်။ Super Sensitive Touch စနစ်နဲ့လည်း ဖန်တီးပေးထားပါတယ်။

Lumia 1020 မှာ 1.5 GHz Dual-core ပရိုဆက်ဆာကို အသုံးပြုထားပြီး RAM က 2 GB ပါဝင်ပါတယ်။ ပရိုဆက်ဆာအမျိုး အစားက Qualcomm Snapdragon™ S4 ဖြစ်ပါတယ်။ Internal Storage 32 GB ပါဝင်ပြီး Storage တိုးဖို့ microSD Slot ပါဝင်လောက်ပါတယ်။ ကွန်ရက်ချိတ်ဆက်မှုနည်းပညာတွေအတွက် HSPA+ နဲ့ LTE နှစ်မျိုးစလုံးကို အသုံးပြုပေးထားတယ်။ Lumia 1020 ကို AT&T ရဲ့ 4G LTE မိုဘိုင်းလ်ကွန်ရက်နဲ့တွဲဖက်ပြီး ပွဲထုတ်မှာမို့ အသုံးပြုသူတွေကို အတိုင်းထက်အလွန် စိတ်ကျေနပ်မှုပေးနိုင်လိမ့်မယ်။ AT&T က PC Magazine ရဲ့ ၂၀၁၃ အမြန်ဆုံးမိုဘိုင်းလ် ကွန်ရက်ဝန်ဆောင်မှုအဖြစ် သတ်မှတ်ခြင်းခံထားရပြီး လက်ရှိအသုံးပြုသူပေါင်း သန်း ၂၀၀ ကျော်ရှိနေပါတယ်။ ၂၀၁၄ မှာ သန်း ၃၀၀ လောက်အထိ ဖြစ်သွား လောက်တယ်လို့ ခန့်မှန်းထားကြပါတယ်။

ချိတ်ဆက်မှုနည်းပညာတွေအဖြစ် Wifi နည်းပညာတွေနဲ့အတူ microUSB-B, USB 2.0, Bluetooth 3.0, NFC စတဲ့ နည်းပညာတွေကို ထောက်ပံ့ပေးထားတယ်။ နောက်ဆုံးပေါ် နည်းပညာ တွေသုံးထားတဲ့ စွမ်းအားမြင့် Lumia 1020 ရဲ့ ပါဝါအတွက် 2000 mAh ဘက်ထရီကို ထည့်သွင်းပေးထားပြီး အသုံးခံနိုင်တဲ့အချိန်တွေ က 2G Talk မှာ 19.1h, 3G Talk မှာ 13.3h, Music Play အတွက် 63h, Video Play အတွက် 6.8h နဲ့ Wi-fi Web Browsing အတွက် 5.5h တို့ ဖြစ်ပါတယ်။

Lumia 2010 ကို အဝါ၊ အဖြူနဲ့ အနက်၊အရောင်သုံးမျိုးထုတ်လုပ်မှာ ဖြစ်ပါတယ်။ Lumia စီးရီးတွေထဲမှာ ပါနေကျစိမ်းပြာရောင်နဲ့ အနီတော့မပါတော့ပါဘူး။ Lumia 1020 ကို လက်ထဲမှာ မြဲမြဲကိုင်ထားပြီး Point-and-shoot ဓာတ်ပုံရိုက် နိုင်အောင် Wrist Strap တစ်ခုလက်ဆောင်ထည့်ပေးထားပါတယ်။ ဒါ့အပြင် ပုံမှန် ကင်မရာတွေမှာလို အသုံးပြုနိုင်ဖို့ Nokia Camera Grip Accessory (ဖုန်းကာဗာလို မျိုး Adapter) ကို ဝယ်ယူအသုံးပြုနိုင်ပြီး Camera Grip က Lumia 1020 ကို Tripod တွေမှာ တပ်ဆင်နိုင် အောင် ကူညီပေးနိုင်ပါတယ်။

Lumia 1020 ကို အားပေးတဲ့ စားသုံးသူတွေကိုလည်း Nokia Photo Master ဓာတ်ပုံပညာသင်တန်းအတွက် အွန်လိုင်းကနေ တက်ရောက်ခွင့်ပေးမှာဖြစ်ပြီး ဓာတ်ပုံပညာနဲ့ပတ်သက်တဲ့ Tip & Trick တွေ၊ ပရောဂျက်တွေကို လေ့လာခွင့်ပေးမှာဖြစ်ပါတယ်။ ဒီသင်တန်းအပြင် အချိန်အကန့် အသတ်တစ်ခုအတွင်း Lumia 1020 ဝယ်ယူသူတွေကို AT&T Locker ဆိုတဲ့ Cloud Storage App ကနေတစ်ဆင့် အချက်အလက်တွေသိမ်းဆည်းဖို့ Free Storage 50 GB အသုံးပြုခွင့်ပေးမှာ ဖြစ်ပါတယ်။ နောက်ဆုံး အပိုဆုတစ်ခုက Lumia 1020 ဝယ်ယူသူတိုင်းကို SkyDrive Storage 7GB အသုံးပြုခွင့်ပေးပါတယ်။ Lumia 1020 နဲ့ ပတ်သက်ပြီး နောက် ထပ်အသေးစိတ်သိချင်သေးရင် ဖော်ပြထားတဲ့ QR ကုတ်လေးကို Scan ဖတ်ပြီး Nokia ဝက်ဘ်ဆိုက်မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

# Specs Showdown






| Name | Samsung Galaxy Mega5.8 | Sony Xperia ZR | LG Optimus G | HTC One X |
|---|---|---|---|---|
| Display | 5.8"(960x540) | 4.55"(1280x720) | 4.7"(1280x768) | 4.7"(1280x720) |
| CPU | QuadCore 1.4GHz | DualCore 1.5GHz | QuadCore 1.5GHz | QuadCore 1.5GHz |
| RAM | 1.5 GB | 2 GB | 2 GB | 1 GB |
| Storage | 16 GB | 8 GB | 32 GB | 16 GB |
| Camera | 8MP(Back), 1.9MP(Front) | 13MP(Back), VGA (Front) | 13MP(Back), 1.3MP(Front) | 8MP(Back), 1.6MP(Front) |
| OS | Android 4.2.2 | Android 4.1.2 | Android 4.1.2 | Android 4.0.4 |
| Price | 375,000 ks | 469,000 ks | 435,000 ks | 410,000 ks |
| Contact | 01-391730 | 01-8604200 | 01-398436 | 09-73171212 |






| Name | Huawei Ascend G520 | Samsung Galaxy Ace Plus | Sony Xperia J | Samsung Galaxy Grand |
|---|---|---|---|---|
| Display | 4.5"(854x480) | 3.65"(480x320) | 4.0"(854x480) | 5.0"(800x480) |
| CPU | DualCore 1.2GHz | 1GHz | 1GHz | DualCore 1.2GHz |
| RAM | 512 MB | 512 MB | 512 MB | 1GB |
| Storage | 4 GB | 3 GB | 4 GB | 8 GB |
| Camera | 5MP(Back), VGA (Front) | 5MP(Back), VGA (Front) | 5MP(Back), VGA (Front) | 8 MP(Back), 1.3MP(Front) |
| OS | Android 4.0 | Android 2.3.6 | Android 4.0.4 | Android 4.1.2 |
| Price | 125,000 ks | 189,000 ks | 189,000 ks | 289,000 ks |
| Contact | 01-246427 | 09-73171214 | 01-391789 | 01-253144 |






| Name | Lenovo A690 | Huawei C8813 (CDMA) | Huawei Y210S | Lenovo A365e (CDMA+GSM) |
|---|---|---|---|---|
| Display | 4.0" | 4.5" | 3.5" | 3.5" |
| CPU | 1GHz | Dual Core 1.2GHz | 800 MHz | 1 GHz |
| RAM | 512 MB | 512 MB | 256 MB | 256 MB |
| Storage | 512 MB | 4 GB | 512 MB | 512 MB |
| Camera | 3MP | 5MP | 2MP | 2MP |
| OS | Android 2.3.6 | Android 4.1.1 | Android 2.3.6 | Android2.3.5 |
| Price | 89,000 ks | 105,000 ks | 75,000 ks | 75,000 ks |
| Contact | 01-389436 | 09-43355777 | 01-8604300 | 01-398436 |

ဈေးနှုန်းများကူညီပံ့ပိုးပေးသော မိုဘိုင်းလ်ဖုန်းဆိုင်များအား အထူးကျေးဇူးတင်ရှိပါသည်။

Information • Communication • Technology • Lifestyle

Digital life Technology Journal

**Patron**
U Thaung Winn (Pann Cherry)

**Chief Operation Officer**
Lynn Htet Htun

**Chief Editor**
Hein Soe Tun

**Editor in charge**
Nyi Nyi Thet Paing Maw

**Executive Editor**
Kyaw Zeya

**Editors**
Hla Htut Soe (Proof), Kyaw Kyaw Thet, Thet Lin Oo, Ko Zaw Myint (Online)

**Reporters**
Aung Ye' Kyaw, Myat Thu, Phyo Thu

**Designers**
Ko Win San, Ko Ko Lin, Pyae Phyo, Zin Paing Phyo

**Admin**
Moe Myat Myat Min

**Marketing**
Ye' Myat Kyaw, Thant Zin, Myat Thidar Aye

**Distribution**
Kyaw Zay Ya, Swe Thet Htun, Si Thu Min

**Publishing**
Nay Thit Oo (License-9562)

**Publisher**
Daw Khin ThuZarLinn (Temp-1532)

**Office Address**
No.(A-4) 1st Floor (right), Chan Myae Market St., Botahtaung Township, Yangon.
☎ 01-392669/ 01-387262/ 09-73186027

**Website**
www.facebook.com/MyanmarDigitalLife

**Email**
digital.life.journal@gmail.com

# CLASSIFIED

## ရောင်းမည်၊ ဝယ်မည်

Asus A42J
Intel Core i7 RAM 4GB
HDD 500GB Graphic 2GB
Price - 480,000 Ks
Ph - 01-248076/0931288077

---

Used Or Brand New Macbook Pro, Macbook Air, iMac, Mac Mini, iPad 4 Wifi Only & Wifi+4G, iPhone 5, iPod 5, Samsung S4, HTC One အထူးဈေးကောင်းပေးဝယ်လိုသည်။
ဖုန်း - ၀၉ ၃၁၂၈၈၀၇၇

## အလိုရှိသည်

Golden Phoenix Technology (GPT) Co.,ltd တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိပါသည်။

1. Sale Staff - (Male/Female) - 2 posts
2. Service - (Male/Female) - 2 posts

အမှတ်စဉ်(၁) Computer နှင့် ဆက်စပ်ပစ္စည်းများ ရောင်းနိုင်ရမည်။ စကားပြောပြေပြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ ဦးစားပေးမည်။
အမှတ်စဉ် (၂) လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁) နှစ်ရှိရမည်။
ဆက်သွယ်ရမည့်ဖုန်း - ၀၉-၄၂၁၀၉၃၇၃၉၉၊ ၀၁-၃၉၂၅၇၆

## အလိုရှိသည်

Profit Training Centre တွင် တာဝန်ထမ်းဆောင်နိုင်သော သင်ကြားရေးဆရာ၊ ဆရာမများ အလိုရှိသည်။
(၁) Computer Basic, DTP, Graphic ဆရာမ နှစ်ဦး
(၂) A+ ဆရာနှစ်ဦး
(၃) Networking and Window Server 2008 Course ဆရာနှစ်ဦး

သင်ကြားမှုကို ဝါသနာပါ၍ အတွေ့အကြုံရှိသူများသာဖြစ်ရမည်။ အမှတ်-၁၈၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်။
ဖုန်း - ၀၉ ၇၃၀၈၄၇၅၁

---

Alliance Stars Co.,Ltd

1. Sales Promoters ကျား၊မ (၁၀) ဦး
2. Designer ကျား (၅) ဦး
3. Marketing ကျား၊မ (၁၀) ဦး
4. B.E (Electronic) ကျား (၅) ဦး
5. B.Tech (EP, EC) ကျား (၁၀) ဦး
6. AGTI (EP,EC) ကျား (၁၀) ဦး

စိတ်ဝင်စားသူများသည် ကိုယ်ရေးကိုယ်တာအချက်အလက်အပြည့်အစုံ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ သန်းခေါင်းစာရင်းမိတ္တူ၊ ဓာတ်ပုံ (၂) ပုံ၊ မျှော်မှန်းလစာတို့နှင့်အတူ အမှတ် (၅)၊ အနောက်မေခလမ်းသွယ် (၁)၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။

## ဝန်ဆောင်မှု

**Website ရေးဆွဲသည်**

Mwp၊ Web Development Services မှ လူကြီးမင်းတို့၏ကုမ္ပဏီ လုပ်ငန်း၊ သင်တန်းကျောင်း၊ ခရီးသွားလုပ်ငန်း အစရှိသော လုပ်ငန်း များအတွက် Website များကို အစအဆုံး တာဝန်ယူရေးဆွဲပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်
http://www.mmwebpro.com (Myanmar web Professional)
phone: 01-387549, 09421139021
Email: admin@mmwebpro.com, info@mmwepro.com, mwpmyanmar@gmail.com

## ရောင်းမည်၊ ဝယ်မည်

iPhone 5, 4S,4G 8 3GS iPad 1,2,3,4 & Mini, Samsung S4, S3,S2,Note2,Note1 & etc.
Sony, HTC & Huawei
Apple & Android handset များကို အလဲအလှယ်ပေးသည်။
Handset သန့်များကို ဈေးကောင်းပေးဝယ်သည်။
Quality ပြည့်ဝသော Handset များကို ဈေးချိုစွာရောင်းချပေးနေပါသည်။
To Contact (For Sale)-09 425372958, 09448002007
For Buy - 09448003125

---

Used Or Brand New Used Macbook Pro, Macbook Air, iMac, Mac Mini, iPad 4 Wifi Only & Wifi+4G iPhone 5, iPod 5, Samsung S4 HTC One အထူးဈေးကောင်းပေးဝယ်လိုသည်။
ဖုန်း - ၀၉၃၁၂၈၈၀၇၇၊ ၀၉၄၅၀၀၃၉၈

Information • Communication • Technology • Lifestyle
Digital life
Technology Journal
ဂျာနယ်တွင်
ကြော်ငြာများ
ထည့်သွင်းလိုပါက
ဖုန်း - ၃၈၇၂၆၂၊ ၀၉-၇၃၁၈၆၀၂၇ သို့ဆက်သွယ်နိုင်ပါသည်။

သင်ဘယ်နေရာရောက်ရောက် သင့်အနားမှာ Digital life ရှိနေပြီ

Information • Communication • Technology • Lifestyle
Digital life
Technology Journal

ပြည်တွင်းမှာ ကားစီးရင်း ခရီးသွားချိန်မှာပဲဖြစ်ဖြစ် .......
ဆေးကုသမှုခံယူရင်း စောင့်ဆိုင်းနေချိန်မှာပဲဖြစ်ဖြစ် ........
လေယာဉ်စီး ခရီးသွားရင်း ဗဟုသုတရှာမှီးချင်လို့ပဲဖြစ်ဖြစ်.........
ဒီနေရာတွေမှာ –

ဂျာနယ်အသမ်ဖတ်ရှုနိုင်ပြီ

YOMA BANK your bank
Elite Express
PUN HLAING INTERNATIONAL HOSPITAL
Myawaddy Bank
AIR KBZ
Asian Wings Airways
AIR MANDALAY
yangon airways
airBagan

# PROMOTION CORNER




**its**
Computer , Mobile Sales and Services Centre

ဤကူပွန်ဖြင့်လာရောက်ပြီး
မည်သည့် Laptop, Desktop, Tablet
မဆို
လာရောက်ဝယ်ယူအားပေးသူတိုင်းအား
5000 Ks Discount
နှင့်
ဟွန်းမှုဆောက်ခြင်းဖြင့်များအချက် လက်ခံ
၁၀၀၀/ -ကျပ်ဖြင့် ဆောင်ရွက်ပေးပါမည်။

အမှတ်(၂၀၂)၊ ဆိပ်ကမ်းသာလမ်း(အလယ်ဘလောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၃၇၁၃၃၃၆၊ ၀၉၇၃၀၇၀၇၉၅၊ ၀၉၄၂၅၀၀၀၁၂
Email-i+nfo@itsyangon.com

**Heroic Amazon Learning Academy**

ဆရာမဒေါ်မေသူဇင်မှ တစ်ဦးချင်း (သို့) အုပ်စုလိုက် အိမ်တိုင် ရာရောက် သင်ကြားပေးနေသော အင်္ဂလိပ်စာသင်တန်းများ

1. Foundation of 4 Skills
2. Advanced Grammer Course
3. IELTS Preparation & Practise
4. IELTS Foundation Course
5. IELTS Preparation & Practise Course
6. English for TOEFL & GMAT
7. Effective Reader Course
8. Reading Drama Course
9. Skillful Reader Course
10. Spoken English
11. For Job Interview
12. Applying Visa Course
13. Spoken English for Young Learners
14. English to go
15. Reading & Writing Special
16. Advanced Reading & Writing Special
17. TEFLAS for PH.D Condidates
18. Translator Course
19. Advanced Translation Course
20. Essay Writing Course
21. Practising Quz & Comprehension to improve English Reading Skill
22. Fundamental knowledge of English and upproading method

Ph: 09 31082657

**EASTERN**
Computer Sales & Services

ဤကူပွန်ဖြင့်လာရောက်ပြီး
မည်သည့် Tablet ကိုမဆို ဝယ်ယူပါက
Tablet Case
လက်ဆောင်ပေးသွားပါမည်။

အမှတ်(၁၂၉)၊ ဆိပ်ကမ်းသာလမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၉၈၂၂၆

**GPT**
GOLDEN PHOENIX TECHNOLOGY COMPANY LIMITED.

ဤကူပွန်ဖြင့်
GPT Showroom မှ
မည်သည့် Laptop ကိုမဆို
လာရောက်ဝယ်ယူပါက
15000 Ks Discount

အမှတ်(၂၀၆/ဘီ)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်အောင်ကျော်လမ်းနှင့် သိမ်ဖြူလမ်းကြား၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ဖုန်း-၀၁-၃၉၂၅၉၆

**iDEA LiNK**
Computer Sales & Service Centre

ဤကူပွန်ဖြင့်လာရောက်ဝယ်ယူပါက
မည်သည့် Laptop နှင့်
Desktop ကိုမဆို
5000 Ks Discount
ပေးပါမည်။

အမှတ်(၁၈၂)၊ ဆိပ်ကမ်းသာလမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၁၃၇၆၂၁၂

King Service Wisdom
**KSW**
COMPUTER

ဤကူပွန်ဖြင့်လာရောက်ဝယ်ယူပါက
မည်သည့် Laptop နှင့်
Desktop ကိုမဆို
10000 Ks Discount
ပေးပါမည်။

အမှတ်(၁၉၀)၊ ဆိပ်ကမ်းသာလမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၉၈၀၃၇

**NEO TECH**

ဤကူပွန်ဖြင့်လာရောက်ပြီး
Laptop များကိုဝယ်ယူပါက
5000 Ks Discount
နှင့် အခြားလက်ဆောင်ပစ္စည်းများ

Samsung Laptop ကိုဝယ်ယူပါက
10000 Ks Discount
နှင့် အခြားလက်ဆောင်ပစ္စည်းများ

အမှတ်(၁၅၅)၊ ဆိပ်ကမ်းသာလမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၉၈၁၉၉

**TECHNO EYE**
Computer Sales & Services

ဤကူပွန်ဖြင့်လာရောက်ဝယ်ယူပါက
မည်သည့် Laptop နှင့်
Desktop ကိုမဆို
5000 Ks Discount
နှင့် ကွန်ပျူတာပြုပြင်ခြင်းအတွက်
လက်ခ 50% လျှော့ပေးပါမည်။

အမှတ်(၁၇၀-D1)၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့်
ရေလမ်းထောင့်၊ ကန်တော်လေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၉-၇၃၂၁၄၀၅၅

**THA PAYE PWINT**
COMPUTER SALES AND SERVICE

ဤကူပွန်ဖြင့်လာရောက်ဝယ်ယူပါက
မည်သည့် Laptop နှင့်
Desktop ကိုမဆို
5000 Ks Discount
ပေးပါမည်။

အမှတ်(၂၁၄)၊ ဆိပ်ကမ်းသာလမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၈၅၅၀၁

**T ZONE**

ဤကူပွန်ဖြင့်လာရောက်ပြီး
မည်သည့် Projector, Laptop,
Tablet နှင့် Desktop ကိုမဆို
ဝယ်ယူပါက 5000 Ks Discount
နှင့် ဇလာယပါက်စမ်းမဲနှင့်ဆုမဲများ
Camera
External HDD
Targes USB Mouse

အမှတ် (၁၂၅-ခ)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်း၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၂၅၆၉၊ ၀၉-၅၀၂၅၇၁၉

**UNiQUE**
IT, Mobile & Electronic Center

ဤကူပွန်ဖြင့်လာရောက်ပြီး
မည်သည့် Desktop နှင့်
Laptop ကိုမဆိုဝယ်ယူပါက
10000 Ks Discount
ပေးသွားပါမည်။

- အမှတ်(၂၆၀)၊ ပန်းဆိုးတန်း(ပေါ်)၊ အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၇၃၁၇၀၂၀၂
- အမှတ်(၁၉၄)၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၉၈၄၃၆၊ ၀၁-၃၉၁၇၈၉

**Winter Root Computer**

ဤကူပွန်ဖြင့်
မည်သည့် Laptop ကိုမဆို
လာရောက်ဝယ်ယူပါက
5000 Ks Discount
နှင့်
Service 10%
လျှော့ချပေးပါမည်။

- အမှတ်(၂၈၇/၂၈၉)၊ ဗိုလ်အောင်ကျော်လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၉၂၅၆၉
- အမှတ်(၂၂၀)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၂၅၂၂၈၅

**F@X COMPUTER**
LAPTOP BRAND အစုံ၏ BATTERY အသစ်များရနိုင်ပါပြီ။




Ph : 01-380988, 09 73013836 (SKT)
02-69389, 09 91039206 (MDY)
01-389357, 09 73162792 (BAK)

**Cyber Trade**

Desktop တစ်စုံဝယ်ယူပါက
ကျပ် 5000/- လျှော့ပေးသွားမည်
Service 10% Discount
ပေးပါမည်။

အမှတ် (၁၈၉) မြေညီထပ်၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း - ၀၁-၃၉၁၀၆၁၊ ၀၉-၇၃၀၀၀၀၃၃

**Digital life**

ဂျာနယ်ကို
အပတ်စဉ်မှာယူလိုပါက

09-73186027


## FIND US ON FACEBOOK




ဂျာနယ်ဖတ်ရင်း ဉာဏ်စမ်းမေးခွန်းလေးတွေ
ဖြေဆိုနိုင်မယ့်အပြင် IT နည်းပညာ၊ ဗဟုသုတ
ကြွယ်ဝရင်ကြွယ်ဝသလောက်
အလုပ်အကိုင်အခွင့်အလမ်းတွေပါ ရနိုင်စေမယ့်
အထူးအစီအစဉ်တစ်ခုဖြစ်ပါတယ်။ မေးခွန်း (၁၀)
ခုကို ဖြေဆိုပြီး အမှတ်တရလက်ဆောင်တွေ
ကံထူးခွင့်ရှိသလို အလုပ်အကိုင်အတွက်ပါ
အဆင်ပြေသွားစေမယ့်
အခွင့်အရေးတစ်ခုအဖြစ် အမိအရ
ဖမ်းဆုပ်ကြပါစို့။

မကြာမီ
လာမည်

# LIFESTYLE

ဆောင်းပါးရှင်
OWAY

## ထူးခြားသော ဂျပန်ရိုးရာအက Noh နှင့် ကျောင်းတော်ကြီး Todaja သို့ အလည်တစ်ခေါက်




ဂျပန်နိုင်ငံဟာ လည်ပတ်ဖို့ကောင်းတဲ့နေရာတွေ အများအပြား ပိုင်ဆိုင်တဲ့ တမူထူးခြားတဲ့ ရိုးရာဓလေ့၊ အမူအကျင့်တွေကို ပိုင်ဆိုင်တဲ့ လေ့လာနိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ခေတ်စနစ်ပြောင်းလဲမှုများကြောင့် ဂျပန်နိုင်ငံကို သွားရောက်လည်ပတ်လိုတယ်ဆိုရင် အရင်ကထက်ပိုမိုလွယ်ကူလာပြီဖြစ်ပါသည်။

ပတ်ဝန်းကျင်သာယာလှပပြီး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတွေနဲ့အတူ ဂျပန်လူမျိုးများဟာ မိမိတို့ပိုင်ဆိုင်တဲ့ရိုးရာဓလေ့ကို မပျောက်မပျက်အောင် ယနေ့တိုင်ထိန်းသိမ်းထားနိုင်တာကိုတော့ ကျွန်တော်တို့အနေနဲ့ လေးစားအတုခိုးရမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးပြောင်းလဲသင့်သည့်ဘက်က ပြောင်းလဲဖွံ့ဖြိုးတိုးတက်ပြီး ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရမည့်အရာများကို ထိန်းသိမ်းစောင့်ရှောက်တတ်သည့် ဂျပန်လူမျိုးတို့၏စိတ်ဓာတ်နှင့် အလုပ်လုပ်ပုံအမူအကျင့်များသည် တိုးတက်မှုလမ်းကြောင်းပေါ် သို့ ရောက်ရှိနေပြီဖြစ်သော ကျွန်တော်တို့မြန်မာလူမျိုးများအတွက်တော့ အတုယူလေးစားရမည်ဖြစ်သည်။

လည်စရာပတ်စရာ၊ ပျော်စရာ၊ အတုယူစရာတွေများသော ဂျပန်နိုင်ငံသည် နှစ်စဉ်သန်းပေါင်းများစွာသော ခရီးသွားများကို ဆွဲဆောင်နိုင်သဖြင့် မိမိတို့၏ ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပြီဖြစ်ပါသည်။

ကျော်ကြားသောဂျပန်နိုင်ငံ၏ လည်ပတ်စရာနေရာတွေမြောက်များစွာမှ ၂၀၁၂ ခုနှစ်က စာရေးသူဂျပန်နိုင်ငံကိုသွားရောက်လည်ပတ်ခဲ့စဉ်က ရောက်ဖူးခဲ့သောနာမည်ကျော် နာရာမြို့ (Nara City) ကိုသွားရောက်လည်ပတ်စဉ်က အတွေ့အကြုံများအကြောင်းကို ဒီတစ်ပတ်တွင်ရေးသားဝေမျှလိုပါသည်။

နာရာမြို့ (Nara City) သည် မြို့တော် တိုကျိုနဲ့ အိုဆာကာမြို့မှ ၁ နာရီသာ သွားလာ၍ရောက်နိုင်သော နေရာတွင်တည်ရှိပြီး ဟိုးရှေးရှေးတုန်းက ဂျပန်နိုင်ငံရဲ့မြို့တော်အဖြစ် တည်ရှိခဲ့ပါသည်။ ထို့ကြောင့် ရှေးဟောင်းမြို့တော်ဖြစ်သော နာရာမြို့သည် သမိုင်းဝင်ရတနာများ၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အဆောက်အဦးများ၊ ဘုရားကျောင်းများကို ပိုင်ဆိုင်ထားပါသည်။

### ခရီးစဉ်အစ

စာရေးသူသည် Suzuka Circuit Hotel မှ နာရာမြို့သို့ မနက် ၇ နာရီမှ စတင်ထွက်ခွာလာခဲ့ပြီး နာရာမြို့သို့ ၉ နာရီခန့်တွင် ရောက်ရှိခဲ့ပါသည်။ ခရီးရောက်မဆိုက်ပင် ချိုသာယဉ်ကျေးသော ဧည့်လမ်းညွှန်တစ်ဦးမှလာရောက်နှုတ်ဆက်ပြီး ပထမဦးဆုံး Noh အကဖျော်ဖြေတင်ဆက်ရာ Noh ကဇာတ်ရုံသို့ ဦးဆောင်ခေါ်ဆောင်သွားပါသည်။

Noh အကသည် ဂီတအနုပညာ အတီး၊ အမှုတ်များနှင့် ဒရမ်မာအကအလှများပါဝင်သော ဇာတ်သဘင် ဖျော်ဖြေမှုဖြစ်ပြီး ၁၄ ရာစုလောက်ကတည်း စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။

Noh ရိုးရာအက နှင့် Kyogen အကသည် တွဲဖက်ဖျော်ဖြေလေ့ရှိပြီး နှစ်မျိုးပေါင်းအကကို Nogaku ဟု ခေါ်တွင်ပြီး UNESCO ၏ အသိအမှတ်ပြုမှုကိုရထားသော ရှေးဟောင်းအမွေအနှစ်ပင်ဖြစ်သည်။

စာရေးသူတို့အဖွဲ့လည်း Noh အက၏ သမိုင်းကြောင်းနှင့် ယနေ့ခေတ်တိုင် ပြောင်းလဲတိုးတက်လာပုံအဆင့်ဆင့်ကို လေ့လာခဲ့ရပါသည်။ ဖျော်ဖြေတင်ဆက်သူတွေကလည်း တင်ဆက်ပုံအမျိုးမျိုး နှင့်အကအလှတွေကို တခုချင်းစီအလိုက်အဓိပ္ပာယ်ကို ရှင်းပြတင်ဆက်ပေးပါသည်။

Noh အကကို ကပြရန်အတွက် အကမျက်နှာဖုံးကို အရင်စွပ်ရပါသည်။ စင်မြင့်ပေါ် မတက်ခင် သီးသန့်သန့်ရှင်းသောခြေအိတ်ကို ဝတ်ဆင်ပြီး တက်ရပါသည်။ အကစင်မြင့်သည် မြင့်မြတ်သော နေရာအဖြစ်သတ်မှတ်ထားသောကြောင့် ခြေဗလာဖြင့်ဖြစ်စေ၊ ဝတ်ဆင်လာသောခြေအိတ်ဖြင့်ဖြစ်စေ တက်ခွင့်မပြုပါ။

Noh အကသမားများသည် ထူထူထဲထဲနှင့် ကြီးမားလှပသော၊ အလွှာများစွာရှိသည့် ကီမိုနိုအကဝတ်စုံကို ဝတ်ဆင်ရပါသည်။ ထူးခြားသည်မှာ အမျိုးသားဇာတ်မင်းသားဝတ်စုံမဟုတ်ဘဲ၊ အချစ်ကြီးသော အမျိုးသမီးဝတ်စုံဇာတ်မင်းသမီးဝတ်စုံကို ဝတ်ဆင်ကပြခြင်းပင်ဖြစ်သည်။ Noh အကသည် အမျိုးသားများသာ အစဉ်တစိုက်ကပြလေ့ရှိသော်လည်း အက၏ပုံဖော်ပုံမှာလည် အမျိုးသမီးကြီးတစ်ဦးမှာ မိမိအလွန်ချစ်သောယောကျ်ားကို တွေ့မြင်လိုသော ဆန္ဒကြောင့် ယောကျ်ား၏အဝတ်အစားကိုဝတ်ပြီး ရေတွင်းထဲသို့ငုံ့ကြည့်ခြင်းဖြစ်သည်။

အကအလှတင်ဆက်မှုအမျိုးမျိုးကို အားပါးတရ ကြည့်ရှုအားပေးပြီးနောက် စာရေးသူကိုယ်တိုင် စင်မြင့်ပေါ်တက်ပြီး ကိုယ်တိုင်ပါဝင်ကပြခွင့်ရခဲ့ပါသည်။ လက်ခုပ်သံများဖြင့် အားပေးချီးမြှင့်ခံရပြီးနောက် Noh အကဇာတ်ရုံမှ ဆက်လက်ထွက်ခွာလာခဲ့ကြပါသည်။

နေ့လယ်စာကို Nara ပန်းခြံအနီး ရှိ ဂျပန်စားသောက်ဆိုင်တွင် စားသုံးပြီးနောက် အုပ်စုနှစ်စုခွဲ၍နာမည်ကျော် Todaji ဘုရားကျောင်းကို သွားရောက်လည်ပတ်ခဲ့ကြပါသည်။ Todaji ဘုရားကျောင်းသည် ဂျပန်နိုင်ငံ နာရာမြို့ (Nara City) ၏ အထင်ကရ၊ သမိုင်းဝင်၊ ရှေးဟောင်း၊ နာမည်ကျော်ဘုရားကျောင်း ဖြစ်ပါသည်။ ဘုရားကျောင်းကို ၇၅၂ ခုနှစ်က ဂျပန်တစ်နိုင်ငံလုံးရှိ ဗုဒ္ဓဘာသာကျောင်းတော်များ၏ ဦးဆောင်ကျောင်းတော်အဖြစ် တည်ဆောက်ခဲ့ပြီး၊ သြဇာအကြီးမားဆုံးကျောင်းတော်အဖြစ် ရပ်တည်ခဲ့ပါသည်။

လမ်းညွှန်မှ ကျောင်းတော်ကြီး၏သမိုင်းကြောင်း၊ ရှင်တို (Shinto) ခေတ် ဘာသာတရားနှင့် တိုင်းပြည်၏အုပ်ချုပ်ပုံ၊ ဆက်စပ်မှုများကို ရှင်းပြခဲ့ပါသည်။ စာရေးသူတို့အဖွဲ့လည်း ကျောင်းတော်ကြီးကိုလှည့်လည်ကြည့်ရှုရင်း နေရာတစ်ခုချင်းစီအလိုက် သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုများကို လေ့လာသိရှိခဲ့ရပါသည်။

ညနေ ၄ နာရီတွင် ခရီးစဉ်ပြီးဆုံး၍ စာရေးသူတို့ တည်းခိုရာ Suzuka Ciruit Hotel သို့ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ စာရေးသူတို့ လေ့လာလည်ပတ်ခဲ့သော၊ မှတ်သားခဲ့ရသော Nara မြို့ရှိ Noh အကနှင့် Todaji ဘုရားကျောင်းအကြောင်း အသေးစိတ်ကို စာဖတ်သူတို့အသိပညာတိုးပွားစေရန် အသေးစိတ်ရေးသားတင်ပြလိုက်ပါသည်။


Noh Dance မိတ်ဆက် - Japanese Traditional Performance

အကသမားများကိုယ်တိုင် လှည့်လည်ရှင်းပြပေးမှုကြောင့် Noh ဇာတ်ရုံတစ်ခုလုံးကိုလေ့လာ ကြည့်ရှုခွင့်ရခဲ့ပါသည်။ အကသမားများရှင်းပြသည်မှာ Noh အကစင်မြင့်သည် ပရိသတ်နှင့် စင်မြင့်အကြား ကန့်လန့်ကာထားလေ့မရှိဘဲ ရိုးရှင်းစွာတည်ဆောက်

စာမျက်နှာ (၃၄) သို့







# GADGET COLLECTION FOR SMART LIFE



## Anakonda KAN200 Speaker

ဒါက စပီကာ! ဟုတ်လို့လား ဟုတ်ပါတယ်။ ဒါက Anakonda KAN200 Flexible Speaker ဖြစ်ပါတယ်။ သူ့ကို မီးအိမ်ထောက်တိုင်တစ်လျှောက်ကပ်ထားနိုင်သလို စားပွဲခြေထောက်မှာလည်း လိမ်ထားနိုင်တယ်။ တစ်ခုချင်း အသုံးပြုနိုင်သလို ယူနစ်ပေါင်း များစွာကို ပေနှစ်ရာအရှည်အထိချိတ်ပြီး တော့လည်း သုံးနိုင်တယ်။ အသံအရည်အသွေးကလည်း အကောင်းကြီးမဟုတ်ပေမယ့် လက်ခံ နိုင်လောက်တဲ့ အတိုင်းအတာရှိတယ်။ ဒီယူနစ်တစ်ခုချင်းစီရဲ့ အရှည်က 6.6' ရှိပြီး အကြမ်းပတမ်းခံနိုင်မှုအတွက် IP55 Rating ရထားသေးတယ်။

**USD 900 per Unit**




## Bubble Pod

စမတ်ဖုန်းတွေနဲ့ ၃၆၀ ဒီဂရီ Panorama ဓာတ်ပုံတွေရိုက် ကူးရာမှာ အဆင်မပြေဘူးလား? အဲဒါကို ဖြေရှင်းဖို့ BubblePod ရှိပါတယ်။ သူရဲ့ လုပ်ဆောင်ပုံက လှုပ်ရှားနေတဲ့ဗီဒီယိုတွေကို ၃၆၀ ဒီဂရီ ရိုက်ကူးနိုင်တဲ့ SpinPod နဲ့ တူပါတယ်။ ထူးခြားချက်က လှည့်ပတ်မှုတွေလုပ်ဖို့အတွက် BubblePod မှာ မော်တာကိုအသုံး မပြုဘဲ သာမန်သံပတ်ကိုပဲ အသုံးပြုထားတာဖြစ်ပါတယ်။ သူနဲ့တွဲသုံးဖို့ BubblePix ဆိုတဲ့ App ကိုလည်း အခမဲ့ရယူနိုင်ပါတယ်။

**USD 15.00**




## myIDkey Voice Searchable USB Drive

သင့်ဆီကို MI6 ကနေပြီး အကြောင်းကြားစာရောက်လာ တယ်။ သူတို့ဆီက အချက်အလက်တစ်ချို့ကို လုံခြုံတဲ့နေရာမှာ သိမ်းဆည်းဖို့ မစ်ရှင်တစ်ခု လုပ်တော့မယ်တဲ့။ နည်းပညာခေတ်ရဲ့ အဆင့်မြင့်စပိုင်ကြီး သင်ကဘာလုပ်ရမလဲ? သင်လုပ်ရမှာက myIDkey Voice-searchable USB Drive တစ်ခု သွားဝယ်ပေး လိုက်ဖို့ပဲ ဖြစ်ပါတယ်။ ဒီ USB Drive မှာ Biometric Sensor ပါပြီး ပိုင်ရှင်အမှန်က သူ့ကိုဖွင့်ဖို့ Sensor ပေါ်ကို အရင်ဆုံးလက်နဲ့ ပွတ်ဆွဲရပါမယ်။ ပြီးရင် Voice Button လေးကိုဖိထားပြီး Password ကို ပါးစပ်ကပြော ဒါမှရမယ်။ ဒါတောင် ဉာဏ်ကောင်းလှတဲ့ လူဆိုးတွေဆီရောက်သွားသေးရင် သူ့ကိုယ်သူဖျက်ဆီးနိုင်တဲ့ Self-destruct Feature ကို သုံးလိုက်ရုံပါပဲ။

**USD 149.99 ~ 169.00**

## Snapzoom Binocular Adapter

စမတ်ဖုန်းတွေမှာ တွဲသုံးရတဲ့ဂတ်ဂျက်တွေက တစ်နေ့ တစ်ခြားတိုးပွားလာနေပြီး Adapter တွေ၊ Accessory တွေ စသ ဖြင့် စုံနေအောင်ရှိပါတယ်။ အခုလည်း အိုင်ဒီယာပြောင်မြောက်တဲ့ ဒီဇိုင်နာတစ်ချို့က စမတ်ဖုန်းနဲ့မှန်ပြောင်းကို တွဲဖက်ပေးနိုင်တဲ့ Adapter တစ်မျိုးကို ဖန်တီးလိုက်ပြန်ပါတယ်။ Snapzoom လို့ ခေါ်ပြီး ဈေးနှုန်းက USD 69.99 ဖြစ်ပါတယ်။ ထုတ်လုပ်သူတွေ ကတော့ ဘယ်စမတ်ဖုန်းမှာမဆိုအသုံးပြုနိုင်ပြီး မှန်ပြောင်း အမျိုး အစားလည်း မရွေးပါဘူးတဲ့။ သင့်မှာ စမတ်ဖုန်းရှိပေမယ့် မှန်ပြောင်းမရှိရင်တော့ အဆင်ပြေမှာမဟုတ်ပေဘူး။



## Garmin's Portable HUD

အခုနောက်ပိုင်းထုတ်ကားတွေမှာ Head-Up-Display (HUD) လို့ ခေါ်တဲ့ Display တွေ ပါဝင်လာတယ်။ ကားရှေ့ လေကာမှန်လိုမျိုး မြင်ညီကျယ်တစ်ခုပေါ်ကို အောက်ဖက်က ပရိုဂျက် တာလှမ်းထိုးပြီး အချက်အလက်တွေ ဖော်ပြပေးတာမျိုးဖြစ်တယ်။ နောက်ပိုင်းထုတ်ကားတွေမှာပါပေမယ့် ခေတ်ဟောင်းကားတွေအတွက်ရော? ဒီအတွက် Garmin ကထုတ်တဲ့ Portable HUD ရှိပါတယ်။ iPhone ကို ဝါယာလက်နည်းပညာနဲ့ ချိတ်ဆက်နိုင်ပြီး Navigation App တွေကို မှန်ပြင်ပေါ်ပြန်ထိုးကြည့်နိုင်တယ်။ ကားရဲ့ လက်ရှိအမြန်နှုန်းတွေကိုလည်း ဖော်ပြပေးနိုင်စွမ်းရှိတယ်။




**USD 129.99**

## Tile Tracker




ဒီဂတ်ဂျက်ကတော့ မသိရင်ကုန်ပစ္စည်းတွေမှ ပါတတ်တဲ့ အမျိုးအစားပြ Tag လို့ ထင်ရမှာဖြစ်ပါတယ်။ အရွယ်အစားကလည်း လက်သည်းခွံသာသာ ရှိပါတယ်။ ပစ္စည်းတွေ မကြာခဏမေ့တတ်၊ ပျောက်တတ်သူတွေအတွက် အသုံးတည့်ပြီး သူ့ကို အရေးကြီးတဲ့ (သို့) အသုံးပြုချင်တဲ့ ပစ္စည်းတစ်ခုခုမှာ တပ်ထားပေးရုံဖြစ်ပါတယ်။ သူ့ရဲ့ တကယ့်အသုံးဝင်မှုက App ပေါ်မှာ မှီတည်နေပြီး App ကနေ တစ်ဆင့် ပစ္စည်းရဲ့တည်နေရာကို ပြန်လည်ရှာ ဖွေနိုင်ပါတယ်။

**USD 18.95 per Unit**

# Local gadgets

## ACER X1120H PROJECTOR

Resolution အရည်အသွေး 1080P Full HDရနိုင်တဲ့ Projector အမျိုးအစားဖြစ်ပြီး aspect ratiom 4:3 နဲ့ 16:9 ပုံစံနှစ် မျိုးနဲ့အသုံးပြုနိုင်ပါတယ်။ Contrast ratio က 3000: 1 ရနိုင်ပြီး ပရိုဂျက်တာမီးလုံးသက်တမ်းက နာရီ ၅၀၀၀အထိသုံးနိုင်မှုဖြစ်ပါတယ်။ Input Interface အနေနဲ့ D-sub port ၂ခု၊ Composite Video port ၁ခု၊ S-Video နဲ့ HDMI Port ၁ခု ပါဝင်ပါတယ်။ အမျိုးအစားနဲ့ အရည်အသွေးကောင်းမွန်ပြီး အလေးချိန် ၂.၃ ကီလိုဂရမ်ရှိပါတယ်။




Price - 440,000Ks
Contact - Shwe Lamin Nagar. Ph- 01 2300087

## ORICO DUAL BAY HARD DRIVE DOCK 8628 SERIES

အချိန်ကုန်သက်သာ မြန်ဆန်စွာဖြင့်အရေးကြီး Dataတွေကို စိတ်ကြိုက်ပုံစံနဲ့ရွေးချယ်အသုံးပြုနိုင်မဲ့ Dockလေးဘဲဖြစ်ပါတယ်။ ပုံမှန်သုံးနေကျ speed မြင့်မြင့်နဲ့ အသုံးပြုနိုင်ရုံသာမက hard driveနှစ်လုံးကို တစ်ပြိုင်ထဲစိုက်အသုံးပြုနိုင်ပြီး system တစ်ခုလုံးကို clone လုပ်နိုင်ပါတယ်။ hard driveနှစ်လုံးကို dockမှာစိုက်ပြီး Power ပေးကာ ခလုပ်တစ်ချက်နှိပ်ပြီးလွယ်ကူစွာနဲ့ clone ပြုလုပ်နိုင်မှာဖြစ်လို့ အသုံးဝင်အဆင်ပြေစေနိုင်မှာ ဖြစ်ပါတယ်။ system တစ်ခုလုံးကို clone ပြုလုပ်နေချိန်မှာလည်း LED မီးလုံးများနဲ့ပြီးဆုံးတဲ့ပမာဏ% ကိုပြသနေမှာ ဖြစ်ပါတယ်။ 2.5/3.5 SATA hard drive ဆိုဒ် နှစ်မျိုးလုံးကို အသုံးပြုနိုင်ပါတယ်။




price - 59900KS
contact - F@x computer
Ph-01- 389357

## NT 1501D REGULATED DC POWER SUPPLY

mobile phone, computer, notebook, electrical outdoor service technicians များအတွက်တော့ သွားလေရာကို အလွယ်တကူသယ်သွားနိုင်စေမယ့် regulated DC power Supply လေးဖြစ်ပါတယ်။ output voltageနဲ့ output current 1A အသုံးပြုနိုင်မှာပဲဖြစ်ပါတယ်။ Voltage(V) ကိုလည်း လိုအပ်သလို Adjust လုပ်အသုံးပြုနိုင်မှာဖြစ်လို့ အဆင်ပြေစေမှာ ဖြစ်ပါတယ်။ 9V/5V USB များကိုအလွယ်တကူတိုင်းတာနိုင်တဲ့ postလေးများလည်း ပါရှိပါတယ်။ Constant voltage(CV) နဲ့ Constant Current(CC) စတဲ့ Operation နှစ်မျိုးစလုံးကိုရနိုင်ပါတယ်။ AC Power Input Voultage ကို 110V -240V အတွင်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။




Price - 23,000Ks
Contact - F@x computer
Ph-01- 389357

## ELECOM JAPAN BRAND MOBILE BATTERY



ဂျပန်နိုင်ငံ၏ ဈေးကွက်ဝေစု အများဆုံးရရှိထားသည့် ELECOM အမှတ်တံဆိပ်ဖြစ်ပြီး၊ ဂျပန်အရည်အသွေး ဂျပန်ဒီဇိုင်းဖြင့် ပြုလုပ်ထားတဲ့ Mobile Battery လေးကတော့ ဒီဇိုင်းဆန်းပြီး Alkaline Battery AA ဓာတ်ခဲ (၄)လုံးဖြင့် အားပြန်သွင်းနိုင်သော ELECOM အမှတ်တံဆိပ် Dry Cell Mobile battery လေးဖြစ်ပါတယ်။ လျှပ်စစ်မီးမရရှိနိုင်သော နေရာများတွင် ဘက်ထ္ထရီခြောက်ဖြင့် အလွယ်တကူအားပြန်သွင်းနိုင်ပါတယ်။ iPhone များအတွက်အားသွင်းရန် USB cable ကြိုးရှိရုံနဲ့ အားသွင်းနိုင်မှာဖြစ်ပါတယ်။ alkaline Battery AA ဓာတ်ခဲ(၄)လုံးဖြင့် တစ်ကြိမ်အားသွင်းလျှင် ၀% မှ ၁၀၀%အထိ အားသွင်းနိုင်မယ့် Battery လေးဖြစ်ပါတယ်။

Price - 24,000Ks
Contact - Cyber Plus
Ph- 01-227593

## ACER ASPIRE M3985(I5)

Acerရဲ့ မြောက်များစွာသော Branded Desktopများမှ အသစ်ထပ်မံရောက်ရှိလာတဲ့ Series အသစ် Aspire 3985 ဖြစ်ပါတယ်။ စွမ်းဆောင်ရည်မြင့်မားတဲ့ Branded Desktop တစ်ခုလုံးကိုရှာဖွေနေသူများအတွက် 3rd Generation Intel processorကို အသုံးပြုထားပြီး ATI Graphic HD 7470 2GB ကို ထည့်သွင်းထားခြင်းက သင့်ရဲ့ စိတ်ကူးကိုအကောင်အထည်ဖော်ပေးနိုင်ပါတယ်။

Desktopကို ဝယ်ယူရုံနဲ့ Acer keyboard, Mouse, Speakerက တစ်ပါတည်းပါရှိပြီး သင်ကြိုက်နှစ်သက်ရာ Acer Monitorနဲ့ တွဲဖက်သုံးစွဲပြီး Branded Desktop ကိုပိုင်ဆိုင်နိုင်ပါပြီ။ ဒီ Aspire MC605(i5) Desktop မှာ Intel 3rd Generation i5 3350P (3.1GHz)ဖြစ်ပြီး Turbo boost Technology အရ 3.1 GHz အထိမြင့်တင်လုပ်ဆောင်နိုင်ပါတယ်။ ATI Redeon HD7470 2GB Graphic ပါရှိခြင်း၊ 4GB DDR3 Menory က လိုက်ဖက်တဲ့ပါဝင်မှုဖြစ်ပြီး Graphicအသုံးပြု Applicationများကိုကောင်းမွန်စွာအသုံးပြုနိုင်ပါတယ်။ HDD 1 TB ပါဝင်ပြီး HDD ကို လွယ်ကူစွာဖြုတ်တပ်နိုင်တဲ့ HDD Carrier ပါဝင်ပါတယ်။ DVD SuperMulti Double layerတပ်ဆင်ထားပြီးမြန်နှုန်းမြင့် GbLAN, wireless LAN တို့နှင့် အတူ HDMI port, CardReader တို့ စုံလင်စွာတပ်ဆင်ထားခြင်းက သင့်အတွက် ပြီးပြည့်စုံတဲ့ခံစားချက်ကိုရရှိစေမှာပါ။




Price - 610,000Ks
Contact - Shwe Lamin Nagar. Ph- 01 2300087

## OKER HEAD PHONE (SM 8602V)

OKER ရဲ့ Headphone တစ်မျိုးဖြစ်တဲ့ SM 8602V model တစ်မျိုးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ SM8602V (headphone) ဟာ OKER မှအထူးထုတ်လုပ်ထားသော Model တစ်မျိုးဖြစ်ပြီး အသံရဲ့ကြည်လင်ပြတ်သားမှုအထူးကောင်းမွန်သော headphone အမျိုးအစားဖြစ်ပါတယ်။ Volume control wheel ပါရှိပါတယ်။ Frequency range က 20-20000 Hz ထိရှိပြီး နားမှာသက်သောင့်သက်သာစွာတပ်ဆင်ပြီးနားဆင်နိုင်မှာပါ။ Power input က -110mWသာရှိပြီး ကြိုးအရှည်ကတော့ 2.5m ရှိပါတယ်။ GPT Co.,Ltd မှ တစ်နိုင်ငံလုံးသို့ဖြန့်ဖြူး ရောင်းချပေးနေသော OKER အမှတ်တံဆိပ် computer နှင့် ဆက်စပ်ပစ္စည်းများကို မြန်မာတစ်နိုင်ငံလုံးရှိ Computer အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါတယ်။





Price - 9,500Ks
Contact - GPT
Ph - 01-392576

# GLOBAL NEWS

INTERNET FREEDOM

## Microsoft နှင့် Blackberry က Surface RT tablet နှင့် Z10 ဖုန်းတို့အား ဈေးလျှော့သတ်မှတ်




Microsoft သည် ဈေးကွက်အတွင်းအရောင်းထိုင်းနေသည့် Surface RT tablet များအား ဈေးနှုန်းလျှော့သတ်မှတ်ခဲ့သည်။ Microsoft က ဗြိတိန်ဈေးကွက်တွင် ယခင်က ပေါင် ၄၀၀ ဈေးနှုန်းသတ်မှတ်ထားသည့် Surface RT tablet 32GB အား 279 ပေါင်အထိ လျှော့ချခဲ့ပြီး 64 GB ဗားရှင်းအား 359 ပေါင်ဈေး သတ်မှတ်ခဲ့သည်။ BlackBerry ၏ Z10 ဖုန်းမှာ ယခင်ကဖုန်းဝန် ဆောင်မှုနှစ်နှစ်စာချုပ်နှင့်တွဲဖက်ရောင်းချရာတွင် 199 ဒေါ်လာအထိဈေးသတ်မှတ်ခဲ့သော်လည်း ယခုအခါဝန်ဆောင်မှုပေးသောကုမ္ပဏီပေါ် မူတည်၍ 49 ဒေါ်လာမှ 99 ဒေါ်လာအထိသာကျသင့်မည်ဖြစ်သည်။

ယခုကဲ့သို့ ဈေးနှုန်းလျှော့ချမှုများက အဆိုပါပစ္စည်းများ၏ ဈေးကွက်အခြေအနေအားဖော်ပြနေသည်ဟု လေ့လာသူများက ဆိုသည်။ Microsoft သည် Windows 8 နှင့် RT စနစ်သုံး tablet များဟာ မျှော်လင့်ချက် ကြီးကြီးမားမားထားရှိခဲ့သော်လည်း ဈေးကွက်တွင်ထင်တိုင်းမပေါက်ခဲ့ပေ။ 2013 ခုနှစ်၏ ပထမသုံးလပတ်အတွင်း ကမ္ဘာတစ်ဝန်း tablet ရောင်းအား သန်း ၅၀နီးပါး ရှိခဲ့သော်လည်း Windows စနစ်သုံး tablet နှစ်သန်းနီးပါးသာ ရောင်းချခဲ့ရသည်။ ထိုပမာဏ၏ထက်ဝက်မှာ အခြားကုမ္ပဏီများက ထုတ်လုပ်သည့်Windows tablet များဖြစ်သည်။ ယခင် RIM(Research In Motion) အမည်ဖြင့် ရပ်တည်ခဲ့ပြီး ယခုနှစ် ဆန်းပိုင်းက အမည်ပြောင်းခဲ့သည့် Black Berryသည် မိုဘိုင်းလ် ၏ OS အသစ် BB10 ဖုန်းဖြင့် ဈေးကွက်ထိုးဖောက်ရန် ကြိုးစားခဲ့ သော်လည်း ရည်မှန်းချက်မပြည့်မီသဖြင့် ယခုကဲ့သို့ဈေးလျှော့ချရခြင်းဖြစ်သည်။ BlackBerry 210 သည် စတင်ရောင်းချသည့် ပထမသုံးလအတွင်း အလုံးရေတစ်သန်းခန့်ရောင်းချခဲ့ရပြီး ပြိုင်ဘက် Apple နှင့် Android ဖုန်းများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးသည့်အရေအတွက်ဖြစ်သည်။

## နာဆာက 3Dပရင်တာဖြင့် ထုတ်လုပ်သည့် ဒုံးအင်ဂျင်အား အောင်မြင်စွာစမ်းသပ်

အမေရိကန်အာကာသအေဂျင်စီ နာဆာသည် 3D ပရင်တာဖြင့်ထုတ်လုပ်သည့်အစိတ်အပိုင်းများဖြင့် တည်ဆောက်ထားသည့် ဒုံးအင်ဂျင်အားအောင်မြင်စွာ စမ်းသပ်ခဲ့သည်။စမ်းသပ်ခဲ့သည့် ဒုံးအင်ဂျင်မှာ ပုံမှန်အရွယ်အစားထက်သေးငယ်သည့် နမူနာပုံစံဖြစ်သော်လည်းလက်တွေ့အသုံးပြုနိုင်သည့် အချက်အလက်များရရန်လုံလောက်သည်ဟုဆိုသည်။

ဒုံးအင်ဂျင်တစ်ခုလုံးအား 3D ပရင်တာဖြင့် ထုတ်လုပ်ခြင်းမဟုတ်ဘဲ လောင်စာဆီထိန်းချုပ်စနစ်ကဲ့သို့ အနုစိတ်ပြီး ထုတ်လုပ်ရခက်ခဲသည့် အစိတ်အပိုင်းများကိုထုတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါထုတ်လုပ်မှုအား ကယ်လီဖိုးနီးယားပြည်နယ်ရှိ သုသေတနဌာနတွင် ထုတ်လုပ်ခဲ့ခြင်ဖြစ်သည်။ ဒုံးအင်ဂျင်ထုတ်လုပ်သည့် 3D ပရင်တာတွင် သတ္တုမှုန်များအားစွမ်းအားမြင့် လေဆာရောင်ခြည်ဖြင့် အရည်ပျော်စေပြီးထုတ်လုပ်ခြင်းဖြစ်သည်။

ဒုံးအင်ဂျင် အစိတ်အပိုင်းများအား 3D ပရင်တာဖြင့်ထုတ်လုပ်နိုင်ပါက ပုံမှန်နည်းလမ်းများထက် အချိန်နှင့် ကုန်ကျစရိတ်များစွာသက်သာစေပြီး အာကာသနည်းပညာတိုးတက်ရေးတွင်အထောက်အကူဖြစ်စေမည်ဟု နာဆာက ဆိုသည်။ ယခု 3D ပရင်တာဖြင့်ထုတ်လုပ်ခဲ့သည့်အစိတ်အပိုင်းများအား ပုံမှန်နည်းဖြင့်ထုတ်လုပ်ပါကအချိန်တစ်နှစ်ခန့်ကြာနိုင်သော်လည်း 3D ပရင်တာဖြင့်လေး လအတွင်းအပြီးထုတ်လုပ်နိုင်သည်ဟုဆိုသည်။ ကုန်ကျစရိတ်ပိုင်းတွင်လည်း ၇၀% အထိ သက်သာစေသည်ဟုဆိုသည်။ နာဆာ၏စမ်းသပ်မှုအပြီးတွင် General Electric ကုမ္ပဏီက ဂျက်လေယာဉ်အင်ဂျင် အစိတ်အပိုင်းများ 3D ပရင်တာဖြင့် ထုတ်လုပ်ရန်စီစဉ်နေသည်ဟု ကြေငြာခဲ့သည်။

## တရုတ်နိုင်ငံက ၁၃နှစ်ကြာ ဂိမ်းစက်များ ပိတ်ပင်ထားမှုအား အဆုံးသတ်ရန်စီစဉ်



တရုတ်နိုင်ငံသည် ၂၀၀၀ ခုနှစ်ကတည်းက စတင်ခဲ့သည့် ဂိမ်းစက်များပိတ်ပင်ထားမှုအား အဆုံးသတ်ရန်စီစဉ်လျက်ရှိသည်ဟုဆိုသည်။ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင်တည်ဆောက်လျက်ရှိသည့် လွတ်လက်စွာကုန်သွယ်မှုဇုန် အသက်ဝင်လာစေရန် ဆောင်ရွက်ချက်များအနက် တစ်ခုအဖြစ် ယခုကဲ့သို့ ဂိမ်းစက်ပိတ်ပင်မှုအဆုံးသတ်ရန် စီစဉ်နေခြင်းဖြစ်သည်။ တရုတ်အစိုးရက ရှန်ဟိုင်းကုန်သွယ်မှုဇုန်တွင် နိုင်ငံတကာမှစီးပွားရေးလုပ်ငန်းများလွတ်လပ်စွာ အကောက်ခွန်လွတ်ကုန်သွယ်နိုင်မည် ဖြစ်ပြီး ၁၃ နှစ်ကြာ ပိတ်ပင်ထားသည့် ဂိမ်းစက်များလည်းပါဝင်သည်ဟုဆိုသည်။ တရုတ်နိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာန အပါအဝင်ဝန်ကြီးဌာန ခုနှစ်ခုသည် လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေသည်ဟုဆို၍ ဂိမ်းစက်များ အား ၂၀၀၀ ခုနှစ်မှ စတင်ကာ ပိတ်ပင်ခဲ့သည်။ Microsoft, Sony, နှင့် Nintendo တို့မှ ထုတ်လုပ်သည့် ဂိမ်းစက်များမှာ တရုတ်နိုင်ငံအတွင်း တရားမဝင် ဝယ်ယူရရှိနိုင်သော်လည်း ကုမ္ပဏီများအနေဖြင့် တရားဝင်အရောင်း ပြခန်းဖွင့်လှစ်ခွင့်နှင့် ကြော်ငြာခွင့်မရှိပေ။ ပိတ်ပင်မှုအဆုံးသတ်လျှင် အဆိုပါကုမ္ပဏီများ တရုတ်နိုင်ငံတွင်း တရားဝင်ရောင်းဝယ်ခွင့်ရရှိတော့မည်ဖြစ်သည်။

## Google ဥက္ကဋ္ဌ အီရစ်ရှမစ်က MotoX ဖုန်းအား ကိုင်ဆောင်ပြသခဲ့



Google ဥက္ကဋ္ဌ အီရစ်ရှမစ်သည် အိုင်ဒါဟိုပြည်နယ်၊ ဆန်းဗယ်လီတွင် ပြုလုပ်ခဲ့သည့် မီဒီယာတွေ့ဆုံပွဲတစ်ခုတွင် Moto X ဖုန်းအား ကိုင်ဆောင်အသုံးပြု၍ တက်ရောက်ခဲ့သည်။ Google ပိုင် Motorola က ထုတ်လုပ်ရန်စီစဉ်နေသည့် Moto X ဖုန်းနှင့်ပတ်သက်သည့် အချက်အလက်များထွက်ပေါ်နေချိန်ဖြစ်သဖြင့် ယခုကဲ့သို့ကိုင်ဆောင်ပြသခဲ့ခြင်းက သတင်းသမားများအတွက်အာရုံစိုက်စရာဖြစ်စေခဲ့သည်။ အီရစ်ရှမစ်က ကိုင်ဆောင်ပြသခဲ့သဖြင့် Moto X ဖုန်း၏အရည်အသွေးမြင့်ဓာတ်ပုံများ ပထမဆုံးအကြိမ်အဖြစ် အများပြည်သူကြား ထွက်ပေါ်လာခြင်းဖြစ်သည်။

အီရစ်ရှမစ် ကိုင်ဆောင်ပြသပြီးရက်ပိုင်းအတွင်း Moto X ၏ ကြော်ငြာဗီဒီယိုတစ်ခု အင်တာနက်တွင် ပေါ်ထွက်လာခဲ့သည်။ ဗီဒီယိုထဲတွင်ပြသချက်အရ Moto X ဖုန်းသည် အသံဖြင့်အမိန့်ပေးနိုင်းစေနိုင်ပြီး Motorola ၏ feature သစ်များပါဝင်သည်။ အစောပိုင်းပေါ်ထွက်ခဲ့သည့် သတင်းများအရ Moto X ဖုန်းအား ဝယ်ယူသူစိတ်ကြိုက် အရောင်၊ CPU, RAM များဖြင့် ရရှိမည်ဟု ဆိုသည်။

Moto X ဖုန်းနှင့် ပတ်သက်သည့်သတင်းများ ထွက်ပေါ်နေသော်လည်း Google နှင့် Motorola က အတည်ပြုချက်မပေးခဲ့ဘဲ Moto X ဖုန်းအား အမေရိကန်နိုင်ငံတွင် တပ်ဆင်ထုတ်လုပ်မည်ဟု ဖော်ပြခဲ့သည်။ Moto X ကို ယခုနှစ်တတိယသုံးလပတ်အတွင်းထုတ်လုပ်မည်ဟု သတင်းထွက်လျက်ရှိပြီး Google က ကမ္ဘာတစ်ဝန်းအရောင်းမြှင့်တင်ရေးအတွက် ဒေါ်လာသန်း၅၀၀ သုံး၍ကြော်ငြာမည်ဟုဆိုသည်။

# GLOBAL NEWS

ROBOT CAR

## UKတွင် မောင်းသူမဲ့ကားများအား ယခုနှစ်ကုန်စမ်းသပ်မည်




UK ရှိ အများပြည်သူသုံးလမ်းများတွင် ယခုနှစ်ကုန်ပိုင်း၌ မောင်းသူမဲ့ကားများ စမ်းသပ်သွားမည်ဖြစ်ကြောင်း UK သယ်ယူပို့ဆောင်ရေးဌာနက ကြေငြာခဲ့သည်။

အောက်စဖို့တက္ကသိုလ်က လက်ရှိ စမ်းသပ်လျက်ရှိသည့် Robot Car သုတေသနအစီအစဉ်အား သယ်ယူပို့ဆောင်ရေးဌာနက ထောက်ပံ့မှုပေးကာ အများပြည်သူသုံး လမ်းများတွင် စမ်းသပ်ခွင့်ပြုခြင်းဖြစ်သည်။ Robot Car အစီအစဉ်တွင် Nissan Leaf အမျိုးအစား ကားတစ်စီးအား မွမ်းမံပြင်ဆင်ထားသည့် မောင်းသူမဲ့ကားအား စမ်းသပ်နေခြင်းပင်ဖြစ်သည်။ အဆိုပါကားတွင် ဗီဒီယိုကင်မရာနှင့် လေဆာအာရုံခံကိရိယာများ တပ်ဆင်ထားပြီး ကွန်ပျူတာထိန်းချုပ်စနစ်ဖြင့် အလိုအလျောက်မောင်းနှင်ခြင်း ဖြစ်သည်။ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက Robot Car အား သုတေသနဌာနတွင် ပထမဆုံးအောင်မြင်စွာ စမ်းသပ်မောင်းနှင်ခဲ့သည်။ Robot Car သုတေသနအဖွဲ့ခေါင်းဆောင် ပေါလ်နယူးမန်းက "အများပြည်သူသုံးလမ်းများပေါ်တွင် စမ်းသပ်ခွင့်ရခြင်းအတွက် စိတ်လှုပ်ရှားမိကြောင်းနှင့် UK အစိုးရက အင်ဂျင်နီယာများ၏ အရေးပါမှုအား အသိအမှတ်ပြုခြင်းဖြစ်ကြောင်း" ပြောကြားခဲ့သည်။

နည်းပညာကုမ္ပဏီကြီးများဖြစ်သည့် Google ကလည်း Toyota Prius အား မွမ်းမံထားသည့် မောင်းသူမဲ့ကားတစ်စီးအား စမ်းသပ်လျက်ရှိရာ အများပြည်သူသုံးလမ်းမပေါ်တွင် မိုင်သုံးသိန်းခန့် စမ်းသပ်မောင်းနှင်ခဲ့ပြီး ဖြစ်သည်။ အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယား၊ နီဗားဒါးမြို့နှင့် ဖလော်ရီဒါပြည်နယ်များတွင် အများပြည်သူသုံးလမ်းများပေါ်၌ မောင်းသူမဲ့ကားများအား မောင်းနှင်ခွင့်တရားဝင်ခွင့်ပြုထားပြီးဖြစ်သည်။

## Microsoft ၏ Kinect အတွက် နည်းပညာထောက်ပံ့ခဲ့သည့် ကုမ္ပဏီအား Apple က ဝယ်ယူရန်စီစဉ်




Microsoft X box 360 ဂိမ်းစက်နှင့်တွဲဖက်အသုံးပြုသည့် Kinect ကိရိယာ၏ 3-D Motion Sensing နည်းပညာအားထောက်ပံ့ပေးခဲ့သည့် Primesense ကုမ္ပဏီအား Apple ကဝယ်ယူရန်စီစဉ်လျက်ရှိသည်ဟု အဆိုပါကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။ အစ္စရေးအခြေစိုက် Primesense ကုမ္ပဏီထံ Apple မှတာဝန်ရှိသူများ ယခုလဆန်းတွင်လာရောက်လည်ပတ်ခဲ့ပြီး ကုမ္ပဏီဝယ်ယူရေးအားဆွေးနွေးခဲ့သည်ဟုဆိုသည်။ ဝယ်ယူမည့်ပမာဏအား အတိအကျထုတ်ဖော်ခြင်းမပြုသော်လည်း ဒေါ်လာသန်း ၂၈၀ ခန့်ဖြစ်မည်ဟုဆိုသည်။

Primesense သည် Microsoft ၏ ပထမမျိုးဆက် Kinect ကိရိယာအတွက် SoC(System-on-a-Chip) များ ထောက်ပံ့ခဲ့သည့် ကုမ္ပဏီဖြစ်သည်။ Microsoft က 2012 ခုနှစ်တွင် Primesense ထံမှ SoC အားကိုယ်တိုင်ထုတ်လုပ်ရန်စီစဉ် ခဲ့သည်။ ထိုသို့ရပ်ဆိုင်းခဲ့သည့်အတွက် Primesense မှာအခက်အခဲနှင့် ကြုံတွေ့ခဲ့ပြီးဝန်ထမ်းလေးပုံတစ်ပုံခန့် လျှော့ချခဲ့ရသည်။ Apple က Primesense အားဝယ်ယူခြင်းမှာ Apple TV နှင့် iMac ကွန်ပျူတာများတွင် Kinect ကဲ့သို့ လက်ဟန်အမူအရာဖြင့် ထိန်းချုပ်သည့်စနစ်ထည့်သွင်းရန်ဖြစ်သည်ဟု သတင်းထွက်လျက်ရှိသည်။ အဆိုပါနည်းပညာအား Apple တွင် ပါဝင်လာဖွယ်ရှိသည်ဟုလည်း နည်းပညာအသိုက်အဝန်းက ယူဆလျက်ရှိသည်။

## Yahoo! ဝင်ငွေကျဆင်းသော်လည်း အမြတ်ငွေမြင့်တက်

Yahoo! ကုမ္ပဏီ၏ ယခုနှစ် ဒုတိယ သုံးလပတ်ဝင်ငွေသည် ယခင်နှစ်ကထက် လျော့ကျခဲ့သော်လည်း အမြတ်ငွေမြင့်တက်ခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။ အဆိုပါသုံးလပတ်အတွင်း Yahoo! ၏ ဝင်ငွေစုစုပေါင်းမှာ ဒေါ်လာ ၁. ၁၄ ဘီလီယံရှိပြီး ယခင်နှစ်ကထက် ၇% ကျဆင်းခဲ့ခြင်းဖြစ်သည်။ စီးပွားဖက်ကြော်ငြာရှင်များသို့ ခွဲဝေပေးရသည့် ငွေအားဖယ်ထုတ်လိုက်ပါက Yahoo! ၏ ဝင်ငွေမှာ ဒေါ်လာ ၁. ၀၇ ဘီလီယံကျန်ရှိမည်ဖြစ်ပြီး ယခင်နှစ်ထက် ၁% လျော့နည်းသွားခြင်းဖြစ်သည်။ ဝင်ငွေလျော့ကျသွားသော်လည်း အဆိုပါကာလအတွင်း Yahoo! ၏ အမြတ်ငွေမှာ ဒေါ်လာ ၃၃၁ သန်းအထိရှိခဲ့ပြီး ယခင်နှစ်ကအမြတ်ငွေ ဒေါ်လာ ၂၂၇ သန်းနှင့် နှိုင်းယှဉ်ပါက ၄၆% အထိ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်တစ်နှစ်က Yahoo! ၏ CEO အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည့် မာရီဆာမေယာက "အမြတ်ငွေတိုးလာခြင်းအတွက် အားတက်မိသည်" ဟု ပြောကြားခဲ့ပြီး Yahoo! အား ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှာ လမ်းကြောင်းမှန်ပေါ်တွင် တည်တည်ငြိမ်ငြိမ် လျှောက်လှမ်းနေပြီဟု ကုမ္ပဏီဝန်ထမ်းများထံပေးပို့သည့်စာတွင် ဖော်ပြထားသည်။ တစ်နှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် Yahoo! website အသုံးပြုသူအရေအတွက် တိုးမြင့်လာခဲ့သည်ဟု ဆိုသည်။ မေယာသည် Yahoo! CEO အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှုအများအပြား ပြုလုပ်ခဲ့သည်။

## Lenovo က Server ဈေးကွက်အား ထိုးဖောက်ရန်ပြင်ဆင်




PC ဈေးကွက်တွင် အောင်မြင်မှုရရှိလာသည့် Lenovo ကုမ္ပဏီသည် Server ဈေးကွက်တွင်ပါ ထိုးဖောက်နိုင်ရန်ပြင်ဆင်လျက်ရှိသည်။ လက်ရှိအချိန်တွင် အမေရိကန်ကုမ္ပဏီများဖြစ်သည့် HP, IBM နှင့် Dell တို့ စိုးမိုးထားသည့် server ဈေးကွက်အား ထိုးဖောက်နိုင်ရန် Lenovo သည် server software ထုတ်လုပ်သည့်ကုမ္ပဏီများနှင့် စီးပွားဖက်အဖြစ် သဘောတူညီမှုရရန် ကြိုးပမ်းလျက်ရှိသည်။ နာမည်ကျော်ဆော့ဖ်ဝဲလ်ကုမ္ပဏီ VMWare နှင့် သဘောတူညီမှု ရရှိခဲ့ကြောင်း ယခင်အပတ်ကကြေညာခဲ့သည်။ Lenovo ၏ Think Server ကွန်ပျူတာများတွင် VSphere ဆော့ဖ်ဝဲလ်အား တစ်ပါတည်း ထည့်သွင်းပေးသွားမည်ဖြစ်သည်။ Think Server ကွန်ပျူတာများမှာ အသေးစားနှင့် အလယ်အလတ်တန်း စီးပွားရေးလုပ်ငန်းများအတွက် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။ Lenovo အနေနှင့် Server ဈေးကွက်သို့ဝင်ရောက်ရန် ရည်ရွယ်သော်လည်း လက်ရှိတွင် အခြေခံ hardware ပိုင်းသာ ထုတ်လုပ်နိုင်သည်။ HP, IBM နှင့် Dell တို့မှာ hardware, software အပြင် အခြားဝန်ဆောင်မှုများပါ ထောက်ပံ့နိုင်စွမ်းရှိသဖြင့် ယှဉ်ပြိုင်နိုင်ရန် ပြင်းပြင်းထန်ထန်ကြိုးစားရမည်ဖြစ်သည်။

Lenovo က VMWare အပြင် အခြားကုမ္ပဏီများနှင့်ပါ သဘောတူညီမှုရရန် ကြိုးပမ်းလျက်ရှိသည်။ Lenovo က Server ဈေးကွက်သို့ဝင်ရောက်သော်လည်း ဆော့ဖ်ဝဲလ်နှင့် ဝန်ဆောင်မှုပိုင်းအတွက် hardware ပိုင်းကိုသာ အဓိကထားဆောင်ရွက်သွားမည်ဟု တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

# GAME REVIEW




**CIVILIZATION 5 : BRAVE NEW WORLD**
**DEVELOPER - FIRAXIS GAMES**
**PUBLISHER - 2K GAMES**
**GENRE - TURN-BASED STRATEGY**

Civilization ဂိမ်းဆိုတာ strategy ဂိမ်းလောကမှာတော့ အစဉ်အလာကြီးမားတဲ့ ဂိမ်းစီးရီးတစ်ခုပါ။ PC ဂိမ်းလောကရဲ့ လွှမ်းမိုးမှုအရှိဆုံး developer တစ်ဦးအဖြစ် သတ်မှတ်ခံရတဲ့ Sid Meier ရဲ့လက်ရာ ပထမဆုံး Civilization ဂိမ်းကို 1991 ခုနှစ်မှာ စတင်ထုတ်ဝေခဲ့ချိန်ကစပြီး ယနေ့အထိ အအောင်မြင်ဆုံးဂိမ်းစီးရီးတစ်ခုအဖြစ် ရပ်တည်နေပါတယ်။ Civ စီးရီးထဲမှာ နောက်ဆုံးထွက်ရှိထားတဲ့ အဓိကဗားရှင်းက Civ 5 ဖြစ်ပြီး ၂၀၁၀ခုနှစ်က ထွက်ခဲ့တာပါ။ Civ 4 မှာတုန်းက Controlပိုင်း ရှုပ်ထွေးမှုကြောင့် ဝေဖန်ခံခဲ့ရတာကိုပြုပြင်ပြီး အကောင်းဆုံးဖန်တီးနိုင်ခဲ့တဲ့အတွက် Civ 5 ဟာလည်း အောင်မြင်တဲ့ ဂိမ်းတစ်ခုဖြစ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ မူလ Civ 5 ဂိမ်းမှာ မပါဝင်ခဲ့တဲ့ ဘာသာကိုးကွယ်မှုတွေ၊ သူလျှိုတွေ ထည့်သွင်းပြီး Civ 5 : Gods & Kingsကို ထုတ်လုပ်ခဲ့ပါတယ်။ Gods & Kings ကလည်း လူကြိုက်များခဲ့ပြီး ယခုတစ်ခါ Civ 5 : Brave New World ကို ထပ်မံထုတ်လုပ်လိုက်ပြီ ဖြစ်ပါတယ်။

Brave New World မှာ အရင်ဂိမ်းတွေနဲ့ ကွဲပြားတာက ယဉ်ကျေးမှုအပိုင်းကို အသားပေးဖန်တီးထားတာပဲဖြစ်ပါတယ်။ ယခင်ဂိမ်းတွေမှာကတည်းက နိုင်ငံတည်ဆောက်ရာမှာ ယဉ်ကျေးမှုအပိုင်းကိုပါ မြှင့်တင်မှုတွေလုပ်ရပေမယ့် စစ်ရေးနဲ့ သိပ္ပံပညာတွေလောက် အရေးမပါခဲ့ပါဘူး။ ဒီဂိမ်းမှာတော့ ယဉ်ကျေးမှုနဲ့နိုင်ငံခြားဆက်ဆံရေးက အဓိကနေရာက ပါဝင်လာပါတယ်။ အရင်ဂိမ်းတွေတုန်းက ဂိမ်းအစနဲ့အလယ်ပိုင်းက ပိုအရေးပါပြီး ဂိမ်းအလယ်ပိုင်းမှာ အားသာတဲ့ သူက ဂိမ်းအဆုံးမှာ အနိုင်ရသွားလေ့ရှိပါတယ်။ ဒီဂိမ်းမှာတော့ ဂိမ်းရဲ့အဓိက အားပြိုင်မှုတွေက နောက်ဆုံးမှရောက်လာမှာပါ။ ဂိမ်းနောက်ပိုင်းရောက်လေ စိတ်လှုပ်ရှားစရာကောင်းလေ ဖြစ်လာပါတယ်။

> Brave New World မှာ ပါဝင်လာတဲ့ အဓိကပြောင်းလဲမှု နောက်တစ်ခုက ကုန်သွယ်လမ်းကြောင်းတွေပါ။ အရင်ကလို ကိုယ့်မြို့အချင်းချင်းလမ်းဖောက်ဆက်သွယ်ထားတဲ့ ကုန်သွယ်လမ်းကြောင်းမျိုးမဟုတ်တော့ပဲ အခြားနိုင်ငံတွေကမြို့တွေကို ကုန်တင်လှည်းတွေ၊ ကုန်သင်္ဘောတွေနဲ့ ကုန်သွယ်ရတဲ့လမ်းကြောင်းတွေပါ။ ကုန်သွယ်တဲ့မြို့တွေရဲ့ အကွာအဝေးနဲ့ထွက်ရှိတဲ့ကုန်ပစ္စည်းတွေပေါ်မူတည်ပြီး ဝင်ငွေပမာဏကွာခြားသွားမှာ ဖြစ်ပါတယ်

Brave New World မှာ ပါဝင်လာတဲ့ အဓိကပြောင်းလဲမှု နောက်တစ်ခုက ကုန်သွယ်လမ်းကြောင်းတွေပါ။ ယခင်ကလို ကိုယ့်မြို့အချင်းချင်းလမ်းဖောက်ဆက်သွယ်ထားတဲ့ ကုန်သွယ်လမ်းကြောင်းမျိုးမဟုတ်တော့ပဲ အခြားနိုင်ငံတွေကမြို့တွေကို ကုန်တင်လှည်းတွေ၊ ကုန်သင်္ဘောတွေနဲ့ ကုန်သွယ်ရတဲ့လမ်းကြောင်းတွေပါ။ ကုန်သွယ်တဲ့မြို့တွေရဲ့ အကွာအဝေးနဲ့ထွက်ရှိတဲ့ကုန်ပစ္စည်းတွေပေါ် မူတည်ပြီး ဝင်ငွေပမာဏကွာခြားသွားမှာ ဖြစ်ပါတယ်။

အရင်ဂိမ်းတွေမှာ ဝင်ငွေရဖို့အတွက် မြို့ပတ်ဝန်းကျင်က ကုန်ထုတ်လုပ်ငန်းတွေ၊ အဆောက်အအုံတွေကို အဓိကအားထားကစားရတာဖြစ်ပြီး ဒီဂိမ်းမှာကုန်သွယ်လမ်းကြောင်းတွေက အဓိကငွေဝင်လမ်း ဖြစ်လာပါတယ်။ ကုန်သွယ်ရေးကောင်းတဲ့ နိုင်ငံနဲ့ မကောင်းတဲ့နိုင်ငံရဲ့ ဝင်ငွေကွာဟမှုက ကြီးမားတဲ့အတွက်ကုန်သွယ်ရေးဟာ မဖြစ်မနေလုပ်ဆောင်ရတဲ့ကိစ္စ ဖြစ်လာ ပါတယ်။

ကုန်သွယ်ရေးလမ်းကြောင်းတွေဟာ ငွေအများအပြားရနိုင်တဲ့ နည်းလမ်းဖြစ်ပေမယ့် လွယ်လွယ်နဲ့ရ တာတော့မဟုတ်ပါဘူး။ ကုန်သွယ်လမ်းကြောင်းတစ်လျှောက်မှာ ကြားဖြတ်လုယက်သူတွေ ပေါ်လာလေ့ရှိပါတယ်။ ကုန်သွယ်လမ်းကြောင်းလုံခြုံရေးအတွက် စစ်တပ်တွေထုတ်ပြီး ကာကွယ်ဖို့လိုပါတယ်။ ကုန်သွယ်လမ်းကြောင်းရှည်ရင် စစ်တပ်များများလိုလာပြီး ကုန်သွယ်လို့ရမယ့်ဝင်ငွေနဲ့ စစ်တပ်တွေရဲ့ စရိတ်ကိုချိန်ဆဖို့လိုလာပါတယ်။ ကုန်သွယ်လမ်းကြောင်းတွေဟာ ဝင်ငွေတစ်ခုတည်းအတွက် အသုံးဝင်တာမဟုတ်ပဲ ဘာသာရေးနဲ့ယဉ်ကျေးမှုတွေ လျင်လျင်မြန်မြန် ပျံ့နှံ့ဖို့ကိုပါ အသုံးဝင်ပါတယ်။

ဒီဂိမ်းထဲမှာ ယဉ်ကျေးမှုပိုင်းအရ အောင်နိုင်သူဖြစ်ဖို့ အခြားနိုင်ငံတွေကို ကိုယ့်နိုင်ငံရဲ့ယဉ်ကျေးမှုက လွှမ်းမိုးနိုင်ရမှာဖြစ်ပါတယ်။ ဒီဂိမ်းမှာ great person အသစ်တွေပါဝင်လာပြီး ယဉ်ကျေးမှုတိုးတက်ရေးအတွက် အရေးပါတဲ့သူတွေဖြစ်ပါတယ်။ ကိုယ့်နိုင်ငံကယဉ်ကျေးမှုတွေ အခြားနိုင်ငံကိုလွှမ်းမိုးနိုင်တဲ့ အထိရောက်ဆုံးနည်းလမ်းက ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းပါ။ ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုလေးမြင့်လာပြီး ကမ္ဘာလှည့်ခရီးသည်တွေ များလာတာနဲ့အမျှ အခြားနိုင်ငံတွေအပေါ် ယဉ်ကျေးမှုပိုင်းအရ လွှမ်းမိုးလာနိုင်မှာဖြစ်ပါတယ်။

နိုင်ငံခြားဆက်ဆံရေးကလည်း အရင်ကထက်ပိုမိုအရေးပါလာပါတယ်။ World Congress မှာ မဲခွဲပြီး နိုင်ငံတစ်ခုခုကို ကုန်သွယ်ရေးပိတ်ဆို့တာ၊ အရေးယူတာတွေလုပ်နိုင်တဲ့အတွက် အခြားနိုင်ငံတွေနဲ့ဆက်ဆံရေးကောင်းပြီး လွှမ်းမိုးနိုင်ဖို့လိုပါတယ်။

ဒီဂိမ်းထဲမှာ ပိုလန်၊ ဇူလူး၊ အင်ဒိုနီးရှားနဲ့ ဘရာဇီးတို့အပါအဝင် နိုင်ငံအသစ် ကိုးခုပါဝင်လာပါတယ်။ နိုင်ငံတွေအလိုက် ယူနစ်အသစ်တွေဝင်လာပြီး ယူနစ်အဟောင်းအချို့ကိုလည်း ယဉ်ကျေးမှုနဲ့ကုန်သွယ်ရေးကို အသားပေးတဲ့ပုံစံနဲ့ကိုက်ညီအောင် ပြုပြင်ထားပါတယ်။ Wonder အသစ်တွေလည်းပါဝင်လာပါတယ်။ ဒါပေမယ့် Gods & Kings ထဲက လူကြိုက်များတဲ့ ယူနစ်အချို့ ပြန်မပါလာတာတော့ နည်းနည်းဘဝင်မကျစရာကောင်းပါတယ်။

ဂိမ်းရဲ့ ဂရပ်ဖစ်ပိုင်းက အရင် Civ 5 ကိုပဲ အခြေခံထားတဲ့အတွက် နောက်ဆုံးပေါ်အဆင့်တော့ မဟုတ်ပါဘူး။ Brave New World ရဲ့ တမူထူးခြားဆန်းသစ်ထားတဲ့ပုံစံကြောင့် strategy ဂိမ်းပရိသတ်တွေ သေချာပေါက်ကစားကြည့်သင့်တဲ့ ဂိမ်းဖြစ်ပါတယ်။

# LATEST GAMES

## Android New Games




### 1 Mini Motor Racing

Requires Android - 2.3.3 and up
File Size - 200 MB

အရုပ်ကားလေးတွေပြိုင်ရတဲ့ဂိမ်းဖြစ်ပါတယ်။ အရုပ်ကားတွေကို စိတ်တိုင်းကျပြင်ဆင်အဆင့်မြှင့်နိုင်ပြီး ပြေးလမ်း ၂၀ မှာ ယှဉ်ပြိုင်ရမှာပါ။ Wifi နဲ့ ချိတ်ဆက်ပြီး ကစားသူလေးဦးအထိ multiplayer ကစားနိုင်ပါတယ်။




### 2 Skiing Fred

Requires Android - 2.2 and up
File Size - 37 MB

နှင်းတောထဲမှာ စကိတ်စီးပြီး သတ်မှတ်ထားတဲ့နေရာကိုသွားရတဲ့ဂိမ်းပါ။ လမ်းတစ်လျှောက် အတားအဆီးတွေကိုရှောင်ရှားပြီး စတန့်ပြကွက်အမျိုးမျိုး ပြုလုပ်ရမှာပါ။




### 3 Boulder Dash - XL

Requires Android - 2.3 and up
File Size - 36 MB

လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်က လူကြိုက်များခဲ့တဲ့ puzzle ဂိမ်းလေးကို ဂရပ်ဖစ်ဖန်တီးမှုအသစ်နဲ့ Android အတွက် ပြန်ထုတ်ထားတာပါ။ မြေအောက်လှိုဏ်ခေါင်းထဲမှာ ရတနာတွေလိုက်ရှာရမှာဖြစ်ပြီး Level 100 ပါဝင်ပါတယ်။




### 4 Aviation Empire

Requires Android - 2.3 and up
File Size - 36 MB

လေကြောင်းလိုင်းတစ်ခုတည်ထောင်ပြီး စီမံကွပ်ကဲရတဲ့ဂိမ်းပါ။ ၁၉၁၉ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အတွင်း ခေတ်အဆက်ဆက် လေယာဉ်မျိုးစုံ ပါဝင်ပါတယ်။





### 5 Glory of Generals HD

Requires Android - 2.2 and up
File Size - 49 MB

ဒုတိယကမ္ဘာစစ်အတွင်း တိုက်ပွဲတွေမှာ ပါဝင်တိုက်ခိုက်ရတဲ့ strategy ဂိမ်းပါ။ စစ်မြေပြင် လေးခုမှာ တိုက်ခိုက်ရမှာဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်း နာမည်ကျော် ဗိုလ်ချုပ်ကြီးတွေအဖြစ် ကစားရမှာပါ။

## Game Specification




**Dark**

Genre - Stealth,Action
CPU - Core 2 Duo 2.0GHz
RAM - 2 GB
VGA - 256 MB
HDD Space - 5GB+




**Mortal Kombat Komplete Edition**

Genre - Versus Fighting
CPU - Core 2 Duo 2.2GHz
RAM - 2 GB
VGA - 512 MB
HDD Space - 14GB+

## Hot Game in this Week

**PACIFIC RIM**




**THE SMURFS 2**




GAME Hive
Video Games
Sales & Service No.93, 39th St (Lower Block)
09-73118550,09-450041500
(http://www.facebook.com/groups/gamehive)



# Laptop Corner

# Toshiba Satellite U920t Convertible Ultrabook

Toshiba ရဲ့ Premier Series ဖြစ်တဲ့ Satellite U920t Ultrabook ဟာ tablet လိုတစ်မျိုး၊ Laptop လိုတစ်ဖုံ အသုံးပြုနိုင်တဲ့ Convertible Ultrabook ဖြစ်ပါတယ်။ Windows 8 ကို အသုံးပြုထားတာကြောင့် touch စနစ်နဲ့အသုံးပြုနိုင်တဲ့ ဒီ ultrabook ဟာ ထူးခြားတဲ့အတွေ့အကြုံသစ်ကို ခံစားရစေမှာဖြစ်ပါတယ်။ ၀.၇၈ လက်မအထူသာရှိပြီး အလေးချိန် ၃.၂ ပေါင်သာရှိလို့ Ultra-slim လို့ အမည်နာမသတ်မှတ်နိုင်မယ့် U920t မှာ အသုံးချနိုင်စွမ်းမြင့်မားစေဖို့ ချိတ်ဆက်စရာ port အစုံအလင်နဲ့ အနာဂတ်မှာထွန်းကားလာနိုင်တဲ့ ကြိုးမဲ့ချိတ်ဆက်မှုနည်းပညာဖြစ်တဲ့ NFC လည်း ပါဝင်ပါတယ်။ Windows 8 အသစ်ပါဝင်လာတာဖြစ်လို့ Apps အသစ်တွေကို အသုံးပြုနိုင်မယ့်အပြင် backward compatibility ဖြစ်လို့ ယခင် X86 application တွေကိုလည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။

**Two Device In One**

Ultrabook တစ်လုံးရဲ့စွမ်းဆောင်ရည်နဲ့ tablet တစ်လုံးရဲ့ သယ်ဆောင်အသုံးပြုရလွယ်ကူမှုကို ပေါင်းစပ်ပေးထားတဲ့ U920t ကို slide လျှောပြီး ထုတ်ရတဲ့ဒီဇိုင်းပုံစံမျိုးနဲ့ တည်ဆောက်ထားတာဖြစ်ပါတယ်။ ဒါကြောင့် ယနေ့ခေတ်ရဲ့နောက်ဆုံးပေါ် နည်းပညာမျိုးစုံပါဝင်တဲ့ ဒီ Ultrabook ကိုနေရာဒေသနဲ့ ပတ်ဝန်းကျင်မရွေး အဆင်ပြေပြေ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။



**Effortless Efficiency**

Windows 8 ရဲ့ Interface က touch စနစ်ကို အသားပေးထားတာဖြစ်လို့ပုံစံနှစ်မျိုးလုံး အသုံးပြုလို့ရတဲ့အတွက် လုပ်ငန်းစွမ်းဆောင်ရည်ကို ချောမွေ့ပြီးမြောက်နိုင်ဖို့ ဒီ Ultrabookက အာမခံချက်ပေးထားပါတယ်။ Touch panelက လက်၅ချောင်းအထိအာရုံခံသိရှိတာကြောင့် အလုပ်လုပ်ရာမှာပဲဖြစ်ဖြစ်၊ ဂိမ်းဆော့ကစားတဲ့နေရာတွေမှာပါ အဆင်ပြေဆုံးဖြစ်နေတာ တွေ့ရပါတယ်။ 1366 x768 pixel resolution ရတဲ့ ၁၂.၅ လက် မအရွယ် screen ကို စင်းရာခြစ်ရာနဲ့ ပြုတ်ကျတဲ့ဒဏ်တွေကိုခံနိုင်တဲ့Corning Gorilla Glassနဲ့ဖုံးအုပ်ပေးထားပါတယ်။






**Fast Performance**

3rd Generation Intel Core ပရိုဆက်ဆာကို Solid State Drive နဲ့ တွဲဖက်အသုံးပြုမှာဖြစ်တာကြောင့် start-up time အလွန်လျင်မြန်မယ့်အပြင် Intel ရဲ့ Rapid Start နည်းပညာပါ ပူးပေါင်းပါဝင်ထားပါတယ်။ RAM ပမာဏ 4GB က application အမြောက်အများကို တစ်ပြိုင်နက် run နိုင်ဖို့ လုံလောက်တဲ့စံနှုန်းဖြစ်ပြီး စွမ်းဆောင်ရည်ကစင်းလုံးချောကောင်းမွန်နေမှာဖြစ်ပါတယ်။ သွားရင်းလာရင်း အလုပ်လုပ်နိုင်ဖို့ ဒီ Ultrabook မှာ သက်တမ်းကြာရှည်ခံတဲ့ ဘက်ထရီကိုထည့်ပေးထားပါတယ်။

**Other Features**

USB 3.0 port ၂ ခုနဲ့ HDMI port ၁ ခုပါဝင်တာကြောင့် screen ကြီးမားတဲ့ TV တွေနဲ့ချိတ်ဆက်ကာ 1080 p Full HD အရည်အသွေးနဲ့ ပုံရိပ်တွေကိုခံစားခွင့်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် လုံခြုံစိတ်ချရတဲ့ data လွှဲပြောင်းမှုနည်းပညာဖြစ်တဲ့ NFC ပါဝင်မှု၊ ပြင်ပအလင်းရောင်ကိုလိုက်ပြီး screen ကို အလင်းအမှောင်ချိန် ညှိပေးတဲ့ ALS sensor, accelerometer, magnetometer, gyroscope, GPS စတာတွေအစုံအလင်ပါဝင်မှုကြောင့် ဘက်စုံအသုံးဝင်တဲ့ Ultrabook တစ်ခုလို့ ဆိုနိုင်ပါလိမ့်မယ်။

## 1 ASUS VIVO Book S550CB-CJ190H



Performance မြင့်မားမှု၊ ဒီဇိုင်းသေသသပ်လှပမှု၊ ပေါ့ပါးပြီးသယ်ဆောင်ရလွယ်ကူမှု၊ အကြမ်းခံမှုတွေ ပေါင်းစပ်ထားတဲ့ notebook ဖြစ်ပါတယ်။ နောက်ဆုံးထွက်ရှိထားတဲ့ 2.0GHz အမြန်နှုန်းရှိ Core i7 Processor ကို အသုံးပြုထားပြီး memory 4GB ပါဝင်တာကြောင့် ဂိမ်းများ၊ ဆော့ဖ်ဝဲလ်များကို စိတ်ကြိုက်အသုံးပြုနိုင်မှာပါ။ Storage အားဖြင့် SATA 750GB အပြင် ပိုမိုလျင်မြန်စွာအသုံးပြုနိုင်တဲ့ 24GB SSD ပါ ထည့်ပေးထားပါတယ်။ ဂရပ်ဖစ်အတွက်လည်း Nvidia GT 740M (2GB) ပါဝင်လို့ ဂိမ်းအမြင့်များကို ဆော့ကစားနိုင်မှာပါ။ Screen အကျယ်က 15.6 လက်မရှိပြီး အခြား feature တွေလည်း ပါဝင်ပါတယ်။

**Price- 989 USD**

**Contact- 01-226664**

## 2 Lenovo Z500



14" မျက်နှာပြင်ပါဝင်ပြီး စမတ်ကျကျ ဒီဇိုင်းနဲ့ တည်ဆောက်ထားပါတယ်။ Intel Core i7 processor သုံးထားပြီး 2.2 GHz အမြန်နှုန်းရှိပါတယ်။ RAM ပမာဏ 4GB ပါဝင်ပြီး DDR3 အမျိုးအစားပါ။ Nvidia Geforce GT645M သုံးထားပြီး၊ ဂရပ်ဖစ်မမ်မိုရီ 2GBပါဝင်တဲ့အတွက် 3D ဂိမ်းတွေ၊ HD ရုပ်ရှင်တွေကို နိုင်နိုင်နင်းနင်း ကိုင်တွယ်နိုင်ပါတယ်။ အချက်အလက်သိုလှောင်ဖို့ 1TB ပမာဏရှိ SATA HDD ပါဝင်ပါတယ်။ HDMI, USB3.0, Wifi, Bluetooth တွေ စုံစုံလင်လင်ပါဝင်ပြီး 4 cell Li-ion ဘတ်ထရီသုံးထားပါတယ်။ နောက်ပြီး Intel HM 65 Express Chipset အမျိုးအစားကို အသုံးပြုထားပါတယ်။

**Price- 879 USD**

**Contact- 09-73171212**

## 3 MSI GE60 OND




ကောင်းမွန်တဲ့အရည်အသွေး၊ သေသပ်လှပတဲ့ဒီဇိုင်းနဲ့တည်ဆောက်ထားပြီး 15.6 လက်မအကျယ်မျက်နှာပြင် ပါဝင်ပါတယ်။ အသုံးပြုထားတဲ့ Intel Core i7 Processor က 2.3GHz အမြန်နှုန်းရှိပြီး 8GB DDR3 RAM ပါဝင်တဲ့အတွက် စွမ်းဆောင်ရည်ပိုင်းလည်း အကောင်းဆုံးစာရင်းဝင်ပါ။ ဂရပ်ဖစ်မမ်မိုရီ 2GB ပါဝင်တဲ့ Nvidia GeForce GTX660M သုံးထားတဲ့အတွက် နောက်ဆုံးပေါ်ဂိမ်းတွေကို အမြင့်ဆုံး settingsနဲ့ စိတ်ချလက်ချ ကစားနိုင်ပါတယ်။ အချက်အလက်သိုလှောင်ဖို့ 750 GB SATA HDD ပါဝင်ပြီး optical driveအနေနဲ့ကတော့ DVD R/W ပါဝင်ပါတယ်။

**Price- 1,100 USD**

**Contact- 09-73171213**

## 4 Acer Aspire V5 571PG



စွမ်းဆောင်ရည်မြင့်မားတဲ့ 1.8 GHz အမြန်နှုန်းရှိ Intel Core i5 CPU ကို အသုံးပြုထားပါတယ်။ Memory က 4GB DDR3 ဖြစ်ပြီး Data သိုလှောင် ဖို့ Hard disk ကတော့ 750GB အထိ ပါဝင်ပါတယ်။ ဂိမ်းအမြင့်တွေ ဆော့ကစားနိုင်တဲ့ 1GB DDR3 Nvidia Graphic Card နဲ့အတူ 15.6" အထိ ကြီးမားကျယ်ပြန့်တဲ့ LCD Display ပါဝင်ပါတယ်။ DVD Writer, Bluetooth, Webcam, Cardreader, HDMI port, USB 3.0 စတဲ့ Peripheral တွေလည်း စုံစုံလင်လင်ပါဝင်ပါတယ်။ ကွန်ရက်ချိတ်ဆက်ဖို့ Gb-LAN အပြင် Wifi ပါ အသုံးပြုနိုင်ပါတယ်။ ဘက်ထရီကတော့ 4-cell Li-ion အမျိုးအစားဖြစ်ပါတယ်။

**Price- 820 USD**

**Contact- 09-73171214**


Giving Shape to Ideas
www.facebook.com/gandamar.mm
KONICA MINOLTA
Trade In Your Old Riso*
Just Pay 1,000,000 Ks/-
Duplo
of Japan
Fast Speed
Lowest Per Print Cost
Highest Quality
Duprinter (Digital Copy Printer)
* for working condition only
Different Price for not working condition
Trade In Your Old Copier*
850,000 ➡ 650,000
MULTI-FUNCTION COPIER
bizhub 164
A3 Copier/ Printer/ Scanner
* for working condition only
Different Price for not working condition
ALL-IN-ONE COLOR LASER PRINTER
magicolor 1600W
Color Laser Printer
magicolor 1690MF
All-In-One Color Laser
Print/ Copy/ Scan/ Fax/ Network/ ADF
ALL-IN-ONE MONO LASER PRINTER
Page Pro 1380MF
All-in-One Laser
(Print/Copy/Scan)
Page Pro 1590MF
All-in-one Mono
(Print/Copy/Scan/Fax)
Network Ready
Panasonic
Projector & Professional Display
GBC
of USA
Laminator
Binder
Shredders
XGA 1024 x 768 dpi
PJ Link Remote Operation
DayLight View
5000 hours Lamp Life
Authorized Distributor:
Hot Line : 383932, 383934
GANDAMAR O.A. & Business System
YGN : No. 18-24, Kun Gyan Road, Aung San Stadium Bldg. (S)
gandamar.mm@gmail.com
NPT : No.(166),Thiri Yadanar Shopping Complex 067-421212
YGN Authorized Dealers
Technoland : 73024327
Unique : 391789
Idea Link : 376212
King Power : 385824
King Empire : 386433
I.C.E : 215353
Eastern Computer: 398224
Golden Rain : 383659
Smart Computer : 389112
TPP : 385501
WAI YAN : 400775
Matrix (II) : 250084
Chan Mon : 243133
Lin Thuzar : 377373
T-LAND : 382868
ADT : 388918
123 : 373061
Asia Tech : 374410
One Year Parts & Service Warranty
Online Dealer: www.zaythegyi.com , www.zawgyimart.com
Free Delivery in Yangon
Moneywar Authorized Dealer
NG Link Computer: 09-400401948
Mawlamyaing Authorized Dealer
057 24167
Mandalay Authorized Dealers
IWTC : 09-402612808
ME Computer: 09-6810648
T-Land : 09-6807466
NTG : 02-39406
Future Link : 09-49220232
Magway Authorized Dealer
063-26704
Loikaw Authorized Dealer
Nice Computer & Mobile: 09-41007631
J & K: 083-21302
Technoland: 09-910 24812
Printer City : 02-23255
INNWA : 02-71108
Matrix : 02-68182
Taunggyi Authorized Dealer
09-431060000
TEQ : 09-5215759
:095213125
NayPyiTaw Authorized Dealer
: 067- 414782
Global Gateway : 067-422433
: 09-425013838
Printer Point : 09-5275795


msi
Notebook
MSI recommends Windows 8.
GAMING SERIES,
THE BEST SELLING BRAND IN MYANMAR
GT70 2OC
• Intel® Latest New 4th Generation
Core™ i7 - 4700 MQ (2.4 GHz) Processor
• The high-end nVIDIA GTX770M GDDR5 3GB
GEFORCE GTX
Super RAID 2
Cooler Boost 2
MATRIX DISPLAY
Windows 8
$ 1999
msi Genuine Local Warranty
2 Years Parts
3 Years Service
Royal Smart Trading Co., Ltd.
Top Player - Top Choice
MSI Gaming Series
intel inside CORE i7
Authorized Distributor :
ROYAL SMART TRADING CO., LTD.
No.158, 36th St (Middle), Kyauktada Tsp., Yangon.
Tel : 01-240110, 09-730 20981
www.msi.com
MSI Gaming Series Notebook powered by 4th Generation Intel® Core™ i7 processor
Intel, the Intel logo, Centrino, Centrino Inside, Intel Core and Core Inside are trademarks of Intel Corporation in the U.S. and other countries. For more information about the Intel processor feature rating, please refer to www.intel.com/go/rating.

acer
explore beyond limits™



ASPIRE V5
SPECIAL DISCOUNT
SEASON
Don't Miss the Chance!

**Aspire** | V5-471G

3rd Gen Ivy Bridge
Intel® Core™ i3-3227U Processor
NVIDIA® GeForce® 710M 2GB VRAM,
4GB DDR3, 500GB HDD
14-inch HD Acer CineCrystal™ LED LCD
DVD-Super Multi Drive, Card Reader,
USB 3.0, HDMI, Webcam,
Bluetooth 4.0, Acer Nplify 802.11 a/g/n
Wi-Fi CERTIFIED, LAN/VGA Combo Port
4 cells Li-ion Battery

Price USD ~~579~~, 559

intel inside CORE i3

**Aspire** | V5-471G

3rd Gen. Ivy Bridge
Intel® Core™ i5-3337U Processor
NVIDIA® GeForce® 710M 2GB VRAM,
4GB DDR3, 500GB HDD,
14-inch HD Acer CineCrystal™ LED LCD
DVD R/W, Card Reader, USB 3.0, HDMI,
Webcam, Bluetooth 4.0, Acer Nplify
802.11 a/g/n Wi-Fi CERTIFIED,
LAN/VGA Combo Port
4 cells Li-ion Battery

Price USD ~~669~~, 619

intel inside CORE i5



Power play | Slender and suave | 2 YEARS WARRANTY PARTS & SERVICE

ရွှေလမင်းနဂါးကုမ္ပဏီမှ တင်သွင်းဖြန့်ချီသော Acer Products များကို မြန်မာနိုင်ငံတဝှမ်း အမြို့မြို့အနယ်နယ်ရှိ Computer ဆိုင်များတွင် ဈေးနှုန်းချိုသာမှန်ကန်စွာဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

Authorized Distributor : Shwe Lamin Nagar Co., Ltd.
No.570, Strand Road (Corner of Lanthit Street),
Lanmadaw Township, Yangon, Myanmar.

Ph : 01-2300087/88, 01-221683, 01-217233,
www.sln-myanmar.com, www.facebook.com/acer.mm

**Acer Dealer Shops (Yangon)**

| | |
|---|---|
| ASIA TECH | Ph : 392951, 392952, |
| Citicom | Ph : 374544, 376564, |
| iCE | Ph : 228805, 215353, |
| IDEA LINK | Ph : 376212, 73026840 |
| INNWA COMPUTER | Ph : 391511, 398297 |
| KING EMPIRE | Ph : 386925, 398129 |
| KSW COMPUTER | Ph : 01 246837, 09 5041298 |
| Life Mark | Ph : 391691 |
| technoland | Ph : 73024327, 73024328, |
| UNIQUE | Ph : 391789, 73171212 |

**Acer Dealer Shops (Mandalay)**

| | |
|---|---|
| INNWA COMPUTER | Ph : 02-71108, 02-73078 |
| KSW COMPUTER | Ph : 02-24577 |
| MAT | Ph : 02-88632, 02-72679 |
| ME | Ph: 02-74322, 09-6810683, |
| MyCom | Ph : 02-69309 |
| technoland | Ph : 09 91024812 |

| | | |
|---|---|---|
| Acer Dealer Shop (Nay Pyi Taw) | LINN | Ph : 067-22884 |
| Acer Dealer Shop (Myit Kyi Nar) | Min Khaing Electronics & PC | Ph : 074-28019 |
| Acer Dealer Shop (Lashio) | mst Computer Sales & Service | Ph : 09 5278610 |
| Acer Dealer Shop (Mawlamyine) | Double K | Ph : 057-21217, 057-22657 |
| Acer Dealer Shop (Pyay) | Wise Power | Ph: 053-26350 |
| Acer Dealer Shop (Taunggyi) | Cyber Space Computer | Ph : 081-2123101 |

Authorized Distributor : Shwe Lamin Nagar Co., Ltd. Ph : 01-2300087, 01-2300088, 01-221683.